# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၆)


# အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပေးနေသည့်ကိစ္စရပ်များ ဆွေးနွေး

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဖောင်ဒေးရှင်းရုံးချုပ်မှ ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် အာရှဖောင်ဒေးရှင်းရုံးချုပ်မှ ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ် ၃၂ ဦးပါ အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပေးနေသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

## တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ နေရပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိ

စာ-၉

## အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ပါရှိ

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။

## မွန်ပြည်နယ်သို့ ပြည်ပခရီးသွားဧည့်သည် နှစ်သိန်းကျော် ဝင်ရောက်ခဲ့

**မော်လမြိုင် ဖေဖော်ဝါရီ ၂**


မွန်ပြည်နယ်အတွင်းသို့ ၂၀၁၇ ခုနှစ် တစ်နှစ်လုံး ပြည်ပခရီးသွားဧည့်သည် နှစ်သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

နှစ်စမှ နှစ်ကုန်အထိ ကာလအတွင်း ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၁၆၃၈၄ ဦးရှိခဲ့ပြီး ပြည်တွင်းဧည့်သည်မှာ ၂၉၉၄၆၀၀ ဝင်ရောက်ခဲ့သည်။

“ခရီးသွား ဧည့်သည်က တစ်နှစ်ထက်တစ်နှစ် များလာနေတယ်၊ ရာခိုင်နှုန်းအနေနဲ့ပြောရရင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်းကတော့ ယခင်နှစ်ထက် ၃၆ ရာခိုင်နှုန်းလောက် တိုးလာတာကိုတွေ့ရတယ်” ဟု တာဝန်ရှိသူ ဦးသန်းထွဋ်ခိုင်က ပြောသည်။

ပြည်ပခရီးသွားဧည့်သည်များတွင် ထိုင်းနှင့် ပြင်သစ်နိုင်ငံသားများ အများဆုံး ဝင်ရောက်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များမှာ ဆံတော်ရှင်ကျိုက်ထီးရိုး၊ ဗျိုင်းနှစ်ကောင်၊ ဝင်းစိန်တောရ၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေသို့ အများဆုံးဝင်ရောက်မှုရှိနေပြီး ရေးမြို့နယ်မှ ကဗျာဝကမ်းခြေကို စိတ်ဝင်စားမှုရှိသော်လည်း နိုင်ငံခြားသား ဝင်ရောက်မှုကိုမူ လုံခြုံရေးအရ ကန့်သတ်ထားသည့်အတွက် အဝင်နည်းခဲ့ကြောင်း၊ ပြည်ပခရီးသွား ဧည့်သည်များ ဝင်ရောက်မှု ပိုမိုများပြားလာစေရန် ဒေသတွင်းရှိ ရိုးရာလက်မှုပညာလုပ်ငန်းများ အဆင့်တိုးမြှင့်ခြင်း၊ သဘာဝထုတ်ကုန်များ အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းအပြင် တိုင်းရင်းသားဓလေ့ အစားအသောက်များကို ထုပ်ပိုးမှုပုံစံအရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

# ချင်းတိုင်းရင်းသားစာပေ သင်ကြားရန်အတွက် ဆရာ ဆရာမ ၃၃၀ ကျော် ခန့်အပ်

**မကွေး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီးအတွင်း ချင်းတိုင်းရင်းသားစာပေ သင်ကြားရန်အတွက် သင်တန်းဆင်း လက်မှတ်ရ နေ့စားလပေး ဆရာ ဆရာမ ၃၃၀ ကျော် ခန့်ထားပြီးဖြစ်သည်ဟု မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလှထွန်းထံမှ သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မြို့နယ် ၁၃ မြို့ရှိ အခြေခံပညာအထက်တန်းများ၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်၍ ဆရာ ဆရာမများအား ခန့်ထားခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

"ဘွဲ့ရ လုပ်သက်တစ်နှစ်က မူလတန်းပြ စသင်ရတယ်၊ တိုင်းရင်းသားစကား နားလည်ရတယ်၊ ဗမာစကားတတ်ရတယ်၊ KG ပညာရေးစာအုပ်ကို မြန်မာနိုင်ငံပညာရေးဌာန သင်ပြနည်းအတိုင်း သင်ပြရတယ်၊ မြန်မာစာ၊ တိုင်းရင်းသားစာပေနဲ့ သိမှတ်ဖွယ်ရာ ယဉ်ကျေးမှုကို ဂုဏ်ယူစွာ သင်ကြားနိုင်ဖို့ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ချင်းတိုင်းရင်းသားစာပေ သင်ကြားရန်အတွက် ဆရာ ဆရာမများကို ခန့်ထားရာ၌ အသက် ၁၈ နှစ်အထက် နဝမတန်းအောင်နှင့် အသက် ၃၅ နှစ်အတွင်း ဘွဲ့ရများကို သတ်မှတ်ခန့်ထားခြင်းဖြစ်သည်။ မကွေးတိုင်းဒေသကြီး အတွင်း၌ ချင်းလူမျိုးပေါင်း ၄၁ သိန်းကျော်ရှိပြီး ချင်းလူမျိုးဦးရေသည် ၂၅ ဒသမ ၄၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ယင်း ချင်းတိုင်းရင်းသားစာပေ သင်ကြားပေးရန်အတွက် လျှောက်ထားသူ ၅၀၁ ဦးရှိပြီး နေ့စားလပေး ဆရာ ဆရာမများကို ဂန့်ဂေါမြို့နယ်တွင် ခုနစ်ဦး၊ မင်းဘူးမြို့နယ် တောင်မန်းဒေသတွင် တစ်ဦး၊ စေတုတ္တရာတွင် အရှိုချင်းစာပေသင်ကြားရန် ၂၆ ဦးနှင့် ဥပ္ပူးချင်းစာပေသင်ကြားရန် ၅၉ ဦး၊ ငဖဲမြို့နယ်တွင် ၄၃ ဦး၊ အောင်လံမြို့နယ်တွင် ၂၈ ဦး၊ ကံမမြို့နယ်တွင် ၂၈ ဦး၊ မင်းတုန်းမြို့နယ်တွင် ၂၄ ဦး၊ မင်းလှမြို့နယ်တွင် ၁၉ ဦး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကိုးဦး၊ ဂန့်ဂေါမြို့နယ်တွင် ဟားခါးစာပေသင်ကြားရန် ၃၈ ဦး၊ ဇိုတုန်စာပေသင်ကြားရန် ၂၇ ဦး၊ ထီးလင်းမြို့နယ်တွင် ဇိုတုန်နှင့် ချိုစာပေသင်ကြားရန် နှစ်ဦးနှင့် ဆောမြို့နယ်တွင် ဥပ္ပူးချင်းစာပေသင်ကြားရန် ၃၇ ဦးခန့်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# မုံရွာ-ကျောက္ကာသွား လမ်းပေါ်ရှိ သစ်ပင်များ ကျဲသွားသဖြင့် အစားထိုးစိုက်ပျိုးရန် လိုအပ်လာ

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ယခင်က စိုက်ပျိုးခဲ့သည့် မုံရွာ-ကျောက္ကာသွားလမ်းပေါ်မှ သစ်ပင်ကြီးများသည် ယခုအခါ နည်းပါးသွားခဲ့ခြင်းကြောင့် အရိပ်ရနှစ်ရှည်ပင်များအား သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အထောက်အကူဖြစ်စေရန် ပြန်လည်အစားထိုးစိုက်ပျိုးသင့်ကြောင်း ဆိုသည်။

ရှေးကာလက ကုက္ကိုပင်၊ တမာပင်၊ ထနောင်းပင်များကို တစ်ပင်နှင့် တစ်ပင် ၄၅ ပေခြား အတန်းလိုက် စနစ်တကျ စိုက်ပျိုးထားရှိခဲ့ရာ နေရောင်မပေါက် အရိပ်ရသစ်ပင်တန်းကြီးမှာ မုံရွာမြို့ အဝင်အထွက် အလွန်ကျက်သရေရှိလှစွာ မြင်တွေ့ရကြောင်း၊ ခေတ်ကာလများပြောင်းလဲလာပြီး လမ်းများတိုးချဲ့ကာ ကတ္တရာလမ်းခင်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းလာခြင်းတို့ကြောင့် သစ်ပင်များ နည်းပါးလာခဲ့သည်။ ယခုအခါ သစ်ပင်ကြီး သက်တမ်းကြီးမြင့်လာပြီး သစ်ကိုင်းများကျိုးကျခြင်း၊ ယာဉ်အန္တရာယ်၊ လူအန္တရာယ်ဖြစ်စေနိုင်မည့် လက္ခဏာများရှိလာနေသဖြင့် မြို့နေတာဝန်ရှိသူများ ကြီးကြပ်စိစစ်ပေးစေချင်သည်။ အရိပ်ရပင်များ၊ အစားထိုးနှစ်ရှည်ပင်များ စိုက်ပျိုးခြင်းဖြင့် လမ်းကြံ့ခိုင်မှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းမှုကို နှစ်သက်သည့် ခရီးသွားများ၊ ဒေသခံပြည်သူများက လိုလားလျက်ရှိကြသည်။ **ငွေအိုး (ကသာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ . ၁ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

မြန်မာ့အလင်း

# လွှတ်တော်ကိုယ်စားလှယ်တို့၏ အလုပ်လမ်းညွှန်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က " ဒီမိုကရေစီ အစ လွှတ်တော်က"ဟုဆိုက မမှားနိုင်ကြောင်း ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေးနှင့် နိုင်ငံတော် တည်ငြိမ်ရေးအတွက် လွှတ်တော်၌ ဥပဒေပြဋ္ဌာန်းရပြီး ထိုကဲ့သို့ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုအနှံ့အပြားမှ လွှတ်တော်ကိုယ်စားလှယ်တို့က ပြည်ထောင်စုတစ်ခုလုံးအတွက် ညှိနှိုင်းဆောင်ရွက်ကြရပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ပါတီအဖွဲ့အစည်းအသီးသီးက လွှတ်တော်ကိုယ်စားလှယ်တို့ ပါဝင်နေသည်ဖြစ်၍ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်တို့သည် မတူကွဲပြားမှုကို အသိအမှတ်ပြုလက်ခံလျက် ပြည်ထောင်စုအတွက် လိုအပ်လျက်ရှိသည့် ညီညွတ်မှုကို ရယူရမည်ဟု မိန့်ကြားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤကဲ့သို့ မိန့်ကြားခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ထောက်ပြခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဒီမိုကရေစီစနစ်သည် ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်သော်လည်း ပြည်သူလူထုကို လေးစားရန် အားအပေးဆုံးစနစ်ဖြစ်သည်ဟူသော မိန့်ဆိုချက်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နှလုံးသွင်းရမည့် ခံယူချက်သဘောထား ဖြစ်ပါသည်။

နိုင်ငံရေးလုပ်စားသောပုဂ္ဂိုလ်နှင့် နိုင်ငံ့အရေးအတွက် လုပ်ပေးသောပုဂ္ဂိုလ်တို့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခွဲခြားပြသခဲ့ခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်တိုင်းက သတိပြုဆင်ခြင်ရမည်ဖြစ်ပါသည်။ နိုင်ငံရေးလုပ်စားသော ပုဂ္ဂိုလ်တို့သည် နောက်ရွေးကောက်ပွဲကို ပန်းတိုင်အဖြစ် သဘောထားသော်လည်း နိုင်ငံ့အရေးဆောင်ရွက်လိုသော ပုဂ္ဂိုလ်တို့သည် နောက်ရွေးကောက်ပွဲအား နောက်မျိုးဆက်တို့အတွက် ဆောင်ရွက်ပေးမည့် အထောက်အကူတစ်ရပ်အဖြစ် သဘောထားကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့ရှိ တာဝန်ရှိပုဂ္ဂိုလ်တို့သည် ယုံကြည်မှုအပေါ် အခြေခံသည့် ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် အမှားအယွင်းမရှိစေရန် အပြန်အလှန် ထိန်းညှိပေးရမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လေးလေးနက်နက် ထောက်ပြခဲ့ပါသည်။ ဤကဲ့သို့ ထောက်ပြခဲ့သည့် အချက်ကို နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ပုဂ္ဂိုလ်တိုင်းက နှလုံးသွင်း ကျင့်သုံးရမည် ဖြစ်ပါသည်။

အတိုက်အခံပုဂ္ဂိုလ်၊ အတိုက်အခံပါတီဆိုသော စကားလုံးတို့နှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အတိုက်အခံဟူသည် နိုင်ငံအကျိုးအတွက် ကူညီသင့်က ကူညီရမည်၊ လက်တွဲသင့်က လက်တွဲရမည်၊ ထောက်ပြသင့်က ထောက်ပြရမည်၊ ဝေဖန်သင့်က ဝေဖန်ရမည်။ ရန်သူဟု သဘောမထားရ၊ မတူကွဲပြားမှုအပေါ် ညီညွတ်မှုကို ထူထောင်ရမည်"ဟု ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်တိုင်းသည် ကိုယ့်နိုင်ငံသားအချင်းချင်းဟူသော စိတ်ဓာတ် ခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဟု ညွှန်ပြခဲ့ခြင်းသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၏ အရေးပါသော အချက်တစ်ရပ်ကို ညွှန်ပြလိုက်ခြင်း ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ကြားသည့် "ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တို့က ရှေ့ကနေရန်လိုက ရှေ့ကနေပါ၊ နောက်ကကာရန်လိုက နောက်ကကာပါ၊ ဘေးကရံရန်လိုက ဘေးကရံပါ"ဟူသော ညွှန်ကြားချက်သည် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အလုပ်လမ်းညွှန်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများနှင့် ဥပဒေပြုရေး ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အမေရိကန်အခြေစိုက် အာရှဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးမှု အခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာရှဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နေမှု ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် အာရှဖောင်ဒေးရှင်းအဖွဲ့၏ ဘုတ်အဖွဲ့ဝင်များ၊ အမှုဆောင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့မှု၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အပိုင်း သုံးပိုင်းဖြစ်သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံခန့်ခွဲခြင်းတို့ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့အား ဆွေးနွေးပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ကိုယ်စားလှယ်အဖွဲ့မှ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တွေ့ကြုံလာနိုင်မည့် စိန်ခေါ်မှုများ၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းစဉ်များ၌ သတင်းအချက်အလက်နည်းပညာ အသုံးပြု၍ ကူညီဆောင်ရွက်ပေးနိုင်ခဲ့မှု၊ နောင်ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲများတွင် ဆက်လက်ပံ့ပိုးကူညီပေးနိုင်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အာရှဖောင်ဒေးရှင်းအဖွဲ့၏ ဘုတ်အဖွဲ့ဝင်များ၊ အမှုဆောင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့များအား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂**

အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၃၅ သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီး၏ နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယ သမ္မတနိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနား ကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ညအပူချိန်များ တိုးလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ရှစ်ခုနှင့် အတည်ပြုမိန့် သုံးခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေး စိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့် ရရှိပြီးသော ကုမ္ပဏီများက တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ခွင့်ပြုမိန့် ရှစ်ခုနှင့် အတည်ပြုမိန့် သုံးခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့သည်။

**သတင်းစဉ်**



# တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ပထမပိုင်းလေ့ကျင့်





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) လေ့ကျင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၂

**နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ရည်မှန်း၍ သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်သည့် စွမ်းရည်မြင့်မားလာစေရန်အတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်တွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) လေ့ကျင့်ဆောင်ရွက်နေမှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါလေ့ကျင့်ခန်းသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊



တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ပြည်တွင်း သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ လေ့ကျင့်ခန်းအဖွဲ့ခေါင်းဆောင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တေဇကျော်က ဖြစ်စဉ်အကြောင်းအရာ အဖွင့်အား Powerpoint ၊ သဲမြေပုံများဖြင့် ရှင်းလင်းတင်ပြပြီး တိုက်စစ်နှုတ်မိန့်ပေးမှု၊ သက်ဆိုင်ရာ ကြည်း၊ ရေ၊ လေ တပ်မမှူးများ၏ မိမိတို့နှင့် သက်ဆိုင်သည့် လေ့ကျင့်ခန်းများအား တိုက်စစ်နှုတ်မိန့်ပေးမှုနှင့် ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြမှုတို့ကို ကြည့်ရှုသည်။

**တိုက်စစ်လေ့ကျင့်ခန်းပြုလုပ်**

ထို့နောက် Joint Operation Command Center အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း (ဆင်ဖြူရှင်)မှ ခြေလျင်၊ သံချပ်ကာ ပူးပေါင်း၍ တပ်ရင်းအဆင့် တိုက်စစ်လေ့ကျင့်ခန်းပြုလုပ်နေမှုကို ကြည့်ရှုကြသည်။

ယင်းလေ့ကျင့်ခန်းတွင် ရဟတ်ယာဉ်ဖြင့် အမြောက်ချိတ်ဆွဲ ရွှေ့ပြောင်းခြင်း၊ ခြေလျင်၊ တင့်ပူးပေါင်း၍ ရန်သူကို ချေမှုန်း တိုက်ခိုက်ပြီး ရည်မှန်းချက်ကို သိမ်းပိုက်ခြင်းများ ဆောင်ရွက်လေ့ကျင့်ခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မအဆင့် တိုက်စစ်ပြုလုပ်မည့် ရှုရပ်သို့ ရောက်ရှိကြပြီး လေ့ကျင့်ခန်းပြုလုပ်မှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းလေ့ကျင့်ခန်းတွင် အတွဲလိုက်ဒုံးများ ပစ်ခတ်ခြင်း၊ တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ရန်သူ့ပစ်မှတ် အသီးသီးအား ကြိုတင်ချေမှုန်းခြင်း၊ ခြေလျင်တပ်များက ထိုးဖောက်ဝင်ရောက်၍ ရန်သူကို ချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးအား သိမ်းပိုက်ခြင်း လေ့ကျင့်မှုကို ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် စစ်မြေပြင်ထောက်ပံ့ရေးစခန်းများနှင့် ရွှေ့လျားစစ်မြေပြင်ဆေးရုံ တပ်စု ခုတင်-၂၀ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး ဒုတိယပိုင်းလေ့ကျင့်ခန်းအား ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းစီမံခန့်ခွဲမှု တိုးတက်စေရေးနှင့် မွေးမြူရေးအဆင့်မြှင့်ရန် ယူရို ၂၂ သန်းခွဲ စီမံချက်စတင်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ငါးလုပ်ငန်းဦးစီးဌာန၊ ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့မှာ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ပိုမိုတိုးတက်လာစေရန်နှင့် ရေနေသတ္တဝါမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ယူရိုငွေ ၂၂ ဒသမ ၅ သန်းရှိသည့် အစီအစဉ်တစ်ခုကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကြောင်း သိရသည်။

**စတင်အကောင်အထည်ဖော်**

ဗီတာမင်နှင့် သတ္တုဓာတ်တို့များစွာ ထွက်ပေါ်ရာအရင်းအမြစ်များဖြစ်သည့် ငါးနှင့် ပင်လယ်စာတို့မှာ မြန်မာနိုင်ငံ၏ ပင်တိုင်အစားအစာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများမှာ ဆန်အတွက် ငွေကြေးသုံးစွဲသလောက်ပင် ငါးအတွက်လည်းသုံးစွဲကြကြောင်း သိရသည်။ သို့သော် ယခုရရှိနေသည့်ငါးအများစုမှာ သဘာဝငါးကောင်ရေ လက်ကျန်မှရရှိခြင်းဖြစ်ပြီး ပြည်တွင်းငါးစားသုံးမှု၏ ၂၀ ရာခိုင်နှုန်းမှာ ရေသတ္တဝါနှင့် ငါးမွေးမြူရေးများမှ ရရှိခြင်းဖြစ်သည်။ အဏ္ဏဝါနှင့် ပြည်တွင်း ငါးဖမ်းလုပ်ငန်းများအား ရေရှည်တည်တံ့နိုင်မည့် စီမံခန့်ခွဲမှုမျိုး မပြုလုပ်နိုင်ခြင်းကြောင့် သဘာဝငါးကောင်ရေမှာ လျော့နည်းကျဆင်းလာပြီး အထူးသဖြင့် မြန်မာလူဦးရေ ၇၀ ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသများတွင် အစာအာဟာရနှင့် ဝင်ငွေရရှိမှုတို့ကို ခြိမ်းခြောက်လျက်ရှိသဖြင့် ယခုအစီအစဉ်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အီးယူမှ သိရှိရသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ငါးလုပ်ငန်းဦးစီးဌာန၊ ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့မှာ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ပိုမိုတိုးတက်လာစေရန်နှင့် ရေနေသတ္တဝါ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ယူရိုငွေ ၂၂ ဒသမ ၅ သန်းရှိသည့် အစီအစဉ်တစ်ခုကို တရားဝင် စတင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MY-SAP) မှာ ရေနေသတ္တဝါမွေးမြူရေးကို ပိုမိုအားကောင်းကာ အခွန့်ရှည်တည်တံ့အောင်ဆောင်ရွက်ခြင်းနှင့် အစာအာဟာရဓာတ်မပြည့်ဝစေသည့် အကြောင်းရင်းများကို ဖြေရှင်းကိုင်တွယ်သွားမည်ဆိုသည့် အစိုးရ၏စီမံချက်ကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။

**အလုပ်အကိုင်များဖန်တီးပေး**

"MYSAP ဟာ ကလေးသူငယ်များနဲ့ အစာအာဟာရအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်သလို၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုကို နှိုးဆွပေးမှာဖြစ်ပြီး ပတ်ဝန်းကျင်ကိုအကျိုးဖြစ်ထွန်းစေကာ အစိုးရရဲ့ စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်စေမှာဖြစ်ပါတယ်"ဟူ၍ MYSAP မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များစွာကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Kristian Schmidt က ပြောကြားသည်။

MYSAP မှာ မြန်မာနိုင်ငံတွင် အားလုံးပါဝင်မှုရှိ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ရေသတ္တဝါမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာန၊ အဖွဲ့အစည်းပိုင်းဆိုင်ရာနှင့် မူဝါဒရေးရာမူဘောင်တစ်ရပ်ဖြစ်သည့် အမျိုးသားရေသတ္တဝါ မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း (NADP)အတွက် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီ ဖြစ်သည်။ ရေသတ္တဝါမွေးမြူရေးတန်ဖိုးမြှင့်လုပ်ငန်းစဉ် value chain တွင်ပါဝင်နေသည့် မွေးမြူရေးသမားများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်း SMEs များ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ပညာရှင်အသိုင်းအဝိုင်း၊ သုတေသီများစသည့်ပါဝင်ပတ်သက်နေသူအားလုံးတို့နှင့် တိုင်ပင်ဆွေးနွေးကာ NADP အားအကောင်အထည်ဖော်သွားမည်ဖြစ်သည်။



"ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေကတော့ ငါးမွေးမြူသူတွေအနေနဲ့ ဈေးငွေပိုမိုရရှိစေဖို့နဲ့ ငါးလုပ်ငန်းကဏ္ဍမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနဲ့ အပြိုင်အဆိုင် တိုးပွားလာအောင် ဆောင်ရွက်ခြင်းအားဖြင့် အစားအသောက်ဖူလုံမှု၊ ပြည်ပပို့ကုန် ပိုမိုတိုးတက်လာစေရေးနဲ့ ကျေးလက်ဒေသ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းတွေ ပိုမိုထွက်ပေါ်လာစေရေးဆိုတဲ့ ရည်မှန်းချက်တွေပဲဖြစ်ပါတယ်"ဟူ၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ရှင်းပြခဲ့သည်။

MYSAP စီမံကိန်းအား ဂျာမနီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **ခင်ရတနာ**

## အလိုအလျောက် မိုးလေဝသ တိုင်းထွာရေးစက် တပ်ဆင်

**မင်းကင်း ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးဝန်းအတွင်း၌ ဖေဖော်ဝါရီ ၂ ရက်က အလိုအလျောက် မိုးလေဝသတိုင်းထွာရေးစက် (Automaticweather observation system) တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါစက်မှာ အီတလီနိုင်ငံထုတ် စိုထိုင်းဆနှင့် အပူချိန်(အမြင့်ဆုံး၊ အနိမ့်ဆုံး)လေဖိအား၊ နေရောင်ခြည်၊ လေတိုက်ရာအရပ်၊ လေတိုက်နှုန်း၊ မိုးရေချိန်နှုန်းဖြစ်မှတ်စသည်တို့ကို အလိုအလျောက် တိုင်းထွာမည့်စက်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ





ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့ ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ယာဉ်ရပ်နားကွင်း အနီး၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ထမနဲထိုးပြိုင်ပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ ကြည့်ရှုအားပေးကြသည်။

**ပါဝင်ယှဉ်ပြိုင်**

ထမနဲထိုးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးကိုယ်စားပြုအသင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကိုယ်စားပြုအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ်စားပြုအသင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီး ဌာန ကိုယ်စားပြုအသင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်စားပြုအသင်းတို့က စည်းလုံးညီညွတ်မှု အားကောင်းကောင်းဖြင့် မြိုင်ဆိုင်တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနကိုယ်စားပြု အသင်းက ပထမ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကိုယ်စားပြုအသင်းက ဒုတိယ၊ ဝန်ကြီးရုံး ကိုယ်စားပြုအသင်းက တတိယရရှိကြပြီး ဆုရရှိသော အသင်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ပြိုင်ပွဲဝင်အသင်းများကို ဝန်ထမ်းများက အိုးစည်ဗုံမောင်းများ တီးခတ်၍ အကအခုန်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် အားပေးခဲ့ကြသည်။

**သတင်းစဉ်**

## တောင်ငူ၌ စာအုပ် ဈေးရောင်းပွဲတော်ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၂**

တောင်ငူမြို့ မိုင်ဒါအားကစားကွင်းရှေ့ ရန်ကုန်-မန္တလေးပုံမှန် ကားလမ်းမကြီးဘေးပလက်ဖောင်းပေါ်၌ စာအုပ်ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ကျင်းပခဲ့သည်။

စာအုပ်ဈေးရောင်းပွဲတော်သို့ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ လာရောက်အားပေးဝယ်ယူကြကာ စာအုပ်ဈေးရောင်းပွဲတော် ဖြစ်မြောက်ရေးအတွက် စီစဉ်ပေးခဲ့သူ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းက “စာပေချစ်သူတွေအတွက် ပြုလုပ်ပေးတဲ့ပွဲပါ၊ စာအုပ်စာပေကို တစ်နေရာတည်းမှာ အလွယ်တကူရရှိနိုင်အောင်၊ ကလေးတွေကို ဒီလိုမျိုးစာအုပ်တွေ ရှိတယ်ဆိုတဲ့အကြောင်း၊ ကလေးတွေအတွက် စာဖတ်ခန်းမှာလည်း အင်္ဂလိပ်စာနဲ့ အထွေထွေ ဗဟုသုတရစရာတွေ၊ ရှေးဟောင်းစာပေတွေ၊ ပုံပြင်စာအုပ်တွေ ဖတ်လို့ရအောင် စီစဉ်ထားပါတယ်” ဟု ပြောကြားသည်။

**ခင်းကျင်းရောင်းချ**

ယင်းနောက် စာအုပ်ဈေးရောင်းပွဲတော်သို့ လာရောက်ဝယ်ယူသည့် စာပေချစ်သူ ကိုမိုးဝင်းဇော်က “ ဒီလိုမျိုး ရှားပါးစာအုပ်တွေ စိတ်ကြိုက် စုံစုံလင်လင် ဝယ်ယူခွင့်ရခဲ့လို့ အလွန်ဝမ်းသာတယ်၊ လူတွေ ဖုန်းတွေအစား စာအုပ်တွေကို တန်ဖိုးထားပြီး စာတွေ ဖတ်လာမယ်လို့ထင်တယ်၊ ဝယ်ယူဖတ်သင့်တဲ့ စာအုပ်တွေ အများကြီး တွေ့ရတယ်၊ ကျွန်တော်ကတော့ ရှေးဟောင်းစာအုပ်တွေနဲ့ ဥပဒေနဲ့ပတ်သက်တဲ့ စာအုပ်တွေဝယ်ခဲ့တယ်” ဟု ပြောပြသည်။

အဆိုပါပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပရောင်းချသွားမည်ဖြစ်ကာ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပဲခူးမြို့များမှ စာအုပ်ဆိုင် ၆၅ ဆိုင် လာရောက်ခင်းကျင်းရောင်းချခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**



**စာပေမြင့်မှ လူမျိုးတင့်မည်**

## လှုပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာ့ရိုးရာအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ တိုးပွားစေရန်ရည်ရွယ်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် စုပေါင်း ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက ရုံးအမှတ်(၂၇) နေပြည်တော်၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင် အသင်းသူ၊ အသင်းသားများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ၏ ပျော်ရွှင်စွာ ထမနဲထိုး ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများက ဆုရရှိသော ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်မြို့နယ် ပညာရေးမှူးရုံးမိသားစု ထမနဲထိုးပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပညာရေးမှူးရုံး မိသားစု ဒုတိယအကြိမ် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် လှိုင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ အုပ်စုအဖွဲ့ ရှစ်ဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ငွေကျပ် ခုနစ်သောင်း၊ ဒုတိယဆု ငွေကျပ် ခြောက်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့်အထူးဆု ငါးဆုအား ငွေကျပ် သုံးသောင်းစီချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန္တာမေ(ပြန်/ဆက်)**

### နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ **မိုး/ဇလ**

## ဆဒ့ုံး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒီဂျစ်တယ်စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် ဆဒ့ုံးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများအား ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်က စတင်၍ လွှင့်အား 50 W၊ လှိုင်းနှုန်းချန်နယ် E-22 ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို ဆဒ့ုံးမြို့နှင့် နီးစပ်ရာ ကျေးရွာများဖြစ်သည့် နော့လန်၊ ဝူလိုင်၊ အထက်ရှမ်းနှင့် ပီဇော်ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူရရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်ဖြည့်ဆည်းနိုင်မှု အချိတ်အဆက်

## သိန်းလွင်

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် စွမ်းအင်ဖြည့်ဆည်းနိုင်မှု အခြေအနေအပေါ် များစွာတည်မှီနေသည်။ ထို့အပြင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို လိုလားပါက စွမ်းအင်ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်မှုသာမက သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းရန်လည်း လိုအပ်သည်။


ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် “3 Es” မှာ အထူးအရေးပါလှသည်။ ယင်းတို့မှာ-

(က) Economic Development


(ခ) Energy Supply Security နှင့်

(ဂ) Environment Sustainability တို့ဖြစ်ကြသည်။


အိမ်နီးချင်းထိုင်းနိုင်ငံ၏ အတွေ့အကြုံအရ GDP growth rate နှင့် Energy Consumption တို့၏ဆက်စပ်မှုမှာ အောက်ပါအတိုင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်-




အလားတူပင် ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့၏ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်သော စွမ်းအင်သုံးစွဲမှုနှင့် GDP (PPP) ဆက်စပ်မှုကို အောက်ပါအတိုင်းတွေ့ရှိရသည်-




အထူးသဖြင့် ကမ္ဘာ့ဇာတ်ခုံကြီးပေါ်တွင် အရှိန်အဟုန်နှင့် တိုးတက်လာနေသော တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် စွမ်းအင်သုံးစွဲမှု (GDP Vs Energy Consumption) ၁၉၇၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရသည်-





Ref:(1) Energy Consumption form BP statistical Review 2017

(2) GDP on PPP Basic WB.

အထက်ပါပုံကို သေချာစွာလေ့လာပါက Total Energy consumption မှာ GDP ၏ ရှေ့တွင် ဦးဆောင်ဦးရွက်ပြုနေကြောင်း ထင်ရှားစွာတွေ့မြင်ရမည် ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၂၀၁၃ ခုနှစ်အတွက် သုံးစွဲသော လောင်စာအမျိုးအစားအလိုက် လျှပ်စစ်ဓာတ်အားတပ်ဆင်မှုမှာ အောက်ပါအတိုင်းဖြစ်သည် -





**ကျောက်မီးသွေးအဓိက**

အထက်ပါ Pie chart ကို လေ့လာပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် အဓိကအားဖြင့် -


ကျောက်မီးသွေးကို ၆၃ ရာခိုင်နှုန်း၊

ရေအားကို ရာခိုင်နှုန်း ၂၂ သုံးစွဲနေသည်။

အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကျောက်မီးသွေးထုတ်လုပ်မှုနှင့် သုံးစွဲမှုမှာ ကမ္ဘာပေါ်တွင် အမြင့်မားဆုံးဖြစ်ပြီး တစ်ကမ္ဘာလုံးကျောက်မီးသွေးသုံးစွဲသူ၏ ထက်ဝက်ပမာဏခန့် ဖြစ်သည်။





ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် ကျောက်မီးသွေးကို အမြောက်အမြားသုံးစွဲခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှုမှာလည်း ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် လေထုညစ်ညမ်းမှုမှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အကြီးအကျယ် ဖြစ်ပေါ်နေသည်။





နိုင်ငံခေါင်းဆောင်များအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးကို အရှိန်အဟုန်မြင့် တိုးတက်အောင်ဆောင်ရွက်ရာတွင် လိုအပ်သော အဓိကမောင်းနှင်အားဖြစ်သည့် လျှပ်စစ်ဓာတ်အားကို ပြည်တွင်းထွက် ကျောက်မီးသွေးအပေါ် အဓိကထားဆောင်ရွက်ခြင်း ဖြစ်သည်။ ကျောက်မီးသွေးကို အများအပြားသုံးစွဲခြင်းဖြင့် ဆိုးကျိုးအဖြစ် ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကြုံတွေ့ရပါသည်။ သို့ရာတွင် စီးပွားရေးတိုးတက်မှု ခိုင်မာလာသည့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆိုးရွားစွာခံစားနေရသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ပြန်လည်ကြိုးပမ်းသည့်အနေနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုများပြားသည့် စက်ရုံဟောင်း ၅၀၀၀ ခန့်ကို ဖျက်သိမ်းပြီး ပိုမိုခေတ်မီသည့် စက်ရုံများနှင့် အစားထိုးခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်၊ လေအားတို့ ပိုမိုတိုးတက်သုံးစွဲခြင်းနှင့် အဏုမြူစွမ်းအင်သုံးစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။


**ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့်သုံးစွဲမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-




ပြည်တွင်းရေနံစိမ်းထုတ်လုပ်မှုမှာ ပြည်တွင်း သုံးစွဲမှုအတွက် လုံလောက်ခြင်း မရှိသဖြင့် ပြည်ပမှ အောက်ပါအတိုင်း တင်သွင်းရသည်-




ထိုသို့ တင်သွင်းရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနှင့် စွမ်းအင်လုံခြုံစိတ်ချရမှု (Energy Supply Security) ရရှိစေရန် **တစ်နိုင်ငံတစ်ဖွဲ့တည်းမှ တင်သွင်းခြင်းမဟုတ်ဘဲ** တတ်နိုင်သမျှ နိုင်ငံစုံမှ ဖြန့်ခွဲတင်သွင်းနေကြောင်း တွေ့ရှိရသည်။

ဥပမာအားဖြင့် ၂၀၁၄ ခုနှစ်တွင် အိုပက်ခေါ် ရေနံထုတ်လုပ်သူများ အဖွဲ့အစည်းဝင် ၁၂ နိုင်ငံအနက် ဆော်ဒီအာရေဗျ၊ အင်ဂိုလာ၊ အီရတ်၊ အီရန်၊ ဗင်နီဇွဲလား၊ ယူအေအီး၊ ကူဝိတ် စသည့်အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံမှ ရေနံစိမ်း တင်သွင်းမှု စုစုပေါင်း၏ ၅၈ ရာခိုင်နှုန်းကို တင်သွင်းပြီး ကျန်ရေနံစိမ်း ၄၂ ရာခိုင်နှုန်းကို အိုပက်အဖွဲ့ဝင် မဟုတ်သည့် ရုရှား၊ အိုမင်၊ ကိုလံဘီယာ၊ ကွန်ဂို၊ ဘရာဇီး၊ တောင်ဆူဒန်၊ ကာဇက်စတန် စသည့်နိုင်ငံမှ ခွဲဝေတင်သွင်းခြင်းဖြစ်သည်။

တစ်ဦးတစ်ဖွဲ့တစ်နိုင်ငံတည်းမှသာ တင်သွင်းလျှင် စီးပွားရေး၊ နိုင်ငံရေးအခြေအနေအပြောင်းအလဲဖြစ်ပေါ်လာပါက ရေနံစိမ်းရရှိမှု ပြတ်တောက်နိုင်သည်ကို ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားခြင်းဖြစ်သည်။

**သဘာဝဓာတ်ငွေ့ကဏ္ဍ**

အလားတူပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်သော သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုတွင်လည်း **အိုပက်အဖွဲ့ဝင်** ကာတာ ၃၄ ရာခိုင်နှုန်း၊ နိုင်ဂျီးရီးယား ၂ ရာခိုင်နှုန်း၊ အယ်လ်ဂျီးရီးယား ၂ ရာခိုင်နှုန်းနှင့် စုစုပေါင်း ၃၈ ရာခိုင်နှုန်းသာ တင်သွင်းပြီး အိုပက်အဖွဲ့ဝင်မဟုတ်သော အင်ဒိုနီးရှား ၁၂ရာခိုင်နှုန်း၊ ဩစတြေးလျ ၁၉ ရာခိုင်နှုန်း၊ ယီမင် ၅ ရာခိုင်နှုန်း၊ ဂီနီ ၄ ရာခိုင်နှုန်းတို့မှ ခွဲဝေတင်သွင်းထားကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၉ သို့*

# စက်မှုလယ်ယာစနစ် အောင်မြင်ရန် အဆင့်မြင့်ကောက်မျိုးများ ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၂

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **"ကျေးရွာအဆင့် မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ" များကို ပြည်သူလူထုမှ တိုင်ကြားမှုနှင့် ပတ်သက်၍ မည်သို့စစ်ဆေးဖြေရှင်းပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မေးခွန်းတွင် ဖော်ပြထားသည့် ခတ္တိယကျေးရွာ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီသည် အသင်းသားများ၏ ငွေကြေးအား အလွဲသုံးစားပြုလုပ်သည်ကို အရေးယူ ဆောင်ရွက်ပေးပါရန် တိုင်ကြားစာနှင့် ပတ်သက်၍ မြောင်းမြခရိုင် ကျေးလက်ဦးစီးမှူးနှင့် အိမ်မဲမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့မှ ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း။

### ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှုမရှိ

ထိုသို့ စစ်ဆေးရာတွင် ပထမနှစ်နှင့် ဒုတိယနှစ်တွင် အသင်းသားများသို့ ချေးငွေတစ်ပြေးညီ ထုတ်ချေးခဲ့သော်လည်း ၂၀၁၇ - ၂၀၁၈ တတိယနှစ် စက်ဝန်းတွင် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေ နှုန်းထား မတူညီမှုအား ကော်မတီအနေဖြင့် အသင်းသားများ သိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ အသိပေးချပြမှု မရှိခြင်းကြောင့် အများစုမှ ကျေလည်မှုမရှိခြင်း၊ ချေးငွေများအား ထုတ်ချေးပေးရာတွင် ခြောက်လစာ အတိုးငွေများအား ကြိုတင်ဖြတ်တောက်ရယူခဲ့ခြင်းမှာ စီမံကိန်းလက်စွဲစာစောင်ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း။

ထို့ကြောင့် ကြိုတင်ကောက်ယူထားသော အတိုးရငွေများအား အသင်းသားများထံ ပြန်လည်ပေးအပ်ရန်၊ အမှန်ထုတ်ချေးမှု စာရင်းအတိုင်း စာရင်းဇယားများတွင် အမှန်ပြုစုရေးသွင်းရန်၊ လက်ရှိကော်မတီအနေဖြင့် ငွေကြေးအလွဲသုံးစားပြုလုပ်ထားခြင်း မရှိသော်လည်း ချေးငွေထုတ်ချေးမှုများအား ပွင့်လင်းမြင်သာစွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ပြဋ္ဌာန်းချက်၊ စည်းမျဉ်း၊ စည်းကမ်းအရ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ချေးငွေစာရင်းဇယားများ တည့်မတ်ပြင်ဆင်ပြီးချိန်တွင် ကျေးရွာပြည်သူများ၏ ဆန္ဒသဘောထားများဖြင့် ကျေးရွာကော်မတီအသစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကျုံတလုတ်ကျေးရွာတွင်လည်း စီမံကိန်း ကျေးရွာကော်မတီဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့သည် ရန်ကုန်မြို့တွင် သွားရောက်အလုပ်လုပ်ကိုင်သဖြင့် ၎င်းကော်မတီဝင်များအစား ကော်မတီဝင်အသစ်များကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ပြန်လည်ရွေးချယ်ခဲ့ပြီး ချေးငွေများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် လူဦးရေ ၁၁၉ ဦး၊ ချေးငွေကျပ် ၃၂၃ သိန်းကို ပြန်လည် ထုတ်ချေးပေးပြီး ဖြစ်ပါကြောင်း။

စီမံကိန်းကျေးရွာများ၏ အခက်အခဲနှင့် စာရင်းထိန်းသိမ်းမှု အားနည်းချက်များအား ဖြေရှင်း ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ယူကြီးကြပ်မှု အပိုင်းအနေဖြင့် ကျေးလက်ဦးစီးဌာန (ရုံးချုပ်)မှ မူဝါဒနှင့် လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များအပေါ် အခြေခံ၍ ကြီးကြပ်စစ်ဆေးပြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများအနေနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ်တွင် အဆင့်ဆင့်အနီးကပ် ကြီးကြပ်စစ်ဆေး ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့နယ်ဝန်ထမ်းတစ်ဦးလျှင် ကျေးရွာငါးရွာကို ကြီးကြပ်ရန် တာဝန်ပေးထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များက ကြီးကြပ်စစ်ဆေးရာတွင် ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းများဖြင့် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### နွေစပါးစိုက်ပျိုးနိုင်ရန်

ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ပေါင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးသည့် တောင်သူများ၏ စိုက်ပျိုးမြေများ ရေဖူလုံစွာရရှိရေးအတွက် ကတိုက်ဆည်မှ ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့် နည်းလမ်းသစ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပေါင်မြို့နယ်အတွင်းရှိ ကတိုက်ရေလှောင်တမံမှ သိုလှောင်ရေဖြင့် စိုက်ပျိုးရေ အခက်အခဲမရှိဘဲ နွေစပါးစိုက်ပျိုးနိုင်ရန်၊ တောင်သူအချင်းချင်း ရေပေးရေယူ ပဋိပက္ခများ ဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်ရန်နှင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အောင်ရေအထိ ရေပေးဝေနိုင်ပြီး အောင်မြင်ဖြစ်ထွန်းနိုင်ရန်အတွက် အတတ်နိုင်ဆုံး လျာထားသော စိုက်ဧက ၁၆၉၇၃ ဧကကို ကတိုက်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုနှင့် အောက်ဘက်ရှိ ရင်းငြိမ်ရေထိန်းတံခါးမှ ရေသိုလှောင်ထိန်းသိမ်းနိုင်မှုတို့နှင့် တွဲဖက်ပြီး ရေပေးဝေရန် စီမံဆောင်ရွက်ထားပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်



ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်

**"တောင်သူအချင်းချင်း ရေပေးရေယူ ပဋိပက္ခများ ဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်ရန်နှင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အောင်ရေအထိ ရေပေးဝေနိုင်ပြီး အောင်မြင်ဖြစ်ထွန်းနိုင်ရန်အတွက် အတတ်နိုင်ဆုံးလျာထားသော စိုက်ဧက ၁၆၉၇၃ ဧကကို ကတိုက်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုနှင့် အောက်ဘက်ရှိ ရင်းငြိမ်ရေထိန်းတံခါးမှ ရေသိုလှောင်ထိန်းသိမ်းနိုင်မှုတို့နှင့် တွဲဖက်ပြီး ရေပေးဝေရန် စီမံဆောင်ရွက်"**

### တောင်သူလယ်သမားများကိုသင်တန်းပေး

ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၏ **တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် အများပြည်သူ စိတ်ပါဝင်စားပြီး လုပ်ကိုင်လိုစိတ်ရှိလာစေရန် တာဝန်ရှိသူ အဆင့်ဆင့်က ကျေးလက်ဒေသအထိ အနီးကပ်ကြီးကြပ် အသိပညာပေးရေးနှင့် လိုအပ်သော ကူညီပံ့ပိုးမှုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးပညာပေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် ကျေးရွာအရောက် တောင်သူများနှင့် ထိတွေ့ပညာပေးခြင်း၊ တောင်သူများကိုယ်တိုင် ဆက်သွယ်မေးမြန်းဖြေရှင်းခြင်းနှင့် တောင်သူလယ်သမားများကို သင်တန်းပေးပြီး တောင်သူအချင်းချင်း နည်းပညာဖလှယ်ခြင်းနှင့် ဆင့်ပွားခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးပညာပေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စုစုပေါင်းဝန်ထမ်း ၇၃၈၀ ဦးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိရာသီဥတုအခြေအနေအရ စိုက်ပျိုးမည့် မျိုး၊ စိုက်စနစ်၊ မြေပြုပြင်ခြင်း၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ စသည်ဖြင့် မြေပြင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ သိုလှောင်သည်အထိ နည်းပညာပေးလုပ်ငန်းများကို ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ တွေ့ကြုံလာရသည့် အခက်အခဲများကို ဆက်သွယ်မေးမြန်းနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှစတင်ပြီး Call Center တည်ဆောက်ထားရှိပြီးဖြစ်ပါကြောင်း၊ Call Center သို့ ဆက်သွယ်ရာတွင် Hot Line၊ Viber၊ ကြိုးဖုန်း၊ Facebook တို့ဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ တောင်သူလယ်သမားများကို ခေါ်ယူ၍ သင်တန်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပိုမိုထိရောက်မှုရှိအောင် ကျေးရွာခေါင်းဆောင်များကိုလည်း သီးခြားဖိတ်ကြားပြီး နည်းပညာပေး သင်တန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အတူ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်နှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့၏ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။


ထို့နောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က **"စက်မှုလယ်ယာစနစ် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ကောက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်က ထောက်ခံဆွေးနွေးသည်။

### စပါးအထွက်နှုန်းများကျဆင်း

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က နိုင်ငံတစ်ဝန်းရှိ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ရာတွင် မိရိုးဖလာနည်းများကိုသာ သုံး၍ စိုက်ပျိုးကြသူများပါကြောင်း၊ ထို့ကြောင့် တစ်ဧက အထွက်နှုန်းသည် ပျမ်းမျှအားဖြင့် စပါးအထွက်နှုန်းမှာ တင်း ၇၀ နှင့် ၈၀ အကြား အမြင့်ဆုံးရရှိပါကြောင်း၊ ယခုဆယ်စုနှစ်များတွင် လယ်ယာလုပ်သား ရှားပါးလာမှုကြောင့် ပျိုးထောင်၊ ပျိုးနုတ်၊ ကောက်စိုက် အဆင့်များ မလုပ်ဘဲ အစေ့လိုက် ကြဲပက်နည်းကိုသာ သုံးလာကြပါကြောင်း၊ ထို့ကြောင့် မျိုးစပါးနှင့် မြေသြဇာ ပိုမိုသုံးစွဲရပါကြောင်း၊ အကျိုးဆက်အနေဖြင့် တမန်းနိုးခြင်းကဲ့သို့သော အလုပ်များဖြစ်သည့် မြက်ရှင်းပေါင်းနုတ်ခြင်း ကိစ္စများကို စနစ်တကျ လုပ်ဆောင်မရသည့်အတွက် ပေါင်းသတ်ဆေးများ ပိုမိုသုံးစွဲလာကြ၍ စပါးအထွက်နှုန်းများ ကျဆင်းလာပြီး အရည်အသွေးလည်း ကျဆင်းလာပါကြောင်း။


အာဆီယံဒေသအတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့တွင် စက်မှုလယ်ယာစနစ်ကို ၁၉၉၀ ပြည့်နှစ်များကတည်းက စတင်အကောင်အထည်ဖော် အောင်မြင်နေပြီး တစ်ဧကအထွက်နှုန်းမှာလည်း စပါးတင်း ၂၂၀-၂၄၀ အကြားအထိ ရရှိနေသည်ကို သိရပါကြောင်း၊ *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*




### သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းဖြင့် တင်သွင်းခြင်း

ရေနံစိမ်း / LNG ကို ရေယာဉ်များဖြင့် သမားရိုးကျ တင်သွင်းသည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ကာဇက်စတန်၊ ရုရှား၊ တာမင်နစ္စတန်၊ မြန်မာနိုင်ငံတို့နှင့် ပိုက်လိုင်းများ ဆက်သွယ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များ တင်သွင်းရန်စီမံထားသည်။ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုရှိသည့် အာဖရိကနိုင်ငံများမှ ရေနံစိမ်းများကို ရေယာဉ်ဖြင့် သယ်ယူရာတွင် နိုင်ငံရေးအခြေအနေအရ ရာနှုန်းပြည့် လုံခြုံစိတ်ချရမှုမရှိသည့် မလက္ကာရေကြောင်းတွင် ပိတ်ဆို့မှုရှိနေပါက သုံးစွဲနိုင်ရန်နှင့် ရခိုင်ကမ်းလွန်ဒေသရှိ ရွှေနှင့်အခြား သဘာဝဓာတ်ငွေ့မြေများမှ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများသယ်ယူရန် ကျောက်ဖြူမှ ကူမင်းအထိ အချင်း လက်မ ၄၀ နှင့် အရှည် ၃၄၀၀ ကီလိုမီတာရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားပြီးဖြစ်သည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ဘက်ပေါင်းစုံမှ လေ့လာကြရာတွင် စွမ်းအင်ဆိုင်ရာကဏ္ဍအတွက် လေ့လာပြုစုတင်ပြခြင်းဖြစ်ပါသည်။ တရုတ်ခေါင်းဆောင် အဆက်ဆက်အနေနှင့် 3 E's (Economic Development, Energy Supply Security နှင့် Environmental Sustainability) တို့ကို သေချာစွာ သဘောပေါက်လိုက်နာ ဆောင်ရွက်ကြကြောင်း တွေ့ရှိရသည်။

စီးပွားရေးအရှိန်အဟုန်မြှင့်တင်ချိန်တွင် ကြီးမားလှသော ရေအားလျှပ်စစ်စက်ရုံကြီးများ (မြစ်ကျဉ်း သုံးသွယ် စီမံကိန်း 21000 MW) နှင့် ကျောက်မီးသွေးသုံးစက်ရုံများကို အများအပြားတည်ဆောက်ခဲ့ကြသည်။ ရေအားလျှပ်စစ်စီမံကိန်းကြီးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များရွှေ့ပြောင်းရခြင်း၊ သစ်တောနှင့် စိုက်ပျိုးမြေများ ရေဖုံးလွှမ်းခြင်း၊ ကြီးမားလှသော သိုလှောင်ရေပမာဏကြောင့် မြေလျှင်လှုပ်ခတ်မှုပိုမိုဖြစ်ပွားလာခြင်း၊ စံမမီ ကျောက်မီးသွေးသုံးစက်ရုံများကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းခြင်း၊ ကျန်းမာရေးထိခိုက်ခြင်းတို့ ဖြစ်ပေါ်လာသော်လည်း စီးပွားရေးအရှိန်အဟုန်ရလာသော အချိန်တွင် အဆိုပါဆိုးကျိုးများကို ပြန်လည်ကုစားရန် အစီအမံများချမှတ် ဆောင်ရွက်ပြီး ပြန်လည်တည့်မတ်ပေးရန် ကြိုးစားခဲ့ကြောင်း တွေ့ရှိရသည်။

### သုံးသပ်ချက်

စွမ်းအင်မူဝါဒကို မှန်ကန်စွာချမှတ်ပြီး မဖြစ်မနေအကောင်အထည်ဖော်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် ဤအခြေအနေသို့ ရောက်ရှိလာသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် စွမ်းအင်ကဏ္ဍကို အဓိကထားစဉ်းစားလုပ်ဆောင်ပြီး ယင်းမှတစ်ဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန်လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

# ဆိုးဆေးများအလွန်အကျွံသုံးထားသော အစားအသောက်များရောင်းချနေခြင်းကို စီမံခန့်ခွဲခြင်း၊ တရားစွဲခြင်းနည်းလမ်းတို့ဖြင့် ထိန်းချုပ်ရန်ဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေကြမ်းကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဈေးကွက်အတွင်း ထောက်လှမ်း**

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒ ဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ဈေးကွက်အတွင်း ထောက်လှမ်းခြင်း၊ တွေ့တဲ့ပစ္စည်းတွေ ဖျက်သိမ်းခြင်းတွေလုပ်ပါတယ်။ ထုတ်လုပ်တဲ့ နေရာထိ ကျွန်တော်တို့ သွားပါတယ်။ ထုတ်လုပ်တဲ့ ရောင်းတဲ့နေရာတွေမှာ နှစ်နည်းနဲ့လုပ်ပါတယ်။ ပထမတစ်နည်းက စီမံခန့်ခွဲခြင်းနည်းလမ်းနဲ့ ဒုတိယတစ်နည်းက တရားစွဲခြင်းနည်းလမ်းပါ။ စီမံခန့်ခွဲခြင်းနည်းလမ်းမှာ ပညာပေးပါတယ်။ ခံဝန်ကတိထိုးခိုင်းပါတယ်။ မရရင် ရောင်းမိန့်ကို ပိတ်ပါတယ်။ တရားစွဲပါတယ်။ ဒါဟာ ၁၉၉၇ ခုနှစ်က ဥပဒေတစ်ခုဖြစ်ပါတယ်။ ၂၀၁၃ မှာ ပြင်ဆင်ထားပြီးတော့ ဒါကိုကြည့်ရင်လည်း လုံလောက်မှုမရှိဘဲ ထိရောက်မှုနည်းတဲ့အတွက် ပြင်ဆင်နေပါတယ်။ ပြင်ပြီးရင် ဥပဒေ ကိုက ပိုပြီးထိရောက်မှာပါ။ ထပ်ပြင်ရမယ်ဆိုရင် အမှန်တရားတည်ပြီး ဇာစ်မြစ်ကို ကိုင်တွယ်ရမှာပါ။ ဆိုးဆေးပါတဲ့ အစားအသောက်တွေကို ကိုင်တွယ်မယ်ဆိုရင် ပြည်တွင်းမှာရောင်းတဲ့ အစားအသောက်နဲ့ အခြားနိုင်ငံက ဝင်တဲ့ အစားအသောက်ရှိပါတယ်။ အခြားနိုင်ငံမှ လာတဲ့ပစ္စည်းတွေကို ဓာတ်ခွဲဖို့အတွက် နယ်စပ်ဒေသတွေမှာ ဓာတ်ခွဲခန်းတွေထားရှိပါတယ်။ ဇာစ်မြစ်ကို လုပ်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေက ကျောင်းသားတွေကို ပြောရမှာပါ။ ကျွန်တော်တို့ဘက်က ကျောင်းကျန်းမာရေးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ရန် ရှိပါတယ်။ ပညာရေးဝန်ကြီးဌာန အနေနဲ့ကလည်း စီမံချက်ချပြုလုပ်ရမှာပါ။ ပြည်သူ့ကျန်းမာရေးဆိုတာရှိပါတယ်။ ရောင်းတဲ့ သူကိုလည်း ပညာပေးရပါမယ်၊ အမြတ်တစ်ခုတည်းကို



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ကို မကြည့်ပါနဲ့၊ ဒီပစ္စည်းကို ရောင်းခြင်းအားဖြင့် ကလေးကလည်းစားမှာပဲ။ ရေရှည်မှာ ဒုက္ခရောက်မှာပါ။ အဓိကကတော့ ပညာပေးလုပ်ငန်းတွေကို လုပ်မှာပါ။ အခုဆိုရင် ပထမဆုံးသတင်းစာတွေထဲမှာ ကြော်ငြာထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ စပြီးလုပ်နေပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အကုန်လုံး တစ်ခုပြီးတစ်ခု လုပ်မှာပါ။ ဒီဟာက အခုမလုပ်ရင် ရေရှည်မှာ ကျန်းမာရေး ထိခိုက်မှာပါ။ FDA တင် လုပ်လို့မရပါဘူး။ ကျောင်းကျန်းမာရေး၊ ကျောင်းဆရာနဲ့ လုပ်လို့ မရဘူး၊ မြန်မာနိုင်ငံ စားသုံးသူအသင်းကလည်း ပါပါတယ်။ သူတို့က တစ်ပြည်လုံးမှာရှိပါတယ်။ အိမ်တိုင်းကိုလည်း ပညာပေးရပါမယ်။ ကျွမ်းကျင်မှုဆိုင်ရာကို FDA ပေးမယ်။ Lab တွေပေးမယ်။ မီဒီယာတွေပါမယ်။ ဒီဟာတွေ ပေါင်းလုပ်မှရမယ်။ FDA က လုပ်ရုံနဲ့မရနိုင်ပါဘူး။ မီဒီယာက အရေးကြီးပါတယ်။ အဓိကက ကျောင်းပဲ။ ကျောင်း သားမိဘဆရာတွေ ပါရမယ်။ ဆေးဆိုင်တွေပါ အကုန်ပါရမယ်။ ၂၀၁၇ ခုနှစ်ကို ကျွန်တော်တို့က ဈေးကွက်ထောက်လှမ်းရေး ပိုပြီးလုပ်တဲ့နှစ်လို့ သတ်မှတ်ထားပြီး ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ကို သွားနေပါတယ်။ ဈေးကွက်ထောက်လှမ်းခြင်း အနေနဲ့ ရှောင်တခင်ဝင်စစ်ပါတယ်။ တွေ့တာကို အရေးယူပါတယ်။ စစ်တဲ့နေရာမှာ စားသုံးသူရေးရာ ဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီနဲ့ ပူးပေါင်းပြီး လုပ်ပါတယ်။ နိုင်ငံခြား ဘာသာသက်သက်နဲ့ ရေးသားထားတဲ့ အစားအသောက်တွေနဲ့ စပ်လျဉ်းပြီး မြန်မာဘာသာ ဖြင့် ရေးသားဖော်ပြရမည် ဆိုတာကိုတော့ ကျွန်တော်တို့မှာ ဥပဒေမရှိသေးပါဘူး။ အရေးကြီး တဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ပဲ လုပ်လို့ မရပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာအသင်းအဖွဲ့တွေ အကြံဉာဏ်ပေးပြီးမှ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။ အထည်အလိပ်ဓာတုဆိုးဆေးမှာ ဈေးကွက်အတွင်း အလွယ်တကူသုံးစွဲနိုင်ခြင်းဆို တာကိုတော့ နိုင်ငံတကာမှာ လုပ်လေ့လုပ်ထ မရှိပါဘူး။ လွတ်လပ်စွာ ရောင်းလို့ရပါတယ်။ အစားအသောက်ဆေးဝါးနှင့် မြို့နယ်ကြီးကြပ်ရေး ကော်မတီကတော့ ကျွန်တော်တို့က အခုမှ ခရိုင်အဆင့်ထိပဲ ရောက်သေးတယ်။ မြို့နယ်အဆင့်ထိတော့ မရောက်သေးပါဘူး။ ခရိုင်အဆင့်က လူတွေက ကူညီပြီးလုပ်ပေးနေပါတယ်။ ရုံးမရှိသေးတဲ့အတွက် ကော်မတီနဲ့စပြီးတော့ ကျွန်တော်တို့ လုပ်နေပါတယ်။ ဒီကော်မတီမှာဆိုရင် မြို့နယ်ကျန်းမာရေးမှူးက ဥက္ကဋ္ဌလုပ်ပါတယ်။ လက်ထောက်ကျန်းမာရေးမှူးပါမယ်။ ထွေ/အုပ်ပါမယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါတယ်။ မြို့နယ်စည်ပင်ပါတယ်။ မြို့နယ်မွေးမြူရေးအဖွဲ့ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ ဒီကိစ္စ အတိုင်းအတာက တစ်နိုင်ငံလုံး ပြည်သူ့ရဲ့ကျန်းမာရေးတဖြည်းဖြည်း ကျဆင်းလာပြီး ကျန်းမာရေးကောင်းအောင် ဘယ်လောက်လုပ်လုပ် မကယ်တင်နိုင်တဲ့ အခြေအနေ ရောက်နေပါပြီ။ ရောင်းတဲ့သူတွေကလည်း ကျင့်ဝတ်လေးနဲ့ ရောင်းကြဖို့ပါ၊ အမြတ်ကိုပဲ မကြည့်ပါနဲ့၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဒီကိစ္စကို ပထမ ဦးစားပေးအနေနဲ့ ၂၀၁၈ မှ အဓိကထားပြီးလုပ်နေပါတယ်" ဟု ဖြေကြားသည်။

**“ ပြည်သူ့ကျန်းမာရေးဆိုတာ ရှိပါတယ်၊ ရောင်းတဲ့သူကိုလည်း ပညာပေးရပါမယ်၊ အမြတ်တစ်ခုတည်းကို မကြည့်ပါနဲ့၊ ဒီပစ္စည်းကို ရောင်းခြင်းအားဖြင့် ကလေးကလည်းစားမှာပဲ၊ ရေရှည်မှာ ဒုက္ခရောက်မှာပါ၊ အဓိက ကတော့ ပညာပေးလုပ်ငန်းတွေကို လုပ်မှာပါ ”**

**လွှဲပြောင်းပေး**

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှားတောကျွန်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် တင်ဒါအောင် ကုမ္ပဏီအနေဖြင့် စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံမှု မရှိသေးခြင်းအပေါ် မည်သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "၂၀၁၆ ခုနှစ် မတ်လ ၁၅ ရက်က ရာခိုင်နှုန်း ၁၀၀ ပြီးစီးကြောင်း လက်မှတ်ထိုးထားပါတယ်။ မြို့နယ်ကျန်းမာရေးဆရာဝန်၊ ဦးစီးအရာရှိ လမ်းဦးစီးဌာနတို့က လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးကြောင်းကို လက်မှတ်ထိုးထားပါတယ်၊ တစ်ပတ်လောက်အကြာမှာ လွှဲပြောင်းပေးပါတယ်၊ ဂုဏ်ကြီးရှင်ဒါရိုက်တာ ဦးသက်နောင်ဦးနဲ့ မိုးညိုမြို့နယ်မှူးက လွှဲပြောင်းတာကိုလက်ခံခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီနဲ့ပြန်ညှိမယ် ကုမ္ပဏီက လုပ်ပေးရမှာ ဖြစ်ပါတယ်။ တိုင်းဦးစီးမှူးကနေ နောက်ဆုံးအခြေအနေကို သွားကြည့်ပြီးတော့ သူလက်ခံလိုက်တာ ဖြစ်ပါတယ်။ ဒီတစ်ခေါက်တော့ တော်တော်ကောင်းပါတယ်။ စက်ပစ္စည်းအခက်အခဲကြောင့် လိုတာရှိပေမယ့် သိပ်မများပါဘူး။ မျက်နှာကြက်တွေ၊ အကုန်လုံးကို ပြင်ပြီးပါပြီ၊ အရင်အခြေအနေအားလုံးကို ပြင်ပြီးပါပြီ၊ မျက်နှာစာခြံစည်းရိုးလည်း တော်တော်ကောင်းသွားပါပြီ၊ အသစ်ချဲ့တဲ့လမ်းတွေလည်း ကောင်းသွားပါပြီ၊ မျက်နှာကြက်တွေ အကုန်ကောင်းသွားပါပြီ၊ သိပ်မကောင်းတာ တွေ့မယ်ဆိုရင် ပြန်ညှိပြီး ဆက်လက် ဆောင်ရွက်ပေးမယ်" ဟု ဖြေကြားသည်။

**မြေနေရာလိုအပ်မည်**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့သစ်၏ ကျောင်းရေိယာမှာ ၀ ဒသမ ၆၇၄ ကေသာရှိသဖြင့် အလွန်ကျဉ်းမြောင်းနေပါ၍ ကျောင်းရေိယာလျာထားမြေမှ ရယူထားပြီး အသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေးအဆောက်အအုံပါ မြေယာကို**



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်

**ပြန်လည်စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "တိုင်းရင်းဆေးပညာဦးစီးဌာနက မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက် ကွင်းအမှတ် ၉၉(ခ)ဘုရားကိုင်ကွင်း မြေနေရာ ၀ ဒသမ ၂၂၃ ဧကရှိတဲ့ ၁၆ ခုတင် ဆေးရုံကို ၁၉၉၅ ခုနှစ်က ဆောက်လုပ်ပါတယ်။ ၁၉၉၈ မတ်လမှာ ဖွင့်လှစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတော့ အဲဒီနေရာမှာ ဝန်ထမ်းအိမ်ရာ ဆောက်ပါတယ်။ မြေပိုလည်းရှိပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဝန်ထမ်းအိမ်ရာ ဆောက်ပါတယ်၊ ဆောက်ပြီးတဲ့အချိန်မှာ ၁၆ ခုတင်ကနေ ၂၅ ခုတင်ဆံ့ဆေးရုံတိုးပေးတဲ့အတွက် အဲဒီနေရာမှာ မဆောက်တော့ဘဲ ၂၀၁၅ ခုနှစ်မှာ အသစ်ပြန်ဆောက်လိုက်ပါတယ်။ ၂၅ ခုတင် ဖြစ်သွားပါပြီ၊ ၁၆ ခုတင်ဆံ့ဆေးရုံမှာ ကျန်တဲ့အဆောက်အအုံနဲ့ ဝန်ထမ်းတွေကတော့ ကျွန်တော်တို့ ပိုင်ပါတယ်။ ၁၆ ခုတင်ဆံ့ဆေးရုံမှာ ခရိုင်ဦးစီးမှူးထားတယ်။ ဝန်ထမ်းအိမ်ရာမှာ လူမနေဘူးဆိုတာက တိုင်းရင်းဆေးမှာလုပ်တဲ့ ဝန်ထမ်းတွေက မြို့ကဖြစ်တဲ့အတွက် ဝန်ထမ်းအိမ်ရာယူထားလို့ မရပါဘူး။ အပြောင်းအရွှေ့တွေ အများကြီးလာတဲ့အခါမှာ နေစရာမရှိတဲ့အတွက် ယူထားလို့ မရပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းနဂို ၁၆ ခုတင်ဆံ့ရှိတဲ့နေရာမှာ ခရိုင်ဦးစီးမှူးရုံး လုပ်ထားပါတယ်။ အမှန်တိုင်းပြောရရင် ပညာရေးကို ပေးလိုက်ချင်ပါတယ်။ ပေးမယ်ဆိုတာက ကျောင်းသားတွေ ကျပ်ပြီးတော့ တော်တော်လေး ဒုက္ခရောက်ပါတယ်။ ပညာရေးက ကျန်းမာရေးထက် ပိုပြီးတော့ အရေးကြီးပါတယ်။ ဝန်ထမ်းနေရာ မပေးလိုက်ဘဲ အဲဒီမြေနေရာပေးလိုက်မယ်ဆိုရင် ခရိုင်ရုံး ဆောက်ဖို့ မြေနေရာလိုပါတယ်။ မြေနေရာ တစ်နေရာရမယ်ဆိုရင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြီး ဒီမြေနေရာကို ပေးလို့ရပါတယ်။ မြေနေရာ ချက်ချင်းပေးရင် ချက်ချင်းလုပ်မယ်၊ နောက်တစ်ချက်က တိုင်းဦးစီးမှူးနဲ့ ပညာရေးဝန်ကြီးဌာန တိုင်းဦးစီးမှူးတို့ ပြန်ညှိပြီးတော့ ဘယ်လိုဆက်လုပ်မယ်ဆိုတာကို ဝိုင်းစဉ်းစားပြီးတော့လုပ်ပါမယ်။ အဲဒီနေရာကို ပေးလိုပါတယ်" ဟု ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦး၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် " နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း " ဆိုသည့် စည်းကမ်းချက်များအား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက ပြည်ထောင်စုဝန်ကြီး ဌာနများမှ ပေးပို့ခဲ့သည့် ဖြေကြားချက်များအနက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေများအရ ထုတ်ပြန်လျက်ရှိသည့် လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ဖြေကြားချက်ပေးပို့ခဲ့ပြီး ကျန်ပြည်ထောင်စု ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များကို ခန့်ထားရာ၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကြော်ငြာခေါ်ယူဆောင်ရွက်လျက်ရှိပြီး ပညာအရည်အချင်း အထောက်အထား၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အလုပ်သမားမှတ်ပုံတင် ကတ်ပြား၊ ကိုယ်ရေးလျှောက်လွှာတို့ကိုသာ တောင်းခံ၍ နိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း တောင်းခံခြင်းမရှိပါဟု ဖြေကြားချက်များ ပေးပို့ခဲ့ကြပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများတွင် ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာ၌ ပါတီနိုင်ငံရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဝန်ကြီးဌာနများမှ နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း ဆိုသည့် စည်းကမ်းချက်အား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးသို့ ညွှန်ကြားပေးရန် အစီအစဉ် မရှိပါကြောင်း ပြည်ထောင်စု ဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းရှင်းလင်း ဖြေကြားသည်။

**လွှတ်တော်၏အဆုံးအဖြတ်ရယူ**

ယင်းနောက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းအား အတည်ပြုရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက အဆိုတင်သွင်းပြီး စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်က ယင်းအဆိုကို ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

---

*စာမျက်နှာ ၇ မှ*

ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၉ နှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဇ) တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း၊ နိုင်ငံတကာ အကူအညီနှင့် ချေးငွေများဖြင့် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် Contract Farming စနစ်ဖြင့် လည်းကောင်း နည်းလမ်းအမျိုးမျိုးဖြင့် စက်မှုလယ်ယာစနစ် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အတွက် အဆင့်မြင့်ကေကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းသည်။

အဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ပြင်ဆင်ချက်မရှိ အတည်ပြု**

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တင်သွင်းသည့် **“အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ သဘောဆန္ဒကို ရယူ၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဖေဖော် ဝါရီ ၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်**

---

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ မိတ်ဆွေလေးဦး၊ ဒေါက်တာအောင်နိုင်၊ သပိတ်ကျင်းမဲဆန္ဒနယ်၏ မိတ်ဆွေရှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရန်နိုင်ဦးဆောင်သည့်ကြီးကြပ်သူအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၇ ဦးနှင့် International School of Myanmar (ISM) မှ ဒေါ်ကြည်ကြည်ထွေး ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၅ ဦး စုစုပေါင်း ၁၅၄ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှု ခဲ့ကြသည်။ **သတင်းစဉ်**

# စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

**စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**
**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။ )**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးဥပဒေ (၁၉၉၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် တရုတ်အစားအစာပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

တရုတ်-မြန်မာနှစ်နိုင်ငံအကြား ပြည်သူများ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်အတွက် ရည်ရွယ်ကာ အာဆီယံ -တရုတ်ဗဟိုဌာနနှင့် ပေကျင်းပြည်သူ့နိုင်ငံတကာ ချစ်ကြည်ရေးနှင့် ဆက်ဆံရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းကာ ပထမအကြိမ်တရုတ်အစားအစာပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အာဆီယံ-တရုတ် ဗဟိုဌာနသည် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံအစိုးရနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့ ပူးတွဲဖွဲ့စည်းထားကြောင်း သိရသည်။

**မြင့်မောင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကျောက်တံတားမြို့နယ်အတွင်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေသည့် အဆောက်အအုံသုံးလုံးကို ပြုပြင်နိုင်ရန် ပိုင်ရှင်များနှင့်ညှိနှိုင်းဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ကျောက်တံတားမြို့နယ်အတွင်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေသည့် အဆောက်အအုံ သုံးလုံးကို ပြုပြင်ဆောင်ရွက်နိုင်ရန် ပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ မြို့နယ်အတွင်းရှိ အသုံးမပြုဘဲ ပိတ်ထားသော တိုက်အို၊ တိုက်ဟောင်းများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍သော်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍သော်လည်းကောင်း ပြုပြင်ထိန်းသိမ်းခြင်းကို မြို့တော်အင်္ဂါရပ်နှင့်အညီ စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရာတွင် သက်ဆိုင်ရာ မြေရှင်၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတို့နှင့်သာ သက်ဆိုင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ခွင့်ပြုထုတ်ပေးခြင်းမျိုးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လိုအပ်၍ ပြင်ဆင်ပါကလည်း မြို့ပြအင်္ဂါ၊ အိမ်၏ မျက်နှာစာလှပရန် သန့်ရှင်းရေးအတွက်ကိုလည်း စာထုတ်ရပါကြောင်း၊ အချို့ကိစ္စရပ်များတွင် မလွှဲမသွေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် နိုင်ငံတော်ဘတ်ဂျက်ကို အသုံးပြုပြီး မျက်နှာစာအလှကို ဆေးသုတ် ပေးရခြင်းမျိုးလည်းရှိကြောင်း၊ ကျောက်တံတားမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးချက်များအရ အသုံးမပြုဘဲ ပိတ်ထားသော အဆောက်အအုံများ ရှိပါကြောင်း၊ ကုန်သည်လမ်း၊ လမ်း(၄၀)နှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင် ရှိသော သုံးထပ်တိုက်အဆောက်အအုံ တစ်လုံး (ဂန္ဒီဟော)ဖြစ်ကြောင်း၊ ကုန်သည်လမ်း၊



ကုန်သည်လမ်း၊ လမ်း(၄၀)နှင့် ဗိုလ်အောင်ကျော်လမ်းရှိ သုံးထပ်အဆောက်အအုံ (ဂန္ဒီဟော)ကို တွေ့ရစဉ်။

၃၈ လမ်းထောင့်တွင်ရှိသော နယ်စပ်ရေးရာ စည်ပင်သာယာရေးဘဏ် လီမိတက်ဖြစ်ပါကြောင်း၊ ယင်းအဆောက်အအုံနှင့်ပတ်သက်၍လည်း အကြောင်းကြားထားပါကြောင်း၊ ၃၉ လမ်းရှိ အမှတ် ၄၀-၄၂ နှင့် ၅၄-၅၆ နှစ်ထပ်ဂိုဒေါင်နှစ်လုံးတို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရပါကြောင်း၊ အဆိုပါအဆောက်အအုံများသည် ပျက်စီးယိုယွင်းနေသည့်အတွက် ပြုပြင်ရန် လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ ကျောက်တံတားမြို့နယ်အတွင်း အသုံးမပြုဘဲ ပိတ်ထားသည့် အဆောက်အအုံ လေးလုံးအနက်၊ သုံးလုံးကို ပြုပြင်ရန် လိုအပ်ပါကြောင်းနှင့် အဆောက်အအုံပိုင်ရှင်များကိုလည်း ပြုပြင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားခဲ့သည်။

ထို့ပြင် ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင်သုသာန်များအား အဆင့်မြှင့်တင်ပြီး စနစ်တကျ မူဝါဒချမှတ်ကာ ရေရှည်ထိန်းသိမ်းဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် မီးသင်္ဂြိုဟ်ခြင်း၊ မြေမြှုပ်ခြင်းနှင့် ဂူသွင်းသင်္ဂြိုဟ်ခြင်းများ ပြုလုပ်ရန် တိရစ္ဆာန်သုသာန် သတ်သတ်မှတ်မှတ်ထားရှိပေးရန် အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ စည်ပင်သာယာရေးဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတကာအဆင့်မီ သရဏဂုံဆောင်များ၊ မီးသင်္ဂြိုဟ်ဂူများကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သုသာန်များရှိ မီးသင်္ဂြိုဟ်ဖိုများ ခေါင်မိုးများသည် အပူဒဏ်ကြောင့် မကြာခဏ ပျက်စီးတတ်သည့်အတွက် အပတ်စဉ်၊ လစဉ်၊ နှစ်အလိုက် လိုအပ်လျှင် လိုအပ်သလို အချိန်နှင့်တစ်ပြေးညီ ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေရပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် သုသာန်များအား အဆင့်မြှင့်တင်ရာတွင် နှစ်အလိုက် မူဝါဒများချမှတ်၍ ရေရှည် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်မွေးတိရစ္ဆာန်များအတွက် မီးသင်္ဂြိုဟ်ခြင်းနှင့် မြေမြှုပ်ဂူသွင်း သင်္ဂြိုဟ်ခြင်းများ ပြုလုပ်နိုင်ရန် တိရစ္ဆာန်သုသာန် သတ်သတ်မှတ်မှတ်ထားရှိရန် လောလောဆယ် အစီအစဉ် မရှိသေးသော်လည်း နိုင်ငံတကာတွင် မည်သို့ဆောင်ရွက်နေသည်ဆိုသည်ကို လေ့လာရမည် ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် မိမိနိုင်ငံ၏ အခြေအနေပေါ်မူတည်၍ သုံးသပ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ဖြေကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသောပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ နေရပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ပယင်းမော်၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား ပြန်လည် ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့၏ ကြီးကြပ်မှုနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (တနိုင်း)၏ အကူအညီများရယူပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ညှိနှိုင်းပေါင်းစပ်၍ စက်လှေများဖြင့် နန့်ကွမ်းချောင်းပေါက်ဝမှ တဝမ်ချောင်းတံတားအနီးသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုမှတစ်ဆင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (တနိုင်း)နှင့် မြို့နယ်မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ဆင်မ်ဆာ့ရပ်ကွက်(ကွက်သစ်)ရှိ ယာယီအားကစားကွင်းစုရပ်သို့ ပို့ဆောင်၍ ထိုမှတစ်ဆင့် နေရပ်အသီးသီး သို့ ဇန်နဝါရီ ၃၀ရက်မှ စတင်၍ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။



တနိုင်းမြို့မှတစ်ဆင့် ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား မိုးကောင်းဘူတာ၌ တွေ့ရစဉ်။



တနိုင်းမြို့မှတစ်ဆင့် ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား တာဝန်ရှိသူများက မိုးကောင်းဘူတာ၌ ထောက်ပံ့ငွေပေးအပ်စဉ်။

တနိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ရပ်ဝေးသို့ ပြန်လည်ပို့ဆောင်ပေးနိုင်သည့် နေရပ်ပြန် ပြည်သူများမှာ ယနေ့တွင် အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ၃၄ ဦး ပေါင်း ၁၅၂ ဦး ဖြစ်ပြီး မြို့နယ်မှ စီစဉ်ပေးသည့် အငှားယာဉ် လေးစီး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (တနိုင်း)မှ စီစဉ်ပေးသည့် ၁၀ ဘီး မော်တော်ယာဉ် တစ်စီးတို့ဖြင့် ယနေ့ မွန်းလွဲပိုင်း တနိုင်းမြို့မှ နမ္မတီး- မိုးကောင်း လမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများနှင့် မိုးကောင်းမြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တနိုင်းမြို့သို့ ရောက်ရှိလာသည့် ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်မှုမှာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အမျိုးသား ၃၂၅ ဦး၊ အမျိုးသမီး ၂၇၄ ဦး စုစုပေါင်း ၅၉၉ ဦးဖြစ်ကြောင်း သိရသည်။

တနိုင်းမြို့သို့ ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများမှာ တနိုင်းမြို့ပေါ်ရပ်ကွက်များရှိ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများ၊ သီးခြားနေရာများတွင် စုစည်းတည်းခိုနေထိုင်ခြင်း မရှိကြောင်းနှင့် ၎င်းတို့၏ နေရပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်သတင်း

# ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာအနီး ရုပ်အလောင်းများ အစုလိုက်အပြုံလိုက်မြှုပ်နှံထားကြောင်း AP သတင်းဌာန၏ ဖော်ပြချက်နှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး

ဘူးသီးတောင် ဖေဖော်ဝါရီ ၂

**ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာဝန်းကျင်၌ ရာနှင့်ချီသည့် ရုပ်အလောင်းများအား နေရာငါးနေရာတွင် အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း၊ ယင်းတို့ကို အက်စစ်လောင်း၍ ဖျောက်ဖျက်ရန် စီစဉ်ထားခြင်းကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြောင်း AP သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ဖော်ပြခဲ့သည်။**

**နိုင်ငံတော်အစိုးရမှ လမ်းညွှန်**

ထိုသို့ AP သတင်းဌာနမှ သတင်းဖော်ပြမှုကြောင့် အခြားမီဒီယာများတွင် ဆင့်ပွားဖော်ပြခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ ဝေဖန်ပြောကြားမှုများ၊ စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ရာ ဂူတာပြင်ကျေးရွာဖြစ်စဉ် မှန်ကန်မှု ရှိ၊ မရှိ စိစစ်တင်ပြရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ နိုင်ငံတော်အစိုးရမှ လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာနှင့် စပ်လျဉ်းသည့် AP သတင်းဌာန သတင်းဖော်ပြချက်နှင့် ပတ်သက်၍ ဖြစ်စဉ်မှန် ဖော်ထုတ်သိရှိနိုင်ရန် ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး အမှတ်-၃ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ နယ်မြေမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ဥပဒေအရာရှိ၊ လက်ထောက်မြို့နယ်ဆရာဝန်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ မြို့နယ် လဝကဦးစီးမှူး၊ မြို့နယ် လယ်စီ၊ စာရင်းအင်း ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ပါဝင်သည့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီသည် ဘူးသီးတောင်မြို့နယ် ကံစိန်အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဂူတာပြင် ကျေးရွာတာဝန်ခံနှင့် ရပ်မိရပ်ဖငါးဦးနှင့် ပြန်/ဆက်မှ မှတ်တမ်းတင်တစ်ဦး စုစုပေါင်း ၁၇ ဦး ပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့အား စနစ်တကျ ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ဂူတာပြင်ကျေးရွာတစ်ဝိုက် သွားရောက်စစ်ဆေးစေခဲ့သည်။



ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့ ဂူတာပြင်ကျေးရွာဝန်းကျင်၌ ကွင်းဆင်းစစ်ဆေးစဉ်။

**စစ်ဆေးခဲ့ရာ မှန်ကန်မှုမရှိ**

ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဂူတာပြင်ကျေးရွာတွင် AP သတင်းဖော်ပြချက်ပါ ရုပ်အလောင်းများကို မြှုပ်နှံထားသည်ဟုဆိုသည့် နေရာများအား သွားရောက်စစ်ဆေးခဲ့ရာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။ ၎င်းအပြင် ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ AP သတင်းတွင် ဖော်ပြခဲ့သည့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုမျိုး ရှိ၊ မရှိ မေးမြန်းခဲ့ရာ ကျေးရွာသူရွာသားများက မရှိကြောင်း ဖြေကြားခဲ့ကြသည်။

**လူအုပ်ဖြင့် ဝင်လုံးတိုက်ခိုက်**

ဖြစ်စဉ်အမှန်မှာ ARSA အစွန်းရောက် အကြမ်းဖက်များနှင့် ထိတွေ့မှုဖြစ်ပွားခဲ့စဉ် ဂူတာပြင်ကျေးရွာတွင် ဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ဂူတာပြင်ကျေးရွာအတွင်းမှ ARSA အစွန်းရောက် အကြမ်းဖက်သမားများနှင့် ပူးပေါင်းထားသည့် ကျေးရွာအတွင်းမှရွာသားများပါဝင်သော အင်အား ၅၀၀ ခန့်က လူအုပ်ဖြင့် ဝင်လုံးတိုက်ခိုက်လာခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကပ်မလာရန် တားဆီးခဲ့သော်လည်း အတင်းဝင်ရောက် လုံးထွေးတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများက တုတ်၊ ဓား၊ ဂျင်ကလိများ၊ လက်နက်ငယ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြန်လည်ခုခံကာကွယ် ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ARSA အစွန်းရောက် အကြမ်းဖက်သမားအလောင်း ၁၉ လောင်းနှင့်အတူ အရိုးအသွား အရှည် နှစ်လက်မခန့်ရှိ ဓားအရှည် ရှစ်ချောင်း၊ အရှည် နှစ်ပေခန့်ရှိ သစ်သားတုတ်တစ်ချောင်း၊ အရှည် ငါးပေခွဲခန့်ရှိ လှံချွန် သုံးချောင်း၊ အရှည် လေးပေခန့်ရှိ သံလုံးချွန် နှစ်ချောင်း၊ သစ်သားရိုးပါ အရှည် လေးပေခန့်ရှိ လှံချွန်တစ်ချောင်း၊ လေးလက်မ အိမ်ရိုက်သံဖြင့် ပြုလုပ်ထားသည့် ဂျင်ကလိ ၃၂ ချောင်း၊ S&B တံဆိပ်ပါ ၇.၆ ကျည်ခွံ ၁၂ ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

**အမှုဖွင့်ခဲ့**

သေဆုံးခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၉ ယောက်၏ အလောင်းကို စနစ်တကျ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီး ညောင်ချောင်းနယ်မြေရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၇၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ) ဖြင့် အမှုဖွင့်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။


နိုင်ငံတော် အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများမရှိဟု ငြင်းဆန်ခြင်းမပြုဘဲ တိကျမှန်ကန်ခိုင်မာပြီး ယုံကြည်စိတ်ချရသည့် သက်သေအထောက်အထားများ ရရှိပါက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည့်အခါ ချိုးဖောက်မှုများ တွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်။

**မှန်ကန်မှုမရှိ**

ယင်းမူဝါဒနှင့်အညီ AP သတင်းဖော်ပြချက်ပါ ဂူတာပြင်ဖြစ်စဉ်သတင်းနှင့် စပ်လျဉ်း၍ ဒေသခံရွာသားများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် စနစ်တကျ ကွင်းဆင်းစစ်ဆေးခဲ့သည့် ပဏာမစိစစ်ချက်အရ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ ဂူတာပြင်ကျေးရွာအနီးဝန်းကျင်ရှိ အခြားကျေးရွာများတွင်လည်း AP သတင်းဖော်ပြချက်ပါ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိ ဆက်လက်စုံစမ်း စိစစ်လျက်ရှိကြောင်း၊ အချက်အလက် အထောက်အထားများ ရရှိမှုအပေါ် မူတည်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် ရှိကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရှိရသည်။ **သတင်းစဉ်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာတွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် ထိတွေ့မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည့် နေရာပြ မြေပုံ**




# မြစ်ရေတင်နှင့် ဆောင်းသီးနှံ မြေပဲစိုက်ခင်းများ၌ ကြွက်များဖျက်ဆီးမှုများပြားနေသည့်အတွက် တောင်သူများ အခက်တွေ့

**ညောင်ဦး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြစ်ရေတင်နှင့် ဆောင်းသီးနှံ မြေပဲစိုက်ပျိုးကြရာ ကြွက်များဖျက်ဆီးမှုများပြားနေသည့်အတွက် ဆောင်းမြေပဲစိုက် တောင်သူများ အခက်တွေ့နေကြောင်း သိရသည်။

တောင်သူများသည် ကြွက်များ သောင်းကျန်းသည့်အတွက် ယာခင်းအနီးပတ်ဝန်းကျင် ကြွက်တွင်းဝများတွင် ထောင်ချောက်ဆင် မောင်းထောင်ခြင်း၊ ကြွက်ဆေးချထောင်ခြင်း၊ အဖွဲ့လိုက်စုပေါင်းကြွက်ရိုက်ခြင်း လုပ်ငန်းများဆောင်ရွက်သော်လည်း ကြွက်များ၏ မြေပဲခင်းများဖျက်ဆီးမှုကို မနိုင်မနင်းဖြစ်ကြသည်။ "ကျွန်တော်တို့လည်း ညရောက်တိုင်း ကြွက်ဆေးထောင်တာပဲ၊ အဲဒါကိုမရဘူး၊ ကြွက်တွင်းအဝတွေ ပေါ်မှာလည်း မောင်းထောင်ဖမ်းတယ်၊ ဒါလည်းမရဘူး ဖြစ်နေတယ်၊ တောင်သူလုပ်စားရတာလည်း ကုသိုလ်တစ်ဝက် ငရဲတစ်ဝက်ပါဗျာ၊ ကျွန်တော်တို့ ငယ်ငယ်က ကြွက်ဒီလောက်မပေါပါဘူး၊ အခုမှ ပိုပေါလာသလိုပဲ၊ ပေါမှာပေါ့၊ တောကြောင်လိုက်စားတဲ့သူတွေကလည်း ပေါလာတယ်၊ အရင်က တောကြောင်တွေရှိတော့ ကြွက်သိပ်မပေါဘူး၊ ကြွက်ကို တောကြောင်တွေက ရှာစားတယ်၊ အခုတော့ တောကြောင်တွေလည်း မရှိသလောက်ရှားသွားပြီ၊ ဒီတော့ကြွက်တွေ ပေါလာတော့တာပေါ့"ဟု ဆောင်းမြေပဲစိုက်သည့် တောင်သူတစ်ဦးက ပြောသည်။

"အခုခေတ်ရောက်တော့ ကြွက်ကိုစားနိုင်တဲ့မြွေတွေကိုလည်း ဖမ်းပြီးရောင်းကြတယ်၊ ကြွက်ကိုနိုင်တဲ့ အိမ်မွေးကြောင်တွေကိုလည်း လူတွေက ဖမ်းဆီးသတ်စားနေကြတယ်၊ ဒီတော့ ဂေဟစနစ်တွေ ပျက်ကုန်တာပေါ့၊ အဲဒီလို ဂေဟစနစ်မရှိလို့ ကြွက်တွေလည်း ပေါလာတာပေါ့ဗျာ"ဟု ယဉ်ဆန်း ကျေးရွာ မြေပဲစိုက်တောင်သူဦးဆန်းမြင့် ကပြောသည်။



ကြွက်များဖျက်ဆီးသည့် ဆောင်းသီးနှံမြေပဲစိုက်ခင်း။

**ကျော်ဌေး(ညောင်ဦး )**

# ဆံတော်ရှင် မဟာမကုန္ဒရုံသီ မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်လှစ်၊ ဘုရားဖူးပရိသတ် တစ်သောင်းကျော်ခန့် တက်ရောက်ကြည်ညို

ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၂

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ ဆံတော်ရှင် မဟာမကုန္ဒရုံသီ မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်က ကျင်းပရာ ဘုရားဖူးသည့်ပရိသတ် တစ်သောင်းသုံးထောင်ကျော်ခန့် တက်ရောက်ကြည်ညိုခဲ့ပြီး ကြက်ပျံမကျ စည်ကားခဲ့သည်။**

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စော၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် ဆံတော်ရှင် မြတ်မော်တင်စေတီတော်တွင် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒေါက်တာခင်ရွှေတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ရွှေထီးတော်သစ်ကို ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ) မိသားစုနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြတ်မော်တင်စွန်းစေတီတော်ကြီး၏ ရွှေထီးတော် သုံးဆင့်အနက် နှစ်ဆင့်နှင့် အရံစေတီတော် ၂၂ ဆူကို ထီးတော်သစ်များ တင်လှူပူဇော်ခဲ့ကြသည်။ ယခု လှူဒါန်းမှုကုန်ကျစရိတ် အစုစုမှာ ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ခန့် ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပခဲ့သော မြတ်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်များတွင် ယခုနှစ်ကျင်းပသော ပွဲတော်မှာ ဒေသခံအများဆုံး စိတ်ဝင်စားခဲ့ကြပြီး ပုံမှန်ကျင်းပခဲ့သည့် ပွဲတော်များထက် ယခုနှစ်ဘုရားပွဲမှာ အပြောင်းအလဲများစွာ ရှိနေကြောင်း၊ အနုပညာရှင်များဖြစ်သည့် မန္တလေးသိန်းဇော်၊ ပွင့်နဒီမောင်၊ရန်ကျော်၊ မေခလာ၊ မိုးပြည့်ပြည့်မောင်၊ နန္ဒာလှိုင်နှင့် အခြားသော အဆိုတော်များကို အနီးကပ်မြင်တွေ့ခွင့်ရသည့်အတွက် ဒေသခံများ ဝမ်းသာပျော်ရွှင်ကြကြောင်း၊ ယခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်မှာ ယခင်နှစ်များထက် ပိုမိုစည်ကားလာကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။ **ကျော်သူဟိန်း**



# ‘ငြိမ်းချမ်းရေးအသံပျံ့လွင့်ပြီ မြန်မာပြည်- ငြိမ်းချမ်းရေးအသံပျံ့လွင့်ပြီ မြန်မာဆီ ’ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

“ငြိမ်းချမ်းရေးအသံပျံ့လွင့်ပြီ မြန်မာပြည်- ငြိမ်းချမ်းရေးအသံပျံ့လွင့်ပြီ မြန်မာဆီ” ဟူသောခေါင်းစဉ်ဖြင့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ International Business Center တွင် ယမန်နေ့ညနေ ၅ နာရီခွဲက ကျင်းပသည်။

အဆိုပါ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဘာသာရေးခေါင်းဆောင်များက သက်ဆိုင်ရာ ဘာသာရေးနှင့် ငြိမ်းချမ်းရေးခေါင်းစဉ်များအလိုက် တင်ပြ ဆွေးနွေးကြပြီး HWPL ဥက္ကဋ္ဌ Mr. Man Hee Lee က နိုင်ငံတကာတွင် ငြိမ်းချမ်းရေးရရှိရေးနှင့် စစ်ပွဲအဆုံးသတ်ရေးအတွက် ၎င်းတို့၏ ဆောင်ရွက်နေမှုများကို ပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ဆွေးနွေးပွဲတွင် “ငြိမ်းချမ်းရေးလေပြည် HWPL အားဖြင့် မြန်မာပြည်တွင်တိုက်ခတ်လာပြီ”ခေါင်းစဉ်ဖြင့် အစ္စလာမ်ဘာသာရေးကောင်စီ ဥက္ကဋ္ဌ ဟာဂျီ ဦးညွန့်မောင်သျှိန်က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကရိသျှဏဘာဝနာအသင်း သာသနာပြုဆရာတော် ရာမစန္ဒြဒါစ်က “ဘာသာရေးကျမ်းဂန်များ နှိုင်းယှဉ်လေ့လာခြင်းဖြင့် အခြားဘာသာနှင့် နားလည်သင့်မြတ်စွာနေထိုင်ခြင်း” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သန့်လျင် သီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်သီဟဉာဏက “ငြိမ်းချမ်းရေးအတွက် လက်တွေ့ကျသောနည်းစနစ်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ (မန္တလေးသာသနာပိုင်နယ်) မှ သာသနာပိုင်ကြီးဒေးဗစ်ညီညီနိုင်က “ယုံကြည်စိတ်ချရသော ကျမ်းစာ၊ ဓမ္မနှင့် အမှန်တရားအပေါ် လိုက်နာခြင်း၊ ငြိမ်းချမ်းခြင်းကို နားလည်သဘောပေါက်ခြင်း”ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးလူငယ်အဖွဲ့က ငြိမ်းချမ်းရေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် Lotte ဟိုတယ်၌ ညစာစားပွဲတွင် ဘာသာပေါင်းစုံမှ ယဉ်ကျေးမှုအဖွဲ့များက ဓမ္မသီချင်းများ၊ ရိုးရာအကများဖြင့် ဧည့်ခံကြသည်။

**ဆွေးနွေး**

အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကိုရီးယားနိုင်ငံ HWPL(Heavenly Culture, World Peace, Restoration of Light) ငြိမ်းချမ်းရေးအဖွဲ့က ဦးဆောင်၍ လာရောက်ကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂ ရက်အထိ ဆက်လက်ကျင်းပခဲ့ရာ ငြိမ်းချမ်းရေးနှင့် စစ်ပွဲအဆုံးသတ်ရေး ကြေညာချက် (အပြည်ပြည်ဆိုင်ရာဥပဒေ)- DPCW(International law)ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော် သံစုံတီးဝိုင်းနှင့် ဂျပန် အနုပညာရှင်အဖွဲ့တို့ ပူးပေါင်းဖျော်ဖြေ တင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO (Conductor& Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင် ၁၁ ဦး ပါဝင်သော အနုပညာရှင်အဖွဲ့ဝင်တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည့် "Myanmar National Symphony Orchestra Concerts 2018" ဖျော်ဖြေပွဲများကို Gitameit Chorus , Univoice Music Team Choir, Japan Culture House Chorus အဖွဲ့တို့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆နာရီခွဲတွင် နေပြည်တော် MICC-II ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌လည်းကောင်း ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေပွဲများသို့ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း- ၀၉-၅၀၀၆၅-၅၂၊ ၀၁-၅၃၄၀၁၂၊ ၀၁-၅၂၇၁၂၂၊ ဖက်စ်-၁၄၉ နှင့် ဂျပန်သံရုံး ဖုန်း- ၀၁-၅၄၉၆၆၄-၄၈ ၊ info.cul@ yn.mofa.go.jo တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ရှေးဟောင်း သမိုင်းဝင် ဒီပဲယင်းမြို့အကြောင်းစာအုပ် မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံတွင် အထောက်အထားပြခေတ်အဆက်ဆက်မှစ၍ လူအများအပြားတို့ နေထိုင်ရာ မြို့ရွာများစွာရှိခဲ့ရာ ဖော်ထုတ်နိုင်သမျှ မြို့ပေါင်း ၃၀၀ ကျော်ခန့်ရှိခဲ့သည်။

**စဉ်ဆက်မပြတ်ရေးသား**

ယင်း ရှေးဟောင်းသမိုင်းဝင်မြို့များအကြောင်းကို ရှေးဟောင်းစာပေပညာရှင်များနှင့် စာရေးဆရာကြီးများက ယင်းမြို့များ၏ သမိုင်းကြောင်းများကို ယနေ့ခေတ် လူကြီးလူငယ်များ သိရှိစေရန် စဉ်ဆက်မပြတ် ရေးသားထုတ်ဝေလျက်ရှိရာ စာရေးဆရာ ဒေါက်တာမြင့်ခိုင်(ဥဂ္ဂါညို)၏ ဒီပဲယင်းသမိုင်းစာအုပ် မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သမိုင်းပညာရှင် ဒေါက်တာတိုးလှ၊ အငြိမ်းစား ဒဿနိကဗေဒ ပါမောက္ခ ဒေါက်တာဆန်းထွန်းသောင်နှင့် ဒီပဲယင်းသမိုင်းစာအုပ်အကြောင်း ရေးသားပြုစုသူ ဒေါက်တာမြင့်ခိုင် (ဥဂ္ဂါညို) တို့က ဒီပဲယင်းသမိုင်းအကြောင်းများကို ပြောကြားခဲ့ကြသည်။



**ပြန်လည်ဖြေကြား**

ယင်းစာအုပ်တွင် ဒီပဲယင်းသမိုင်းအကြောင်းအရာများကို ဓာတ်ပုံများဖြင့် ပြည့်စုံစွာ ရေးသားဖော်ပြထားရာ လေ့လာဖတ်ရှုလိုသူများ လေ့လာမှတ်သားနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်မိတ်ဆက်ပွဲသို့ စာရေးဆရာကြီးများနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သမိုင်းအကြောင်းအရာများ၊ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ စာရေးဆရာကြီးများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-စစ်မှူး**

❖ *ကျောဖုံးမှ*

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ဇွဲကပင်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

**သွင်းယူခဲ့**

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် နိုင်ပွဲပြန်ရရန် ကြိုးပမ်းခဲ့ပြီး နုနု၏ ဟက်ထရစ်ဂိုးနှင့်အတူ ဂိုးပြတ်အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို နုနုက ၄၅၊ ၆၀၊ ၆၂ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး နောက်ဆုံးဂိုးကို ၇၅ မိနစ်တွင် ရီရီဦးက သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ်(၆) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၃ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာ သိပ္ပံအသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မွန်ပြည်နယ်အတွင်း ထုတ်လုပ်လျက်ရှိသော ရော်ဘာစက်ရုံများကို လာမည့် မတ်လ၌ ချေးငွေ ထုတ်ချေးပေးမည်

**မော်လမြိုင် ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ်အတွင်း ရော်ဘာသန့်စင်၊ မှိုင်းခံစက်ရုံ တည်ဆောက်ရန်အတွက် လာမည့်မတ်လအတွင်း ငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က ပြောသည်။

“ချေးငွေတွေကို ဘတ်ဂျက်နှစ်မကုန်ခင်မှာ ပေးသွားမယ်၊ အခုမှ မြန်မာ့စီးပွားရေးဘဏ်က အစိုးရ ထောက်ခံချက်နဲ့ ချေးငွေထုတ်ပေးမယ်လို့ အတည်ပြုလိုက်တယ်၊ အဲဒါကြောင့် အစိုးရရဲ့ ထောက်ခံချက်နဲ့ မတ်လအတွင်းမှာ ချေးငွေထုတ်ပေးမယ်” ဟု ဝန်ကြီးက ပြောသည်။

**စစ်ဆေးသွားမည်ဖြစ်**

ယင်းချေးငွေများကို အသေးစား၊ အလတ်စား ချေးငွေဥပဒေအတိုင်း သုံးနှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး အတိုးနှုန်းအားဖြင့် ရှစ်ကျပ် သတ်မှတ်ထားကြောင်း၊ ပြည်နယ်အစိုးရ၏ ထောက်ခံချက်ဖြင့် ချေးငွေများကို ထုတ်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ငွေကြေးပြဿနာများ ကင်းရှင်းစေရန် အစိုးရအပေါင်ပစ္စည်း ရာမညကော်မတီအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကော်မတီတွင် အကြမ်းဖျင်းအားဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပါဝင်မည်ဖြစ်ပြီး စက်ရုံလုပ်ငန်းတစ်ခုချင်းစီအပေါ် လုပ်ဆောင်ချက် ရှိ၊ မရှိ၊ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာစာရွက်စာတမ်းအထောက်အထားခိုင်မာမှု၊ မြေယာပိုင်ဆိုင်မှုနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလျှင် ချေးငွေပမာဏ ငွေကျပ်သိန်း ၁၀၀၀ ထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်ရုံးချုပ်မှ အထွေထွေမန်နေဂျာ ဒေါ်သင်းသင်းရီက ပြောသည်။

**အဆိုပြုတင်ပြထား**

လုပ်ငန်းရှင်များက အဆိုပါချေးငွေများကိုပဲ စောင့်မျှော်နေကြပြီး လက်ရှိတွင် ရော်ဘာအဆင့်မြင့် သန့်စင်မှိုင်းခံစက်ရုံတည်ဆောက်ရန် လုပ်ငန်းရှင် ၃၅ ဦးက အဆိုပြုတင်ပြထားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ စွဲချက်တင်သင့်၊ မတင်သင့် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များ ကြားနာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှု၌ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားရုံးသို့ ရုံးထုတ်ခဲ့ကြောင်း**(ယာပုံ)** နှင့် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များ ကြားနာခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ တရားလိုရဲအုပ် မိုးနိုင်၊ တရားခံ ကြည်လင်း(ခေါ်) ဖိုထူး ပါ-၄ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄/၁၂၂ အရစွဲဆိုမှုနဲ့ ရာဇဝတ်ကြီးအမှု အမှတ် ၄၆/၂၀၁၇ တရားလို ဒုတိယရဲမှူး မြတ်ထွန်းကျော်၊ တရားခံ ကြည်လင်း(ခေါ်) ဖိုးထူးပါ-၂ ရာဇသတ်ကြီး ပုဒ်မ ၁၉(ဃ)(စ)အရစွဲဆိုမှု အမှုနှစ်ခုနဲ့ ပတ်သက်ပြီး တရားခံများအပေါ် စွဲချက်တင်သင့်၊ မတင်သင့် နှစ်ဖက်ရှေ့နေများရဲ့ လျှောက်လဲချက်ကို ကြားနာတာ ဖြစ်ပါတယ်၊ လာမယ့်ရုံးချိန်ကြရင် စွဲချက်တင်သင့် မသင့် ဆုံးဖြတ်အမိန့်ချမှတ်မှာ ဖြစ်တဲ့အတွက် ဖေဖော်ဝါရီ ၉ ရက် သောကြာနေ့ကို အထူးတရားရုံးက ချိန်းဆိုထားပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# မိတ္ထီလာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂**

မိတ္ထီလာတွင် ဖေဖော်ဝါရီ ၁ ရက်က မူးယစ်ဆေးဝါးများ တစ်ရက်တည်း နှစ်ကြိမ်ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ရီ ၁ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်က ပြည်သာယာ(မ) ရပ်ကွက်-၉ လမ်းရှိ အိမ်တစ်အိမ်တွင် မူးယစ်ဆေးဝါးသတင်းအရ အမှတ်-၃ နယ်မြေရဲစခန်းမှ ဒုရဲအုပ် သိပ္ပံနှင့်တပ်ဖွဲ့ဝင်များ သွားရောက်ရှာဖွေရာ နေအိမ်ပိုင်ရှင် မမိခိုင်(ခ)မဝင်းခိုင်မှာ ထွက်ပြေးလွတ်မြောက်သွားပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ ကို သိမ်းဆည်းရမိသဖြင့် မမိခိုင်(ခ) မဝင်းခိုင်အား အမှတ်-၃ နယ်မြေရဲစခန်းက အမှုဖွင့်ထားကာ အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီက ပူးပေါင်းအဖွဲ့များသည် အဆိုပါနေအိမ်နှင့်ကပ်လျက်ရှိ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ ဝဏ္ဏကျော် (၂၅ နှစ်)နှင့် မလွမ်း(ခ) မလွမ်းလွမ်းခိုင် (၃၈ နှစ်)တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၊ အလေးချိန် ၃၅ ဂရမ်နှင့် မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသည်ဟု ယူဆရသော ငွေကျပ် ၂၄၀၀၀၀ နှင့် ဆင်းကတ်ပါ ဟန်းဆက်တစ်လုံးကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အမှတ်-၃ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝ၄၇**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးရှာဖွေသည့် ယာဉ်ငယ်နှစ်စီးပေါ်မှ ပိတောက်ခွားရွှေသစ်များ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၀၂ စီး၊ သွင်းကုန် ၁၀၃၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၈၃၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၆ မိုင် နားဆော့ကျေးရွာအနီး ရပ်တန့်ထားသော Toyota Wish မော်တော်ယာဉ် နှစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ကားနောက်ခန်းတွင် စောင်ဖြင့်ဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွားရွှေ ၄၈ တုံး ၁ ဒသမ ၃၅၇ တန်၊ ပိတောက်သုံးပေအောက် သစ်ငါးလုံး ၀ ဒသမ ၀၆၄၂ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၂၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၌ အစမ်းခန့်ဝန်ထမ်းတစ်ဦး၏လက် ကျားဟပ်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲက အစမ်းခန့်ဝန်ထမ်းတစ်ဦး ကျားဟပ်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၌ ဇန်နဝါရီ ၁ ရက်က စတင် အစမ်းခန့်ထားသည့် ဝန်ထမ်း ဦးရဲမာန်ဦး (Junior Keeper) သည် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် ကျားရုံပြကွက်သို့ မိမိသဘောဖြင့် သွားရောက်ကာ အသက်သုံးနှစ်အရွယ်ရှိ ကျားမလေးအား ပွတ်သပ်ကိုင်တွယ်ရာမှ ၎င်း၏ ဘယ်ဘက်လက်ကောက်ဝတ်အား ငုံခဲလိုက်သဖြင့် ကျားရုံတာဝန်ကျ Keeper များက ကူညီဆောင်ရွက်ပေးမှုကြောင့် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့၍ ဆေးဝါး ကုသပေးလျက်ရှိသည်။ ၎င်းသည် ဇန်နဝါရီ ၃၁ ရက်တွင် Senior Keeper ဦးအောင်မြဆန်း၊ ဦးအောင်နိုင်တို့နှင့်အတူ ဝက်ဝံပြကွက်နှင့် မိကျောင်းပြကွက်များတွင် တွဲဖက်တာဝန်ပေးအပ်ထားသူဖြစ်ကြောင်း သိရသည်။

"ဒီကျားမလေးက ငယ်ငယ်ကတည်းက နို့ဘူးတိုက်ပြီး မွေးထားတဲ့ ကျားမလေးဖြစ်တယ်၊ လူတွေနဲ့လည်း ရင်းရင်းနှီးနှီး ပွတ်သပ်နေထိုင်ပြီး အလွန်ယဉ်ပါးတဲ့ ကျားမလေးပါ၊ ဒီကျားမလေးက မိတ်လိုက်ချိန် စိတ်အပြောင်းအလဲဖြစ်နေလို့ အခုလို ငုံခဲလိုက်တာဖြစ်နိုင်တယ်၊ ပြီးတော့ ဝန်ထမ်းကလည်း ဒီကျားမလေးနဲ့ မရင်းနှီးသေးတာကြောင့်လည်း ဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ တိရစ္ဆာန်ဥယျာဉ်ကို လာရောက်လည်ပတ်ကြည့်ရှုကြတဲ့ ဧည့်ပရိသတ်တွေနဲ့ ကလေးငယ်တွေ ကျားခြံသံတိုင်ကြားကို အစာကျွေးတာ၊ ရန်မူတတ်လာအောင် စနောက်တာတွေ မပြုလုပ်ကြဖို့ အထူးမေတ္တာရပ်ခံချင်ပါတယ်၊ တိရစ္ဆာန်ဆိုတာ ဘယ်လောက်ယဉ်ပါးနေပါစေ။ အန္တရာယ်ဆိုတာ သတိထား ဆင်ခြင်သင့်တာ အကောင်းဆုံးပါ"ဟု တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင်က ပြောသည်။

တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)တွင် ကျားအထီး ငါးကောင်၊ ကျားမလေးကောင် စုစုပေါင်း ကိုးကောင်ရှိပြီး နို့တိုက်တိရစ္ဆာန် ၃၁၄ ကောင်နှင့် တွားသွားတိရစ္ဆာန် ၃၇၁ ကောင် စုစုပေါင်းအကောင်ရေ ၁၁၀၀ ပြသထားကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## မှုခင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မိတ္ထီလာ ဖေဖော်ဝါရီ ၂**

မိတ္ထီလာမြို့ စီးပွားရေးတက္ကသိုလ်တွင် ဇန်နဝါရီ ၂၆ ရက်က စီးပွားရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပေးဟောပြောခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်းက မှုခင်းကျဆင်းရေး၊မှုခင်းပပျောက်ရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးများကို အသိပညာပေးဟောပြောခြင်း၊ အမှတ်-၉၆ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရန် အသိပညာပေးဟောပြောပြီး အမှတ်-၃ နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွင်မှ မူးယစ်ဆေးဝါး ပပျောက်ရေး၊ ကာကွယ်တားဆီးရေးနှင့်မသုံးစွဲရန် အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

စီးပွားရေးတက္ကသိုလ် အသိပညာပေးဟောပြောပွဲသို့ ကျောင်းသားရေးရာဌာန ဦးဝင်းဇော်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၃၅၀ ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဘုရားမီးပူဇော်ရာမှ နေအိမ်မီးလောင်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် ဖေဖော်ဝါရီ ၁ ရက် ည ၇ နာရီခွဲခန့်က ဘုရားစင်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ည ၇ နာရီခွဲခန့်တွင် ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက်ရှိ ဦးလှသန်း (၄၈ နှစ်) ပိုင်ဆိုင်သည့် နေအိမ်အပေါ်ထပ် ဘုရားခန်းတွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်စဉ် ဘုရားခန်းမျက်နှာကြက်သို့ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ကိုစွမ်း(ခ)စွမ်းပြည့်ထွန်း ပြည်တော်သာရပ်ကွက်နေသူ၊ ဦးတင်လတ် နှစ်ကျပ်ခွဲကျေးရွာနေသူနှင့် ဒေါ်ခင်မေဦး ပြည်တော်သာရပ်ကွက်နေသူတို့တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က မီးသတ်ယာဉ်ငါးစီးဖြင့် ပြည်သူများနှင့် ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ မီးကို ပေါ့ဆစွာသုံးစွဲခဲ့သည့် အိမ်ရှင် ဦးလှသန်းအား ကျောက်ပန်းတောင်းမြို့ရဲစခန်းက အမှုဖွင့်ထားပြီး ဒဏ်ရာရရှိသူများကို မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# သားအဖချင်း စကားများရန်ဖြစ်၍ လူသတ်မှုဖြစ်

**သထုံ ဖေဖော်ဝါရီ ၂**

ဘီးလင်းမြို့နယ် ရွှေလေ့ကျေးရွာတွင် ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီ ၄၅ မိနစ်က ရန်ဖြစ်စကားများ၍ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီးလင်းမြို့နယ် ရွှေလေ့ကျေးရွာ ရပ်ကွက်-၂ နေ ဦးလှမြင့်(၆၈နှစ်)သည် နေအိမ်အောက်ထပ် ကွပ်ပျစ်တွင်ထိုင်နေစဉ် သားဖြစ်သူ သက်ဇော် (၃၇နှစ်) အပြင်မှ ပြန်လည်ရောက်ရှိလာစဉ် အပြန်အလှန်စကားများခဲ့ကြောင်း သိရသည်။

ထို့ကြောင့် သားဖြစ်သူမှာ အရက်သေစာသောက်စားမူးယစ်၍ ၎င်းအား အမျိုးမျိုး ပြောဆိုနေခြင်းအပေါ် မခံမရပ်ဖြစ်ပြီးဒေါသဖြစ်ကာ ဦးလှမြင့်က ၎င်းအနီးရှိ အိမ်သုံး ဓားဦးချွန်ဖြင့် သက်ဇော်၏ ယာဘက်ရင်အုံအား ဓားဖြင့်ထိုးစိုက်လိုက်သဖြင့် နေရာတွင် လဲကျသွားပြီး ဆေးရုံသို့ တင်ပို့စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘီးလင်းမြို့မရဲစခန်းက ဦးလှမြင့် (၆၈နှစ်)အား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**၁၃၈**

# ဒလမြို့နယ်၌ တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**ဒလ ဖေဖော်ဝါရီ ၂**

ဒလမြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက်က လှည့်ကင်းရဲတပ်ဖွဲ့ဝင်များနှင့် ပက်ပင်းတိုးမိသော တရားခံပြေးတစ်ဦးမှာ နောက်ထပ်တစ်မှုနှင့် ထပ်မံအရေးယူခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက် နံနက် ၃ နာရီတွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ရန်ပြည်ရပ်ကွက် ရာဇသင်္ကြန်ကမ်းနားလမ်းအရောက်တွင် မြို့နယ်တရားရုံးမှ အလိုရှိတရားခံပြေးဖြစ်သော အလိ(ခ)လုရွှေအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက အလိ(ခ)လုရွှေအား စစ်ဆေးရှာဖွေရာ လွယ်အိတ်အတွင်း ဆင်းကတ်နှစ်ခုပါ ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ ငွေကျပ် ၈၁၄၁၀ တို့အား တွေ့ရှိခဲ့ပြီး အဆိုပါပစ္စည်းများအား အလိ(ခ)လုရွှေမှ ပိုင်ဆိုင်ကြောင်း သက်သေအထောက်အထားခိုင်မာစွာ ပြောဆိုနိုင်ခြင်းမရှိသည့်အတွက် ဒလမြို့မရဲစခန်းက အလိ(ခ) လုရွှေအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ဦး (ဒလ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ရထားရှေ့ဖြတ်ပြေးသည့်အမျိုးသမီးလေးဦး ရထားတိုက်မိ၍သေဆုံး



**နယူးဒေလီ ဖေဖော်ဝါရီ ၂**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ဖေဖော်ဝါရီ ၂ ရက်က ရထားတိုက်မိမှုကြောင့် အနည်းဆုံး အမျိုးသမီးလေးဦးသေဆုံးခဲ့ပြီး အခြားလူတစ်ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၏ မြို့တော်ပက်နာမြို့အနောက်မြောက်ဘက် ၁၃၄ ကီလိုမီတာအကွာ စီဝမ်ခရိုင်ရှိ ကရာချိဘူတာရုံအနီး၌ ပြေးဆွဲနေသောရထားရှေ့မှ ဖြတ်ပြေးမှုကြောင့် ရထားတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခြားရထားလမ်းမှရထားကို စီးနင်းရန်အတွက် ရထားလမ်းပေါ်မှ ဖြတ်ပြေးလာသည့် အမျိုးသမီး ငါးဦးကို ခုတ်မောင်းလာသည့် ရထားတစ်စင်းက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။


ရထားတိုက်မိမှုကြောင့် အမျိုးသမီးလေးဦး နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

ရထားတိုက်ခံရသူအမျိုးသမီးများမှာ ဂိုပယ်ဂနီဒေသမှဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ရထားကွန်ရက်များသည် ကမ္ဘာပေါ်တွင် တတိယမြောက်အကြီးဆုံး ကွန်ရက်တစ်ခုဖြစ်ပြီး နေ့စဉ် လူ ၂၃ သန်းဝန်းကျင်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ရထားလမ်းများအား အဆင့်မြှင့်တင်သင့်သည်များကို မြှင့်တင်ကာ အသစ်တည်ဆောက်သင့်သည်များကိုတည်ဆောက်ရန်အတွက် ငါးနှစ်တာအချိန်ကာလတစ်ခုကျော်အတွင်း အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ်က ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ ရွှေတွင်းပြိုကျမှုကြောင့် လူ ၁၇ ဦး သေဆုံးပြီး အများအပြားပိတ်မိနေ



**ဆူဒန် ဖေဖော်ဝါရီ ၂**
၂၀၁၁ ခုနှစ်၌ တောင်ဆူဒန်ခွဲထွက်သွားပြီးနောက် ဆူဒန်နိုင်ငံသည် ၎င်း၏ ဆုံးရှုံးသွားသော ရေနံထုတ်လုပ်မှု သုံးပုံနှစ်ပုံအစား ဝင်ငွေပြန်လည်ဖြည့်တင်းနိုင်ရန် ရွှေထုတ်လုပ်မှုမှ ဝင်ငွေများအပေါ် မှီခိုနေရသည်ဖြစ်ရာ ယမန်နေ့က ဆူဒန်နိုင်ငံအရှေ့ပိုင်းတွင် ရွှေတွင်းတစ်တွင်း ပြိုကျမှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူ ၁၇ ဦးသေဆုံးခဲ့ကြောင်း ဆူဒန်ထရီဗျူန်းတွင် ဖော်ပြခဲ့သည်။

ဆူဒန်မြို့တော် အရှေ့မြောက်ဘက် ၅၀၀ ကီလိုမီတာခန့်အကွာ အက်ဘာရာ-ဟာရာလမ်းမပေါ်၌ရှိသည့် ရွှေတွင်း ပြိုကျမှုကြောင့် အခြားလူနှစ်ဦးထိခိုက် ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ရွှေတွင်းပြိုကျမှု ဖြစ်ပွားသောကြောင့် လူများစွာ ပိတ်မိနေခဲ့ပြီး အများစုမှာ ဆူဒန်နိုင်ငံ ဒါဖာမြို့မှဖြစ်ကြောင်း သိရသည်။

သမားရိုးကျ ရွှေတွင်းများတွင် လုပ်ကိုင်နေသော ဆူဒန်နိုင်ငံသား အလုပ်သမားနှစ်သန်းကျော်ရှိပြီး နိုင်ငံ ရွှေထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

ဂါနာနိုင်ငံနှင့် တောင်အာဖရိက နိုင်ငံပြီးလျှင် ဆူဒန်နိုင်ငံသည် လက်ရှိတွင် အာဖရိက၏ ရွှေထုတ်လုပ်မှုအများဆုံး နိုင်ငံဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ရွှေထုတ်လုပ်မှု၏ ထိပ်ဆုံးထိရောက်ရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

**ဆင်ဟွာ**

# တရုတ်၏ စီးပွားရေးအင်အားကြီးထွားလာမှုကို သတိပြုရန် လက်တင်အမေရိကနိုင်ငံများအား တေလာဆန်သတိပေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်သည် လက်တင်အမေရိက၌ တရုတ်နိုင်ငံ၏ စီးပွားအင်အားတည်ရှိမှုကြီးထွားလာနေသည့်အပေါ် သတိရှိရန် နှိုးဆော်တိုက်တွန်းခဲ့ကြောင်း သိရသည်။

မက္ကဆီကို၊ အာဂျင်တီးနား၊ ပီရူး၊ ကိုလံဘီယာနှင့် ဂျမေကာနိုင်ငံများဆီသို့ ငါးနိုင်ငံ ခရီးစဉ်သွားရောက်မှုမတိုင်မီ ကြာသပတေးနေ့က တေလာဆန်သည် တက္ကဆက်ပြည်နယ် အော်စတင်မြို့၌ မိန့်ခွန်းပြောကြားခဲ့သည်။

တေလာဆန်က တရုတ်နိုင်ငံသည် လက်တင်အမေရိကကို ၎င်း၏လမ်းကြောင်းဆီသို့ ဆွဲခေါ်နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာနိုင်ငံရေးပရိယာယ်ကို အသုံးပြုလျက်ရှိကြောင်းပြောကြားခဲ့ပြီး တရုတ်နိုင်ငံအပေါ်တွင် စီးပွားရေးအရအလွန်အကျွံ အားထားခြင်းမပြုရန် လက်တင်အမေရိကနိုင်ငံများကို သတိပေးခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာ စံသတ်မှတ်ချက်များကို လေးစားလိုက်နာနေ သလို လက်တင်အမေရိကနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကူညီပေးသွားမည်ဖြစ်ကြောင်း တေလာဆန်က ပြောကြားခဲ့သည်။

တေလာဆန်၏ လက်တင်အမေရိကခရီးစဉ်သည် ၎င်းနိုင်ငံခြားရေးဝန်ကြီးအဖြစ် အဆိုပါဒေသသို့ ပထမဆုံးအကြိမ်သွားရောက်သည့်ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်-မက္ကဆီကိုနယ်စပ်၌ နယ်စပ်တံတိုင်းတည်ဆောက်သွားရန် ကြိုးပမ်းနေပြီး နိုင်ငံအကျိုးစီးပွားကိုကာကွယ်လိုသည့် ကုန်သွယ်ရေးမူဝါဒကို မြှင့်တင်ရန် အားထုတ်လျက်ရှိရာ တေလာဆန်အနေဖြင့် လက်တင်အမေရိကနိုင်ငံများနှင့် အပြန်အလှန်ဆက်ဆံရေးကို တိုးတက်အောင် လုပ်ဆောင်နိုင်ခြင်းရှိမရှိ ဆိုသည်ကို နိုင်ငံတကာက စောင့်ကြည့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ရှန်ဟိုင်း၌ မီနီဗင်ကားတစ်စီးလူအုပ်ထဲသို့ ဝင်တိုက်မိ၍ လူအများအပြားဒဏ်ရာရ

**ရှန်ဟိုင်း ဖေဖော်ဝါရီ ၂**
တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့စွန်၌ သောကြာနေ့နံနက်ခင်းက မီနီဗင်ကားတစ်စီး လူအုပ်ထဲသို့ ဝင်တိုက်မိခဲ့ပြီးနောက် လူ ၁၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ သုံးဦးမှာဒဏ်ရာပြင်းထန်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

လူအုပ်ထဲသို့ ယာဉ်မတော်တဆတိုက်မိမှုသည် နံနက် ၉ နာရီခန့်တွင် ဟွမ်ပူခရိုင်အတွင်းရှိ ပြည်သူ့ပန်းခြံအနီး၌ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြူနီစီပယ်အာဏာပိုင်များက လူမှုကွန်ရက်ဆိုက်တစ်ခုဖြစ်သည့် ဝေပိုတွင် ဖော်ပြမှုအရ သိရသည်။

မျက်မြင်များက မီနီဗင်ကားသည် ကော်ဖီဆိုင်ရှေ့ ခြံစည်းရိုးဆီသို့ဝင်မတိုက်မီ မီးစွဲလောင်နေခဲ့ကြောင်း ပြောကြားခဲ့သည်။

ကနဦး စုံစမ်းစစ်ဆေးမှုများအရ ကားဒရိုင်ဘာချန် (အသက် ၄၀) သည်ကားအတွင်း ဆေးလိပ်သောက်ရာမှ မီးစွဲလောင်ခဲ့ကြောင်း တွေ့ရှိရသည်။

၎င်းသည် အန္တရာယ်ရှိသည့် ကုန်ပစ္စည်းများကို တရားမဝင်သယ်ယူပို့ဆောင်မှုပြုလုပ်ပေးနေသည်ဟု သံသယရှိသူဖြစ်ကြောင်း ရှန်ဟိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ဇီပြည်နယ်၌ နေထိုင်သူဖြစ်သည့် ချန်သည် ရှန်ဟိုင်းရှိသတ္တုပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း သိရသည်။ ချန်နှင့်အတူ အခြားထိခိုက်ဒဏ်ရာရရှိခဲ့သူ ၁၇ဦးတို့ကို ဆေးရုံများသို့ပို့ဆောင်ခဲ့ကြသည်။



**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဟားမားစ်အဖွဲ့ခေါင်းဆောင်အား ကမ္ဘာ့အကြမ်းဖက်သမားများ စာရင်း ထည့်သွင်းရန် အမေရိကန်ဆုံးဖြတ်

**ဂါဇာ ဖေဖော်ဝါရီ ၂**

ဟားမားစ်အဖွဲ့ခေါင်းဆောင် အစ္စမေးလ်ဟာနီယာအား ကမ္ဘာ့အကြမ်းဖက်သမားများစာရင်းတွင် ထည့်သွင်းရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို အစ္စလာမ္မစ်ဟားမားစ်အဖွဲ့က ယမန်နေ့တွင် ပြစ်တင်လိုက်သည်။

အမေရိကန်၏ ဆုံးဖြတ်ချက်သည် အဓိပ္ပာယ်မရှိကြောင်း သတ်မှတ်ခဲ့ပြီး ပါလက်စတိုင်းပြည်သူများသည် အမေရိကန်တွေထံမှ လူရည်မွန်လက်မှတ်ရရှိရန် စောင့်ဆိုင်းနေသူများ မဟုတ်ကြောင်း ဟားမားစ်ခေါင်းဆောင်များက ပြောကြားခဲ့သည်။

အစ္စမေးလ်ဟာနီယာကို ကမ္ဘာ့အကြမ်းဖက်သမားများစာရင်းတွင် ထည့်သွင်းခြင်းသည် ပါလက်စတိုင်းလက်နက်ကိုင်တပ်ဖွဲ့အပေါ် ဖိအားပေးရန်ကြိုးပမ်းခြင်းဖြစ်သော်လည်း အောင်မြင်မှုရမည်မဟုတ်ကြောင်း ဟားမားစ်ပြောရေးဆိုခွင့်ရှိသူ ဂါဇာဟာဇမ်ကွာဆမ်က ၎င်း၏ အီးမေးလ်ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်၏ ဆုံးဖြတ်ချက်သည် ဟားမားစ်တို့၏ ရည်မှန်းချက်ပန်းတိုင်ကို လုံးဝချိုးဖျက်နိုင်မှာ မဟုတ်ကြောင်းနှင့် အစ္စရေးနိုင်ငံ၏ နေရာယူမှုကို ဖယ်ရှားရှင်းလင်းနိုင်သည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### နိုင်ဂျီးရီးယား၌ အသေခံဗုံးခွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံး

**လာဂို့စ် ဖေဖော်ဝါရီ ၂**

နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးသွားကြောင်း သိရသည်။

ဒိုင်ဒူဂူရီမြို့ရှိ ဒယ်လိုရီ စစ်ပြေးဒုက္ခသည်စခန်းတွင် အသေခံဗုံးခွဲသူအမျိုးသမီးတစ်ဦး တိတ်တဆိတ်ဝင်ရောက်လာခဲ့ပြီး ပေါက်ကွဲပစ္စည်းကို ဖောက်ခွဲခဲ့ရာ ၎င်းနှင့် နောက်ထပ်လူငါးဦးသေဆုံးသွားခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ အကြီးအကဲ ဆာတိုမီအာမက်က ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ပထမအကြိမ် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒုတိယမြောက်ဗုံးခွဲသူသည် နောက်ထပ်အသေခံဗုံးခွဲမှုတစ်ခု ထပ်မံလုပ်ဆောင်ခဲ့သည်။ သို့သော် ဗုံးခွဲသူသာ သေဆုံးခဲ့ပြီး အခြားသူများကို ထိခိုက်ခဲ့ခြင်းမရှိကြောင်း ဆာတိုမီက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုသည် အမျိုးသမီးများအား အသုံးပြုကာ အသေခံဗုံးခွဲမှုများကို အရှိန်မြင့်လုပ်ဆောင်လာလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ငြိမ်းချမ်းရေးကို ထုဆစ်နိုင်ဖို့ အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာမည့် အီရတ်ရွေးကောက်ပွဲ

**ခြူးစန္ဒီနွေး**



အိုင်အက်စ်တို့ ခေါင်းထောင်နေချိန် အီရတ်ဝန်ကြီးချုပ် ဟေဒါအယ်အဗ္ဗဒီဟာ အီရတ်နိုင်ငံရဲ့ နေရာအစိတ်အပိုင်းအတော်များများကို သိမ်းပိုက်ထားတဲ့ အိုင်အက်စ်တို့ကို တိုက်ထုတ်ဖို့ရာ အီရတ်စစ်တပ်ကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ သူ့ရဲ့ လုပ်ဆောင်ချက်အောင်မြင်တယ်လို့ ပြောရမှာပါ။ အိုင်အက်စ်တို့လက်ထဲက နယ်မြေတွေကို ပြန်သိမ်းနိုင်ပြီး အစိတ်စိတ်အမြွှာမြွှာကွဲကြေနေတဲ့ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တည်ငြိမ်အောင်ပြန်လည်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြားမှာပဲ ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီက အီရတ်နိုင်ငံရဲ့အခြေအနေဟာ အခုအချိန်မှာ တည်ငြိမ်စပြုလာပြီဖြစ်ပေမယ့် အချိန်မရွေးပျက်စီးသွားနိုင်တယ်။ နိုင်ငံရဲ့ တည်ငြိမ်မှုဟာ ကျိုးလွယ်ဆတ်လွယ်တဲ့ အခြေအနေမှာပဲ ရှိနေသေးတယ်လို့ သတိပေးခဲ့ပါတယ်။

**အီရတ်နိုင်ငံရဲ့ရွေးကောက်ပွဲ**

အီရတ်နိုင်ငံရဲ့ အခြေအနေကို ပြန်ကြည့်မယ်ဆိုပြန်ရင် အားရစရာအချက်ရယ်လို့တော့ သိပ်မရှိပါဘူး။ နိုင်ငံအတွင်းမှာ ရှီးယိုက်နဲ့ ဆွန်နီလူဦးရေနှစ်ခုအကြား အမြဲတမ်းပြဿနာတက်နေပြီး အစိုးရအဖွဲ့အတွင်း အကျင့်ပျက်ခြစားမှုတွေကလည်း ရှိနေပြန်ပါတယ်။ စီးပွားရေးကိုကြည့်မယ်ဆိုရင်လည်း ချည့်နဲ့နေတာကို တွေ့ရမှာဖြစ်တယ်။ အထူးသဖြင့်ကတော့ အီရတ်အစိုးရနဲ့ အိုင်အက်စ်တို့ရဲ့တိုက်ပွဲတွေကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတဲ့ ပြည်သူအရေအတွက်ဟာလည်း သန်းနဲ့ချီပြီး ရှိနေပါတယ်။ ဒီလိုအခြေအနေတွေကြားထဲမှာ အီရတ်နိုင်ငံအတွက် အရေးကြီးတဲ့ အချိန်တစ်ခုကို ဖြတ်ကျော်ဖို့ရောက်ရှိလာပြန်ပါပြီ။ အဲဒါကတော့ အီရတ်နိုင်ငံရဲ့ရွေးကောက်ပွဲပါပဲ။ အခုအချိန်ဟာ အီရတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ရမယ့် အရေးကြီးတဲ့ အချိန်လည်းဖြစ်တယ်။ အခုမဲပေးမှုကနေတစ်ဆင့် အီရန်နိုင်ငံရဲ့ အရှေ့အလယ်ပိုင်းဒေသမှ လွှမ်းမိုးမှုကိုလည်း အပြောင်းအလဲဖြစ်အောင် ဖန်တီးလိုက်လို့လည်းရပါတယ်။

**ညှိနှိုင်းဖို့ရာ ဆောင်ရွက်**

အီရတ်ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီ အတွက်လည်း အရေးကြီးတဲ့အချိန်ပါပဲ။ သူဟာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုတွေမှာ တစ်ခါမှ ဦးဆောင်ခဲ့သူလည်း မဟုတ်ပါဘူး။ သူဟာ အီရတ်နိုင်ငံရဲ့အမျိုးမျိုးကွဲပြားနေတဲ့ နိုင်ငံရေးအင်အားစုတွေကို ညှိနှိုင်းဖို့ရာ ဆောင်ရွက်နေသူလည်းဖြစ်တယ်။ အခုရွေးကောက်ပွဲကတော့ သူ့ရဲ့နိုင်ငံရေးအမြင် ဘယ်လောက်ရှိသလဲဆိုတာ စမ်းသပ်ရမယ့်ပွဲလည်းဖြစ်ပါတယ်။ အီရတ်နိုင်ငံရဲ့ရွေးကောက်ပွဲဟာ မေလ ၁၂ ရက်နေ့မှာ စတင်မှာပဲဖြစ်တယ်။ ဝန်ကြီးချုပ်ဟာ အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ ရှီးယိုက်ခေါင်းဆောင်တွေကိုလည်း လက်ခံတွေ့ဆုံခဲ့တယ်။ အီရတ်နိုင်ငံမှာဆိုရင် လူများစုလို့သတ်မှတ်ရမယ့် ရှီးယိုက်တွေဟာ နိုင်ငံရေးအသိုင်းအဝိုင်းမှာ နေရာယူထားနိုင်တယ်။ ၂၀၀၃ ခုနှစ် ဆက်ဒမ်ဟူစိန်ပြုတ်ကျပြီးနောက်ပိုင်း ရှီးယိုက်ညွန့်ပေါင်းအစိုးရဟာ အစိုးရအဖွဲ့ကို ဆက်လက်ပြီး တာဝန်ယူလုပ်ဆောင်တယ်။ ဒီအချက်ကိုလည်း အခုရွေးကောက်ပွဲမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်တယ်။

**ဆွေးနွေးပွဲကနေ ထွက်ခွာခဲ့ရ**

အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ ရှီးယိုက်စစ်သွေးကြွခေါင်းဆောင်တွေကို ဘာကြောင့် လက်ခံကြိုဆိုခဲ့တာပါလဲ။ ဘာလို့လဲဆိုရင် သူတို့ဟာ အိုင်အက်စ်တွေကို တိုက်ထုတ်တဲ့နေရာမှာ ကူညီခဲ့တဲ့အတွက် ချီးကျူးထောမနာ ပြုခံနေရသူတွေဖြစ်လို့လည်း ပါပါတယ်။ ဒါပေမယ့်လည်း သူတို့ကို ရက်စက်ကြမ်းကြုတ်သူတွေလို့ စွပ်စွဲမှုတွေရှိပြီး အီရန်ဘက်တော်သားတွေလို့လည်း စွပ်စွဲမှုတွေ ရှိပါတယ်။ သူတို့ကို ဆွန်နီနဲ့ ကာ့ဒ်ခေါင်းဆောင်တွေက မကြိုက်ပါဘူး။ သူတို့ကို လက်ခံတဲ့အတွက်လည်း ဆွန်နီနဲ့ ကာ့ဒ်ခေါင်းဆောင်တွေ ဒေါသထွက်ကြရပါတယ်။ ရှီးယိုက်ခေါင်းဆောင် မွတ်တာဒါ အဲလ်ဆာဒါ ကိုယ်တိုင်တောင် ဒီရှီးယိုက်စစ်သွေးကြွခေါင်းဆောင်တွေကို လက်မခံပါဘူး။ ဒါကြောင့် ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီလည်း ရှီးယိုက်စစ်သွေးကြွခေါင်းဆောင်တွေကို လက်ခံမယ့်အရေးကနေ နောက်ဆုတ်ခဲ့ရပါတယ်။ ဒီလိုနဲ့ပဲ အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ရှီးယိုက်စစ်သွေးကြွခေါင်းဆောင်တွေဟာ မဟာမိတ်ဖွဲ့ဖို့ရာဆွေးနွေးပွဲကနေ ထွက်ခွာသွားခဲ့ရပါတယ်။ အီရတ်ရွေးကောက်ပွဲဟာဆိုရင် ကျင်းပဖို့ရာ သုံးလကျော် အချိန်ကျန်ပါသေးတယ်။ အခုအချိန်မှာတော့ လက်ရှိဝန်ကြီးချုပ်က လူကြိုက်အများဆုံးနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရဖို့အရေးရေပန်းစားလို့နေပါတယ်။ မစ္စတာ အဗ္ဗဒီဟာ လူကြိုက်အများဆုံးနိုင်ငံရေးသမားဖြစ်နေပေမယ့် သူ့ရဲ့ အခြေအနေဟာ လမ်းကျဉ်းလေးမှာ လျှောက်လှမ်းနေရသူနဲ့ တူပါတယ်။ ဘာလို့လဲဆိုရင် သူ့ကို ထောက်ခံသူတွေများသလို ရန်သူတွေလည်း များလို့ပါပဲလို့ အီရတ်ရေးရာသုံးသပ်သူ မစ္စတာ ရီနတ်မန်ဆောက ပြောပါတယ်။

**ထိုးနှက်ချက်တစ်ခုဖြစ်**

မစ္စတာ အဗ္ဗဒီဟာ ၂၀၁၄ ခုနှစ်မှာ အာဏာရလာတယ်။ သူအာဏာရတဲ့အချိန်မှာ အီရတ်နိုင်ငံရဲ့သုံးပုံနီးပါးခန့်ကို အိုင်အက်စ်တွေက သိမ်းထားတယ်။ ဒါဟာလည်း သူ့ထက်အရင်ခေါင်းဆောင်ရဲ့ ချို့ယွင်းမှုတွေကြောင့်ပဲဖြစ်တယ်လို့ အများက လက်ခံထားကြတယ်။ မစ္စတာ အဗ္ဗဒီဟာ နိုင်ငံ့ခေါင်းဆောင်ဖြစ်နေချိန်မှာ သူ့ပါတီကို ဦးဆောင်လို့မရပါဘူး။ သူ့ပါတီအတွင်းမှာလည်း သူ ဝန်ကြီးချုပ်ရာထူးကနေ ဖြုတ်ချလိုက်တဲ့ မစ္စတာ မာလီကီက ဦးဆောင်နေပါတယ်။ ဒါကြောင့် မစ္စတာ မာလီကီက လက်ရှိဝန်ကြီးချုပ်ဖြစ်တဲ့ အဗ္ဗဒီကို ပါတီအတွက် မဲဆွယ်တဲ့အခါ သူတို့ပါတီရဲ့ ပုံရိပ်ကို အသုံးပြုခွင့်မပေးဖို့ ပိတ်ပင်ထားပါတယ်။ ဒါဟာလည်း လက်ရှိဝန်ကြီးချုပ်အတွက် ရွေးကောက်ပွဲဝင်ရာမှာ ကြုံတွေ့ရမယ့် ထိုးနှက်ချက်တစ်ခုလည်းဖြစ်တယ်။

**မဟာမိတ်တွေ လိုအပ်**

ဒါကြောင့် ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီဟာ သူ့ကိုယ်ပိုင်ညွန့်ပေါင်းအဖွဲ့ကို ဖန်တီးလိုက်တယ်။ ဒီညွန့်ပေါင်းအဖွဲ့ဟာ ချက်ချင်းဆိုသလိုပဲ ဒေသတွင်းက နိုင်ငံရေးသမားတွေကို ဆွဲဆောင်နိုင်ခဲ့တယ်။ ရွေးကောက်ပွဲကိုဝင်ဖို့အတွက် ခိုင်မာတဲ့ ယုံကြည်မှု လမ်းကြောင်းတစ်ခု ဖောက်လုပ်ပေးလိုက်သလိုပါပဲ။ ၂၀၀၃ ခုနှစ် ဆက်ဒမ်ဟူစိန်ပြုတ်ကျပြီးသွားတဲ့နောက်ပိုင်း အီရတ်ရွေးကောက်ပွဲမှာ သုံးကြိမ်တိုင်တိုင် ညွန့်ပေါင်းအဖွဲ့တွေက ဦးဆောင်နိုင်ခဲ့ပါတယ်။ အခုရွေးကောက်ပွဲမှာလည်း မစ္စတာ အဗ္ဗဒီ အနေနဲ့ အနိုင်ရရှိဖို့ဆိုရင် လက်ရှိမှာ အီရတ်နိုင်ငံရေးလောကကို လွှမ်းမိုးနေတဲ့ ရှီးယိုက်တွေကို ကျော်လွှန်ဖို့ဆိုရင် ဒီထက်ပိုပြီး မဟာမိတ်တွေ လိုဦးမှာပဲဖြစ်တယ်။

မစ္စတာ အဗ္ဗဒီ အနေနဲ့ အဓိကရင်ဆိုင်ရမယ့်သူ နှစ်ဦးရှိပါတယ်။ သူတို့ကတော့ သူ့ရဲ့နိုင်ငံရေးပြိုင်ဘက် မစ္စတာ မာလီကီနဲ့ နောက်တစ်ယောက်ကတော့ အီရန်လိုလားသူ စစ်သွေးကြွခေါင်းဆောင်တို့ပဲဖြစ်တယ်။ နောက်ထပ်တစ်ဦးကတော့ မစ္စတာ ဆာဒါပဲဖြစ်တယ်။ သူကတော့ ဆင်းရဲသားတွေ၊ အလုပ်လက်မဲ့တွေရဲ့ ထောက်ခံမှုကို ရရှိထားသူလည်းဖြစ်တယ်။ ပြီးတော့ သူဟာ အီရန်တို့ရဲ့ ဝင်ရောက်စွက်ဖက်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချသူလည်းဖြစ်တယ်။ သူဟာလည်း လက်ရှိဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီ ကဲ့သို့ပင် မဟာမိတ်ညွန့်ပေါင်းဖွဲ့ထားသူလည်းဖြစ်တယ်။ သူ့ရဲ့ အဖွဲ့ထဲမှာ အီရန်ကို ဆန့်ကျင်တဲ့ ဆွန်နီခေါင်းဆောင်တွေလည်း ပါဝင်ပါတယ်။ မစ္စတာ အဗ္ဗဒီနဲ့ ရင်းနှီးတဲ့ နိုင်ငံရေးသမားတွေဟာ မစ္စတာ ဆာဒါရဲ့ နောက်လိုက်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ရှိတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်လာပါတယ်။ ဒီသတင်းကတော့ သိပ်ပြီးတော့ မသေချာပါဘူး။ ဘာလို့လဲဆိုရင် မစ္စတာ ဆာဒါဟာ အီရန်ဆန့်ကျင်သူ အမျိုးသားရေးဝါဒီဖြစ်ပြီး မစ္စတာ အဗ္ဗဒီကတော့အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ ရှီးယိုက်စစ်သွေးကြွခေါင်းဆောင်တွေကို လက်ခံတဲ့အတွက် မစ္စတာ ဆာဒါရဲ့ အဖွဲ့အတွင်းက ခေါင်းဆောင်တွေရဲ့ဒေါသဖြစ်မှုကို ခံထားရသူလည်းဖြစ်တယ်။

**မဲပေးရန် အခြေခံလိုအပ်ချက်တွေ မပြည့်စုံသေး**

ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီဟာ အီရတ်ဆွန်နီတွေကြားမှာ သူ့ရဲ့ဂုဏ်သတင်းကို ထိန်းထားနိုင်သူလည်းဖြစ်တယ်။ ဒီအချက်ကြောင့်လည်း သူ့အစိုးရဟာ အပြည်ပြည်ဆိုင်ရာ လှူဒါန်းသူတွေညီလာခံမှာ မျက်နှာပန်းလှမယ်လို့ ယူဆရပါတယ်။ ဒီအလှူရှင်တွေဆီကနေရတဲ့ ရန်ပုံငွေတွေကတစ်ဆင့် အိုင်အက်စ်တွေနဲ့ တိုက်ပွဲကြောင့်ပျက်စီးသွားရတဲ့ ဆွန်နီတွေရဲ့နေအိမ်တွေ၊ မြို့တွေကို ပြန်လည်တည်ဆောက်နိုင်မယ်လို့ မျှော်လင့်ထားကြပါတယ်။ ဆွန်နီနဲ့ ကာဒ့်ဥပဒေပြုအမတ်တွေကတော့ ရွေးကောက်ပွဲကို နောက်ဆုတ်ရင်ကောင်းမလားဆိုပြီး လွှန်ခဲ့တဲ့ သီတင်းပတ်က ငြင်းခုံခဲ့ကြပါသေးတယ်။ ဘာလို့လဲဆိုရင် တချို့နေရာတွေမှာ မဲပေးဖို့အတွက် အခြေခံလိုအပ်ချက်တွေ မပြည့်စုံသေးလို့ပါပဲ။ ဒီအကြောင်းပြချက်ကို အီရတ်တရားရုံးချုပ်က လက်မခံခဲ့ပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲကတော့ အရင်သတ်မှတ်ထားတဲ့ အတိုင်းပဲ ဆက်လက်ကျင်းပမှာပါ။ လက်ရှိဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒီ အတွက်ကတော့ ပြိုင်ဘက်တွေ၊ ရန်သူတွေများတာ မှန်ပေမယ့် သူ့လက်ထက်ကျမှ အိုင်အက်စ်တွေကို တိုက်ထုတ်နိုင်တာကြောင့်ရော၊ ညီညွတ်မှုတွေ ကွဲပြားနေတဲ့ နိုင်ငံကို စည်းရုံးနိုင်တာကတစ်ကြောင်း လူထုထောက်ခံမှုရရှိထားပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ ဒုတိယသက်တမ်းဟာ မကြာမီမှာပဲ ဖြစ်လာတော့မယ်လို့ ယူဆရပါတယ်။ ။

**ကိုးကား -**
**နယူးယောက်တိုင်းမ်**

> **“ဆွန်နီနဲ့ ကာဒ့်ဥပဒေပြုအမတ်တွေကတော့ ရွေးကောက်ပွဲကို နောက်ဆုတ်ရင်ကောင်းမလားဆိုပြီး လွှန်ခဲ့တဲ့ သီတင်းပတ်က ငြင်းခုံခဲ့ကြပါသေးတယ်။ ဘာလို့လဲဆိုရင် တချို့နေရာတွေမှာ မဲပေးဖို့အတွက် အခြေခံလိုအပ်ချက်တွေ မပြည့်စုံသေးလို့ပါပဲ။ ဒီအကြောင်းပြချက်ကို အီရတ်တရားရုံးချုပ်က လက်မခံ”**

# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာသိကောင်းစရာ

ဒေါက်တာ ပိုးပိုး (ပါမောက္ခ၊ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာ လေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ သင်ခန်းစာ ၁၄ ခုပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် လေ့လာထားကြ ဖို့လိုအပ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများကို ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာတွေကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။ နှစ်စဉ် နှစ်တိုင်းမှာ မေးတဲ့မေးခွန်းပုံစံတွေလိုပဲ ဒီနှစ်မှာလည်း မေးခွန်း ၉ ပုဒ် မေးမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၁)**ကတော့ English Text မှာပါတဲ့ သင်ခန်းစာ ၁၄ ခုတည်းက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. I.(A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item 5 ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာ ဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့တည်ဆောက်ပုံ ပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့် ကွက်လပ်မှာ verb f orm ပြောင်းပြီးဖြည့်ချင် ဖြည့်ရပါမယ်။ စာပိုဒ်ထဲမှာ active verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့် ကွက်လပ်မှာ passive verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရပါမယ်။

ဥပမာ - စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့်၊ မေးခွန်းမှာ Perishable foodstuffs ------------ different ranges of temperature. လို့ပေးထားရင်၊ ဒီကွက်လပ်မှာ ဖြည့်ရမယ့် စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့ စာပိုဒ်ထဲက present participle နဲ့ ပေးထားတဲ့ စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ requiring ကို require လို့ ပြောင်းပေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice ကနေ passive voice၊ passive voice uae active voice ကို ပြောင်းဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ - Robots သင်ခန်းစာထဲမှာ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့်၊ မေးထားတဲ့စာကြောင်းက People --------- robots in the process for the painting, welding and assembly of the cars. လို့ပေးထားမယ်ဆိုရင် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် use လို့ဖြေပေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

**Question No. I.(B)** ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း ၅ ခုပေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ ဖြေပေးရမှာဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာ မေးတဲ့အကြောင်းအရာ (content)ရော၊သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ပေးထားပြီး While sitting before the mirror what did Jenny Tier Bishop do? လို့ မေးရင်စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။ Past tense နဲ့ မေးထားတဲ့အတွက်၊ အဖြေကလည်း past tense verb ကိုပြန်သုံးရပါမယ်။

နောက်ဥပမာတစ်ခုအနေနဲ့စာပိုဒ်ထဲမှာ ... and San Sebastian Church built in 1981, the only Gothic steel church in the country. လို့ပေးထားပြီး What kind of church is San Sebastian Church? လို့မေးရင် San Sebastian Church is a Gothic steel church. လို့ဖြေမှ ဆီလျော်ပြီး မှန်ကန်မှာ ဖြစ်ပါတယ်။ အဲလိုမဟုတ်ဘဲ San Sebastian Church built in 1981, the only Gothic steel church in the country. လို့ တိုက်ရိုက်ကူးချရင် သဒ္ဒါမမှန်တဲ့အပြင်မမေးတဲ့ အကြောင်းအရာတွေပါ ဖြေလို့ အမှတ်ရမှာမဟုတ်ပါဘူး။

ပြဋ္ဌာန်းစာအုပ်ပါစာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်တည်းက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

**မေးခွန်းနံပါတ် ၂** မှာပေးထားတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ ၁၄ ခုအနက် ၈ လုံးမြောက်စကားလုံးတွေမှာ ကွက်လပ်တွေပါတဲ့ စာပိုဒ် တစ်ပိုဒ်ကို ပေးထားပါတယ်။ ကွက်လပ်ပေါင်း ၂၀ ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး ၂၀ ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်ပါတယ်။ အဖြေကို ရေးတဲ့အခါမှာ စာလုံးပေါင်းမမှားဖို့၊ punctuation မမှားဖို့ကို ဂရုစိုက်ဖို့လိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** ကတော့ ကျောင်းသားကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှု စွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်ပါတယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်ပါတယ်။ Item 10 ခု မေးထားပြီးတော့ ကွက်လပ် ၁၀ ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ် ၅ ခုက ဖတ်စာအုပ်မှာပါတဲ့ သင်ခန်းစာ ၁၄ ခု ထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် ၅ ခုကတော့ ကဗျာ ၇ ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့သင်ယူထားတဲ့ အချက်အလက်တွေ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်လည်ရေးသားတင်ပြနိုင်မှု စွမ်းရည်ရှိမရှိကို စစ်ဆေးတာ ဖြစ်ပါတယ်။ တိတိကျကျပြန်လည်ဖော်ပြဖို့လိုတဲ့အတွက် စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်း ရှိတာကို သတိပြုဖို့ လိုပါတယ်။

ဥပမာပြရမယ်ဆိုရင်

1. Looking good does not mean making yourself into ---------- of a famous pop star.
2. Bangkok is the capital of Thailand and is regarded as a ---------- paradise.
3. The little frog became a bird,
   And sowly ----------?

ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ် ၁ မှာ a carbon copy ဆိုတဲ့ စကားလုံး သုံးလုံးဖြည့်ရမှာ ဖြစ်ပေမယ့် နံပါတ် ၂ မှာတော့ shopper's ဆိုတဲ့ စကားလုံးတစ်လုံး၊ နံပါတ် ၃ မှာဆိုရင် flew away ဆိုတဲ့ စကားလုံးနှစ်လုံး ဖြည့်ရမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိမရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း ၅ ခု မေးထားပါတယ်။

**မေးခွန်း နံပါတ် ၄** ရဲ့ **Item 1** နဲ့ **Item 2** ကတော့ ဖတ်စာအုပ်ထဲမှာပါတဲ့ သင်ခန်းစာ ၁၄ ခုအနက်က ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ သို့မဟုတ် ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာ တစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့ စာကြောင်းများနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။

ဥပမာ -

IV. 1. What is the effect of the sudden change in temperature?

(OR)

Among which age group is sleepwalking most common and when do they grow out of it?

လို့ မေးထားတယ် ဆိုပါစို့။

ပထမမေးခွန်းကို ရွေးမယ်ဆိုရင် အဖြေက The sudden change in temperature can cause rocks to shatter due to the alternate expanding and contracting. ဖြစ်ပြီး ဒုတိယမေးခွန်းကိုရွေးမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ သင်ခန်းစာ ၁၄ ခုလုံးမှာပါတဲ့ အကြောင်းအရာ တွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

**မေးခွန်းနံပါတ် ၄** ရဲ့ **Item 3** နဲ့ **Item 4** မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက တစ်မျိုးကတော့ Who said these words and to whom were they said? What is the title of the unit from which the sentence is taken? ဖြစ်ပါတယ်။

ဥပမာ - Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

"Soon after the two of you left, I built a fire."

လို့မေးခဲ့ရင်အဖြေက The man of music and dancing said these words to his friends, the philosopher and the medico. The sentence is taken from (the story) "Too Much Knowledge Maketh Fools. လို့ ဖြေရပါမယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံ နောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? ဖြစ်ပါတယ်။

အဲဒီ စာကြောင်းထဲမှာ it တို့ we တို့ they တို့စတဲ့ pronoun တွေကို မျဉ်းသားခဲ့ရင် အဲဒီ pronoun က ဘာကိုညွှန်းတယ်ဆိုတာ တိတိကျကျဖြေဆိုရမှာဖြစ်ပါတယ်။ ဥပမာ - What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates her human targets by following the carbon dioxide that we exhale.

လို့မေးရင် The title of the unit from which the sentence is taken is 'Mosquito: Getting to know the enemy.' The word underlined in the sentence refers to "the mosquito's". လို့ဖြေရပါမယ်။

ဒါ့အပြင် What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးလည်း မေးနိုင်ပါတယ်။

ဥပမာ - What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears it sounded so much like the rhythmic beats of music coming from a drum that I started dancing to it?

လို့မေးလာရင် အဖြေကThe title of the unit from which the sentence is taken is 'Too Much Knowledge Maketh Fools'. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to the bubbling noise of the boiling rice. လို့ဖြေရပါမယ်။ ယခု ဖြေပြတဲ့ အဖြေတွေက နမူနာအဖြေများသာ ဖြစ်ပါတယ်။ ဆိုလိုရင်းမှန်ကန်တဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့မေးခွန်းမှာ သင်ခန်းစာ ၁၄ ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီ စာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၄ ရဲ့ **Item 5** ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာ ဖြစ်ပါတယ်။ What do these lines mean? လို့မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ၊ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ - What do these lines mean?

What is this life if, full of care, –
We have no time to stand and stare?

ဆိုတဲ့ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ် ဆိုရင် အဲဒီကဗျာ ၂ ကြောင်းကို စကားပြေ ပြန်ပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** က မေးခွန်းနံပါတ် I.(B) လိုပဲ သင်ခန်းစာ ၁၄ ခုအနက်က စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း ၅ ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် နားလည်သဘောပေါက်ထားဖို့လိုပါတယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက တစ်ပုဒ်ကို ၂ မှတ်ပေးတဲ့ မေးခွန်းတွေဖြစ်တဲ့အတွက် အဖြေတစ်ဝက်လောက် မှန်ရင်လည်း အမှတ်တစ်ဝက်ရနိုင်ပါတယ်။

ဥပမာ - Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်ကူးလို့မရပါဘူး။ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေနိုင်မှသာ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၆** ကတော့ capital letter, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe စတဲ့ Punctuation တွေကို မှန်မှန်ကန်ကန် သုံးတတ်မှုကို စစ်ဆေးတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ Punctuate the following. လို့မေးမှာဖြစ်ပါတယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာသိဖို့ လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့ပဲ လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူအမည်တို့ကို capital letter နဲ့ ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှအဆက်*

ဥပမာ ဖတ်စာအုပ်ထဲမှာပေးထားတဲ့စာကြောင်းတစ်ကြောင်းဖြစ်တဲ့ miss sullivan she said im not sure about your method of teaching helen ကို ကြည့်ရင် ဒီစာကြောင်းဟာ direct speech နဲ့ရေးထားတဲ့ ဝါကျဖြစ်ပါတယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma (,) ရှိရပါမယ်။ she ကပြောတဲ့ အကြောင်းအရာနှစ်ခုက she ရဲ့တစ်ဖက်တစ်ချက်မှာ ရှိနေတာတွေ့ရပါမယ်။ she ကပြောတဲ့စကားလုံးတွေက Miss Sullivan နဲ့ I'm not sure about your method of teaching, Helen ဖြစ်လို့ she ကပြောတဲ့ စကားတွေရဲ့အစမှာ open inverted commas (") ရှိပြီး သူပြောတဲ့ စကားတွေရဲ့အဆုံးမှာ close inverted commas (") ရှိရပါမယ်။ Miss Sullivan လို့ခေါ်လိုက်တာ ဖြစ်တဲ့အတွက် သူ့ရဲ့နောက်မှာ comma ထည့်ရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကိုကြည့်မယ်ဆိုရင် I'm not sure about your method of teaching, Helen. လို့ပြောတာဖြစ်ပါတယ်။ ဒီအပိုင်းမှာ ဝါကျရဲ့အဆုံးမှာ Helen လို့ခေါ်လိုက်တဲ့အတွက် Helen ရဲ့ရှေ့မှာ comma (,) ရှိရပါမယ်။ ဒ့ါအပြင် im ဆိုတဲ့ စကားလုံးဟာ I နဲ့ am ကိုအတိုကောက် (contracted form) နဲ့ရေးတာ ဖြစ်လို့ 'I' နဲ့ 'm' ကြားမှာ apostrophe (') ထားပြီး I'm ရေးရပါမယ်။ ပြီးတော့ ဝါကျရဲ့အစတွေကို capital letter နဲ့ စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒါကြောင့် ပေးထားတဲ့ ဝါကျကို punctuation marks စုစုပေါင်း ၁၂ ခုသုံးပြီး "Miss Sullivan," she said, "I'm not sure about your method of teaching Helen." လို့ရေးရပါမယ်။

**မေးခွန်းနံပါတ် ၇** မှာ အပိုင်း ၂ ပိုင်း ပါဝင်ပါတယ်။

မေးခွန်းနံပါတ် ၇ ပထမပိုင်း VII.(A) က Stylistic Transformation လို့ ဖြစ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given. လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း ၁၀ ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလို အဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံ မတူတဲ့ဝါကျတွေ Grade 10 နဲ့ Grade 11 ပြဋ္ဌာန်း စာအုပ်တွေ ထဲမှာပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

မေးခွန်း ၇ ရဲ့ဒုတိယပိုင်း VII. (B) ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts တွေကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသား ကျက်မှတ်ထားတဲ့ စာပိုဒ် တွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: --- ဆိုပြီး ရွေးစရာနှစ်ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်နိုင်တဲ့ တစ်ပုဒ်ကို ရွေးပြီးရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ တည်ဆောက်တတ်ဖို့ လိုတယ်။ ဥပမာ- Dengue Fever အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- dengue fever – viral disease – carried – Aedes mosquito
- disease occurs mainly – tropical – subtropical regions

ဖြစ်မယ်ဆိုရင်

ပထမဝါကျမှာ dengue fever ဟာ viral disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ဖြစ်ခြင်းကိုပြတဲ့ verb to be ဖြစ်တဲ့ "is" ကိုသုံးရပါမယ်။ ပြီးတော့ အဲဒါဝါကျမှာ viral disease ဟာ singular noun ဖြစ်လို့ article 'a' ထည့်ပေးရမယ်။ ပြီးတော့ dengue fever ကို Aedes ခြင်က သယ်ဆောင်တာဖြစ်လို့ which is carried by Aedes mosquito လို့ရေးရပါမယ်။ ဒီနေရာမှာ which ဆိုတဲ့ relative pronoun နဲ့ verb to be ဖြစ်တဲ့ is ကို ချန်ထားခဲ့ရင်လည်းပဲရပါတယ်။ ဒီအပိုင်းကို passive voice နဲ့ ရေးထားတဲ့အတွက် ပြုလုပ်သူ (agent) ဖြစ်တဲ့ Aedes mosquito ရှေ့မှာ by ထည့်ဖို့လိုပါမယ်။ ပြီးတော့ Aedes mosquito ဆိုတာ ခြင်အမျိုးအစားတစ်မျိုးရဲ့ ကိုယ်ပိုင်နာမည်ဖြစ်လို့ အဲဒီအမည်ရဲ့ရှေ့မှာ definite article 'the' လိုပါမယ်။

ဒါကြောင့် dengue fever – viral disease – carried – Aedes mosquito ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ Dengue fever is a viral disease, (which is) carried by the Aedes mosquito လို့ ပြန်ရေးရပါမယ်။

နောက်တစ်ကြောင်းမှာ ပေးထားတဲ့ prompts တွေက disease occurs mainly – tropical – subtropical regions ဖြစ်ပါတယ်။ ဒီဝါကျကိုကြည့်မယ်ဆိုရင် disease ဆိုတဲ့စကားလုံးနဲ့ စတာဖြစ်ပေမယ့် ပထမဝါကျမှာ နိဒါန်းပျိုးပြီးသားဖြစ်တဲ့ dengue fever အကြောင်းကို ပြောတာဖြစ်လို့ definite article 'the' လိုပါမယ်။ ပြီးတော့ ဒီရောဂါဟာ tropical နဲ့ subtropical ဒေသတွေမှာ ဖြစ်တဲ့အတွက် နေရာကို ဖော်ပြဖို့ in ဆိုတဲ့ preposition လိုပါမယ်။ ပြီးတော့ နေရာဒေသနှစ်ခု အကြောင်းကိုပြောလို့ tropical နဲ့ subtropical ကို and ဆိုတဲ့ conjunction နဲ့ ဆက်ရပါမယ်။ ဒါကြောင့် disease occurs mainly – tropical – subtropical regions ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ The disease occurs mainly in tropical and subtropical regions. လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ အဓိပ္ပာယ်ပြည့်တဲ့ ဝါကျတွေဖြစ်ဖို့ article တွေဖြစ်တဲ့ "a, an, the" တို့၊ preposition တွေဖြစ်တဲ့ "in, on, at" တို့၊ Conntective တွေဖြစ်တဲ့ "and, but, so" တို့၊ helping verb တွေဖြစ်တဲ့ "am, is, are" တို့ကို လိုအပ်သလို ထည့်ပေးရမယ်။

**မေးခွန်းနံပါတ် ၈** ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း သုံးပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကို ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ (၁) စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေကို သေသေချာချာသိဖို့လိုပါတယ်။ (၂) ဘာအကြောင်းအရာ ရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့အချက် တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်ကို ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိနာမည်၊ မိမိကျောင်း၊ မိမိမြို့စတာတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

နမူနာအနေနဲ့ You are Nyi Nyi. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him about the school activities you participated in and how useful they are for students. မေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Nyi Nyi ဖြစ်ပြီး Aung Aung ဆီကို ရေးရမှာဖြစ်ပါတယ်။

ဒါကြောင့် Dear Aung Aung လို့စရေးပြီး Your loving friend, Nyi Nyi လို့ အဆုံးမှာရေးရပါမယ်။ ပြီးတော့ရေးခိုင်းတဲ့ အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him about the school activities you participated in ဆိုတဲ့အကြောင်းအရာနဲ့ how useful they are for students ဆိုတဲ့ အကြောင်းအရာ နှစ်ခုပါတဲ့အတွက်ကြောင့် အကြောင်းအရာ နှစ်ခုလုံး ပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကို ကြည့်ရအောင်။

You are Thant Zin. You live at No.75, Sabai Road, Monywa. Write a letter to your aunt who lives in Taunggyi, telling her why you want to pass this examination with high marks and asking her if you could come and visit her during the summer holidays. မေးခွန်းမှာ telling her why you want to pass this examination with high marks နဲ့ asking her if you could come and visit her during the summer holidays ဆိုပြီး နှစ်ပိုင်းမေးထားပါတယ်။ ဒါကြောင့် why you want to pass this examination with high marks တစ်ပိုင်းကို ပြည့်ပြည့်စုံစုံဖြေပြီး ဒုတိယတစ်ပိုင်းဖြစ်တဲ့ asking her if you could come and visit her during the summer holidays ကို တစ်ကြောင်း၊ နှစ်ကြောင်း ရေးရုံနဲ့ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ နှစ်ခုလုံးကို အကျိုးအကြောင်း ပြည့်စုံအောင် ရေးသားဖို့လိုပါတယ်။ ဒါကြောင့် မေးထားတဲ့ မေးခွန်းသေသေချာချာ ဖတ်ဖို့လိုပါတယ်။ မေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် သုံးခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကို ရွေးပြီးရေးရမှာ ဖြစ်ပါတယ်။

ဥပမာ – Healthy habits, Useful leisure activities for students, Places well-worth visiting in Myanmar လို့ ခေါင်းစဉ်သုံးခုပေးထားရင် မိမိနှစ်သက်တဲ့ အကောင်းဆုံးရေးသားနိုင်မယ့် ခေါင်းစဉ်တစ်ခုကိုရွေးပြီး ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ သတိထားရမှာက မေးထားတဲ့ခေါင်းစဉ်ကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ပထမခေါင်းစဉ် Healthy habits ကို ရွေးမယ်ဆိုရင် habit တစ်ခုတည်းရေးလို့မရသလို၊ habit ကလည်း healthy ဖြစ်တဲ့ habit တွေအကြောင်းဖြစ်ဖို့လိုပါတယ်။ ဒုတိယခေါင်းစဉ်ဆိုရင် ကျောင်းသားတွေအတွက် အသုံးဝင်တဲ့ leisure activity တစ်ခုထက်မက ရေးရမှာ ဖြစ်ပါတယ်။ ယေဘုယျ ခြုံပြီး leisure activities တွေကို ရေးမယ်ဆိုရင် သိပ်ပြီး မဆီလျော်ပါဘူး။ တတိယခေါင်းစဉ် Places well-worth visiting in Myanmar ကို ရေးမယ်ဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ထင်ရှားတဲ့နေရာတွေကို ရေးရုံနဲ့ မပြည့်စုံပါဘူး။ အဲဒီနေရာတွေဟာ သွားရောက်လည်ထိုက်တဲ့ နေရာတွေဖြစ်ကြောင်း၊ ဘာကြောင့် သွားလည်သင့်ကြောင်းတို့ကို စနစ်တကျ ရေးသားနိုင်မှ မှန်ကန် ဆီလျော်ပြီး အမှတ်ကောင်းကောင်းရနိုင်မှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ ပေးစာနဲ့စာစီစာကုံးတွေကို ကောင်းကောင်း ရေးနိုင်ဖို့

(၁) Organization - ဖွဲ့စည်းပုံ ကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျရေးနိုင်ရပါမယ်။

(၂) Relevancy - ဆီလျော်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ ဆီလျော်တာကိုပဲ ရေးရမှာ ဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် ဆီလျော်မှု မရှိလို့အမှတ် မရနိုင်ပါဘူး။

(၃) Content- အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားရပါမယ်။

(၄) Language - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်ခြင်း၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျအမျိုးမျိုးကို ရေးတတ်ရပါမယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်း ရှိရပါမယ်။

(၆) ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကိုမရေးဘဲ ကျစ်ကျစ်လျစ်လျစ်ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ ရေးဖို့အရေးကြီးပါတယ်။

နောက်ဆုံးအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ပြဋ္ဌာန်း စာအုပ်မှာပါတဲ့ သင်ခန်းစာ ၁၄ ခုလုံးက စာပိုဒ်တွေအားလုံးကို သေသေချာချာဖတ်ရှုလေ့လာမှတ်သားဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ အထူး မှာကြားလိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့၊ ဆီလျော်မှန်ကန်အောင်ရေးတတ်ဖို့ အရေးလေ့ကျင့်မှု များများလုပ်ဖို့လိုပါတယ်။ ဒါမှသာလျှင် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူများအားလုံး ကျန်းကျန်းမာမာချမ်းချမ်းသာသာနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်အောင်မြင်မြင်ဖြေဆိုနိုင်ကြပါစေ။

## ထင်ပေါ်ကျော်ကြားသည့် ပန်းချီပညာရှင် ၇၂ ဦးပါဝင်သော ပန်းချီပြပွဲ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံတွင် ထင်ပေါ်ကျော်ကြားလျက်ရှိသော ပန်းချီပညာရှင် ၇၂ ဦး ပါဝင်သည့် ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲကို အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ၉ ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အနုပညာရှင်များနှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းပါဝင်သော နိုင်ငံ့ဂုဏ်ဆောင်ပြတိုက်ကြီးတစ်ခုဖြစ်လာ စေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲမှ လက်ရာမွန် ပန်းချီကားအချို့ကို ဝယ်ယူစုဆောင်းပြီး အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ပန်းချီခန်းမဆောင်တွင် တစ်နှစ်တိတိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ယင်းပန်းချီကားများအနက်မှ တစ်ဝက်ကို အမျိုးသားပြတိုက် (နေပြည်တော်) သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲကျင်းပနေစဉ်ကာလအတွင်း ပြတိုက်သို့ လာရောက်လေ့လာသူများအတွက် လက်တွေ့သရုပ်ပြရေးဆွဲခြင်းအစီအစဉ်ကို ထည့်သွင်းထားရှိပြီး အဆိုပါအစီအစဉ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ ပန်းချီအနုပညာရှင်များအတွက် လိုအပ်သော ကင်းဘတ်နှင့် ရေဆေးစက္ကူများကို ပံ့ပိုးသွားမည်ဖြစ်ပြီး ပါဝင်ရေးဆွဲမည့် အနုပညာရှင်များအနေဖြင့် မိမိတို့ နှစ်သက်ရာ ဆေးနှင့် စုတ်တံများကို တစ်ပါတည်း ယူဆောင်လာကာ နှစ်သက်ရာသက်ငြိမ်၊ ပုံတူနှင့် ရှုမျှော်ခင်းများကို စိတ်ကြိုက်ရေးဆွဲဖန်တီးနိုင်မည်ဖြစ်ပြီး ပြတိုက်ပညာပေးကဏ္ဍတစ်ခုအနေဖြင့် ပြတိုက်နှင့် အနုပညာ (Museum Talk) ခေါင်းစဉ်ဖြင့် ဟောပြောပွဲအစီအစဉ်ကိုလည်း စီစဉ်ထားကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ရေတွင်းများတူးဖော်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂**

ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များမှ တောင်သူလယ်သမားစိုက်ပျိုးရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ညောင်ဦးခရိုင်မှ မြစ်ရေတင်စီမံကိန်းနှင့် မြေအောက်ရေစက်ရေတွင်းများကို ၂၀၁၄ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။

ညောင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စု ၇၄ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၂၀ တွင် လူဦးရေ ၂၄၆၃၉၂ ဦးတို့ နေထိုင်ကြပြီး နှစ်စဉ် သီးနှံမျိုးစုံ ၁၇၆၅၄၂ ဧကခန့် စိုက်ပျိုးကြသည်။

အဆိုပါ မြစ်ရေတင်လုပ်ငန်းမှ ငါ့သရောက်မြစ် ရေတင်၊ လက်ပန်ခြေပေါ် မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင် စီမံကိန်းများမှ စိုက်ပျိုးဧက ၁၆၄၈၅ ဧကကို မြစ်ရေတင်မှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ညောင်ဦးခရိုင်အတွင်း မြေအောက်ရေစက်ရေတွင်းများကို ၂၀၁၄ခုနှစ်မှစ၍ ယနေ့အထိ ညောင်ဦးမြို့နယ်တွင် စက်ရေတွင်း ၁၅၀ နှင့်ကျောက်ပန်းတောင်းမြို့နယ်တွင် စက်ရေတွင်း ၃၃၇ တွင်း၊ နှစ်မြို့နယ်တွင် စက်ရေတွင်းပေါင်း ၄၈၇ တွင်း တူးဖော်ပေးခဲ့သည်။ ယင်းစက်ရေတွင်းများ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ်မှ ၁၆၂ ဧကနှင့် ကျောက်ပန်းတောင်းမြို့နယ်မှ ၁၁၇ ဧက စိုက်ပျိုးရေများ ပေးဝေနေကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# နေရယ်လရယ်အမှန်တရားရယ် ရုပ်သံဇာတ်လမ်းတွဲ ဒုတိယပိုင်းအား ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ထုတ်လွှင့်ရန်ရှိ

၂၀၁၅ ခုနှစ်မှာ ရုပ်သံအစီအစဉ်အဖြစ်ပြသခဲ့သည့် "နေရယ် လရယ် အမှန်တရားရယ်" ရုပ်သံဇာတ်လမ်းတွဲ၏ ဒုတိယပိုင်းဖြစ်သည့် "နေရယ် လရယ် အမှန်တရားရယ်" ရုပ်သံဇာတ်လမ်းတွဲ (၂) ကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၉ရက်မှာ စတင်ရိုက်ကူးပြီး နှစ်လယ်ပိုင်းတွင် ပြသနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ "နေရယ် လရယ် အမှန်တရားရယ်" ဇာတ်လမ်း အပိုင်း(၂)တွင် အမျိုးမျိုးသော အတက်အကျများကြားထဲတွင် လှုပ်ရှားနေထိုင်ကြရသော ဘဝများကို အခြေခံရိုက်ကူးသွားမည်ဖြစ်ပြီး ကြုံတွေ့လာသည့် အခက်အခဲပြဿနာများ၊ အကျင့်ပျက်ခြစားခြင်း၊ အကြမ်းဖက်ခံရခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ မြေယာမှတ်ပုံတင်ခြင်း ပြဿနာရပ်များ၊ အကြွေးဆပ်ရန်အတွက် အတိုးကြီးကြီးဖြင့် ချေးငွေရယူပြီး ငွေတိုးချေးစားသူတို့၏ သားကောင်ဖြစ်သွားရသူတို့၏ ဘဝများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရိုက်ကူးတင်ဆက်သွားမည်ဟု သိရသည်။ ယင်းဇာတ်ကားတွင် ရှေ့နေမလေး မေအဖြစ် ဆုပန်ထွာ၊ အောင်မြင်သော ရှေ့နေအဖြစ် ဘုဏ်းသိုက်၊ ရဲလူငယ် စိုင်းသူရအဖြစ် မိုးယံဇွန်၊ အရည်အချင်းရှိသော ကျောင်းဆရာမအဖြစ် ခင်ဇာခြည်ကျော်တို့က အဓိက ပါဝင်သရုပ်ဆောင်မည်ဟု သိရသည်။

အဆိုပါ ဇာတ်ကား၏ အဓိပ္ပာယ်မှာ တရားဥပဒေအကြောင်းကို အဓိကထားပြီး ရိုက်ကူးပြသသွားခြင်းဖြစ်ပြီး ပထမပိုင်း ရိုက်ကူးခဲ့သော ဇာတ်လမ်းတွင်လည်း လက်ရှိပြည်သူများ ကြုံတွေ့ခဲ့ရသော ဥပဒေနှင့် ပတ်သက်သည့် အဖြစ်အပျက်များကို ထည့်သွင်းရိုက်ကူးခဲ့ကြောင်း၊ ဒုတိယမြောက် ဇာတ်လမ်းတွဲဖြစ်ခြင်းကြောင့် ပိုမိုထိရောက်မည့် ဇာတ်အိမ်ကောင်းများပါဝင်မည်ဟု သိရသည်။

ယင်းဇာတ်လမ်းတွင် ပါဝင်သူ သရုပ်ဆောင် မေပန်းချီကလည်း "'နေရယ်လရယ်အမှန်တရားရယ်' ဇာတ်ကားဟာ လူတွေရဲ့တကယ့်ဘဝမှာ ဖြစ်နေတဲ့အကြောင်းတွေကို သေသေချာချာ ဇာတ်ညွှန်းရေးဖွဲ့ပြီး တင်ပြရိုက်ကူးမယ့် ဇာတ်လမ်းတွဲဖြစ်ပါတယ်၊ ဥပဒေနဲ့ပတ်သက်တာတွေကို ဖော်ထုတ်ရိုက်ပြသွားမှာဖြစ်ပြီး တရားမျှတမှု၊ ငြိမ်းချမ်းမှုနဲ့ရှေ့နေတွေအကြောင်းပါဝင်ပြီး ဒီဇာတ်ကားကို မြန်မာပြည်ဘက်က အန်တီဆွေဇင်ထိုက်၊ ဦးအောင်ကိုလတ်နဲ့ နိုင်ငံခြားသားတွေနဲ့ကုမ္ပဏီတွေ၊ My Justice အဖွဲ့အစည်းတွေပူးပေါင်းပြီး မရှိဆင်းရဲသားတွေအတွက် တရားဥပဒေမျှတမှုကို ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်၊ ဒီလိုပြည်သူ့အတွက်ရိုက်ကူးထားတဲ့ဇာတ်လမ်းတွဲမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း ပန်းချီအနေနဲ့ အတိုင်းမသိဝမ်းသာကျေနပ်မိပါတယ်"ဟု ပြောသည်။

**ကိုလင်း**

# အိမ်ထောင်ရှင် အလှမယ် ရွှေသီရိခေတ်ကို သရဖူ ပေးအပ်



အိမ်ထောင်ရှင် အလှမယ် ရွှေသီရိခေတ်ကို Mrs. Universe Myanmar 2018's Crowning Ceremony လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ ပေးအပ်ပွဲမျိုးကိုလည်း ယခင် ၂၀၁၇ ခုနှစ်က အိမ်ထောင်ရှင်အလှမယ် ကေခိုင်နှင်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာကလည်း ကိုယ့်ရဲ့ဖက်ရှင်လုပ်ငန်းနဲ့လည်း ဆက်စပ်နေတယ်၊ ဖက်ရှင်ပိုင်းတစ်ခုကို တည်ထောင်ထားသူတစ်ယောက်အတွက် ကိုယ့်ရဲ့ခံစားချက်တွေကလည်း တိုက်ဆိုင်တယ်၊ ဒီပြိုင်ပွဲ ဝင်ပြိုင်ချိန်မှာလည်း အခက်အခဲတွေလည်း အများကြီးကြုံခဲ့ပါတယ်၊ ကိုယ့်ရဲ့မိသားစုအတွက်လည်း အချိန်တွေကို ညှိနှိုင်းပြီးတော့ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်အတွက် တိုးတက်ပြီး အခွင့်အလမ်းတွေလည်း ပိုရမယ်ထင်လို့ ဝင်ရောက်ယှဉ်ပြိုင်တာလည်း ဖြစ်ပါတယ်၊ အိမ်ထောင်ရှင်တစ်ယောက်အနေနဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာပါ ပိုပြီးရင့်ကျက်ရတဲ့အနေအထားတွေလည်းပါတယ်၊ ကိုယ့်မိသားစုဝင်နဲ့ အဓိကက အမျိုးသားခွင့်မပြုဘဲ ဒီလိုနေရာအထိ ရောက်လာမှာလည်း မဟုတ်ပါဘူး" ဟု အိမ်ထောင်ရှင် အလှမယ် ရွှေသီရိခေတ်က ပြောသည် ။

သူ့အနေဖြင့် ဒီဇိုင်နာလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေသူတစ်ယောက်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Mrs. Universe 2018 ပြိုင်ပွဲကြီးတွင် တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကြီးကို မတ်လပိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည့်နိုင်ငံနှင့် ရက်အတိအကျကို သိရှိရမည်ဖြစ်ပြီး ယခင်နှစ်များတွင် ဩဂုတ်နှင့် စက်တင်ဘာလတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တောင်အာဖရိကနိုင်ငံ ဒါဗန်မြို့တွင် ကျင်းပသော Mrs. Universe 2017 တွင် မြန်မာနိုင်ငံမှာလည်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ယခုအကြိမ်သည် ဒုတိယမြောက်သွားရောက်ယှဉ်ပြိုင်မှုဖြစ်ကြောင်း သိရသည်။

"ကျွန်မအနေနဲ့ ပင်ကိုဖက်ရှင်ဒီဇိုင်ပိုင်း ပတ်သက်ပြီး ကျွမ်းကျင်တာဖြစ်တာမို့ ဒီလိုအချက်လေးတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖို့လည်း စီစဉ်နေပါတယ်၊ နောက် မြန်မာနိုင်ငံရဲ့ရိုးရာယဉ်ကျေးမှုပိုင်းတွေ၊ ဝတ်စားဆင်ယင်မှုတွေမှာ တိမ်မြုပ်နေတာလေးတွေကို ပြန်လည်ဖော်ထုတ်ဖို့လည်းရှိပါတယ်၊ ခန္ဓာကိုယ်ပိုင်းလည်း အကောင်းဆုံးလုပအောင် ကြိုးစားသွားပါမယ်၊ လောလောဆယ် လူတွေသတိမထားမိတာ တိမ်ကောနေတာ မေ့နေတာလေးတွေကို စုစည်းနေတယ်၊ ပြန်လည်ဖော်ထုတ်မယ်ပေါ့၊ ဘာဖြစ်မလဲတော့ ပြောလို့မရသေးပါဘူး၊ မသွားခင်လည်း စာနယ်ဇင်းရှင်လင်းပွဲလုပ်ပါမယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

**ကိုလင်း**

# ပေါ်တိုရီကို နိုင်ငံတွင်ပြုလုပ်မည့် Miss Imperial Universe 2018 သို့ သွားရောက်ယှဉ်ပြိုင်မည့် အလှမယ်များ ပြည်တွင်း၌ ရွေးချယ်

ပေါ်တိုရီကို နိုင်ငံတွင်ကျင်းပမည့် Miss Imperial Universe 2018 သို့ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် စေလွှတ်ယှဉ်ပြိုင်မည့် အရည်အချင်းပြည့်ဝပြီး သွက်လက်ထက်မြက်လှပသော အမျိုးသမီးငယ် များကို ရွေးချယ်သွားရန်အတွက် ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါပွဲကြီးကို ယှဉ်ပြိုင်မည့် အမျိုးသမီးငယ်များကိုလည်း ဇန်နဝါရီလမှစတင်ကာ စိစစ်ရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ နိုင်ငံအနေနဲ့ဆိုရင် ဒီပွဲက ပထမဆုံးအကြိမ် ကျင်းပတဲ့ပွဲပါ၊ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရှိတဲ့ အမျိုးသမီးငယ်များစွာကို ပြိုင်ပွဲမှာ ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်၊ သူတို့ကို သေချာလေ့လာသင်ကြားပေးခဲ့ပါတယ်၊ အားလုံး ၂၇ ယောက်ကို ကျွန်တော်တို့ အခု ရွေးချယ်ထားပါတယ်၊ အဲ့ဒီထဲကနေ တစ်ဦးကို စေလွှတ်ဖို့ ရွေးချယ်မှာပါ၊ အဓိက ဒီပွဲကို ပြိုင်ဖို့ စေလွှတ်ရတာကတော့ နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိစေ ချင်တဲ့ သဘောပါ၊ အခုလည်း ကျွန်တော်တို့ ဒီအမျိုးသမီးငယ်လေးတွေကို ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေ၊ လူမှုရေးလုပ်ငန်းတွေကအစ အားလုံးလေ့လာသင်ကြားပေးခဲ့ပါတယ်" ဟု Myanmar Male Pageant Academy မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၌ ပြုလုပ်မည့် ပြိုင်ပွဲအတွက် ရွေးချယ်ထားသော အမျိုးသမီးငယ် ၂၇ ဦးထဲမှ အရည်အချင်းပြည့်ဝသူများကို ဆုများပေးအပ် ရွေးချယ်ရာတွင် ဆုအမျိုးအစား ၁၅ ခုသတ်မှတ်ရွေးချယ်မည်ဖြစ်ပြီး Winner ဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ပေါ်တိုရီကို နိုင်ငံတွင် ပြုလုပ်မည့် Miss Imperial Universe 2018 သို့ စေလွှတ်မည်ဖြစ်ကြောင်း၊ တခြားဆုများအနေဖြင့် ပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်မှု၊ ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှုနှင့် အခြားဆုများလည်း ပေးအပ်သွားမည်ဟု သိရသည်။

**ကိုလင်း**

# တစ်ကိုယ်တော်ခွေ ထပ်မံ မထွက်နိုင်သေးသည့် အဆိုတော် G -Latt

**ကိုလင်း**

ပရိသတ်များကြား လတ်တလော ရေပန်းစားနေသည့် "ငယ်ကျွန်" ရုပ်ရှင်ဇာတ်ကားကြီးတွင် ဇာတ်ဝင်တေးသီချင်းအဖြစ် သီဆိုထားသော အဆိုတော် G-Latt သည် "တစ်နေ့တော့" တေးသီချင်းဖြင့် ပရိသတ်အားပေးမှု အခိုင်အမာရရှိထားပြီး "အစွန်းနှစ်ဖက်" ဟု အမည်ပေးထားသည့် အမ်တီဗွီကို ထွက်ရှိထားသူလည်းဖြစ်သည်။ သူ၏ လတ်တလော ဂီတဖန်တီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ဂီတအကြောင်းများကို မေးမြန်းဖြစ်ခဲ့သည်။

**မေး ။ တစ်ကိုယ်တော်ခွေထွက်ဖို့ ပြင်ဆင်နေတာ ကြာပြီနော်၊ ဘယ်တော့လောက်စနိုင်မလဲ။**

ဖြေ ။ ကျွန်တော့် တစ်ကိုယ်တော်ခွေ ခြားသွားတာက ကျွန်တော်က ပိုက်ဆံအများကြီးရတဲ့ အဆိုတော်ထဲမှာ မပါဘူး၊ ပိုက်ဆံအလွန်ရှိတဲ့ အဆိုတော်ထဲမှာလည်းမပါဘူး၊ ဒါပေမယ့် တစ်ခုက ကျွန်တော်က လုပ်စရာရှိတာကို လုပ်လို့ရတဲ့ အချိန်ကျမှပဲ Release လုပ်ချင်တယ်၊ မင်းမကြိုက်ရင် မင်းအခွေတွေကို သူများလည်း မကြိုက်ဘူး၊ အဲဒီတော့ အရင်ဆုံး ကျွန်တော် ကြိုက်အောင် အရင်လုပ်တယ်၊ ကြိုက်မှထွက်တယ်၊ ဒါကြောင့် ကျွန်တော့်အခွေကြာရတဲ့အကြောင်းက ကျွန်တော်မကြိုက်သေးလို့ပဲ ပြောရမှာပေ့ါ။

**မေး ။ အစွန်းနှစ်ဖက် အမ်တီဗွီက ပရိသတ်ဆီက ဘာပြန်ရလဲ။**

ဖြေ ။ အမ်တီဗွီကို ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောရရင် သိပ်အများကြီးလည်း မမျှော်လင့်ထားဘူး။ အမ်တီဗွီ အသက် တစ်မနက်ပါပဲ၊ ဒီအခွေထွက်ပြီး တစ်နာရီ၊ နှစ်နာရီဆို ဖုန်းထဲကို ရောက်လာတာ။ ၁၅မိနစ်၊ မိနစ် ၂၀လောက်ကြည့်ပြီးရင် ပြီးသွားပြီပေ့ါ၊ အခွေရဲ့ရောင်းအားတို့ ဘာတို့ ကျွန်တော်မသိဘူး။ ဒီထဲမှာ ဝါသနာပါလို့၊ ဒီဟာကို အာရုံစိုက်ပြီး ကြည့်တဲ့သူတွေက ပြောကြတာ၊ ဒီထဲမှာ Photography ကောင်းတယ်ပေ့ါ၊ ဒီထဲမှာ ရိုက်ချက်လေးတွေ ကောင်းတယ် ပြောတယ်။ တစ်ခုခုလေး ကျန်ရင် ကျေနပ်ပါတယ်။ တစ်ကမ္ဘာလုံးမှာလည်း အမ်တီဗွီကို တစ်ခွေလုံးထွက်တာ မရှိသလောက်ပါပဲ၊ အဲဒီလို ထွက်တာကြာလို့လည်း ငြီးငွေ့ပါတယ်။

**မေး ။ သီချင်းသစ်တွေ စောင့်မျှော်နေတဲ့ ပရိသတ်အတွက် ဘာပြောချင်ပါလဲ။**



ဖြေ ။ ကျွန်တော့် အခွေထွက်မယ်၊ စီးရီး Title Song တွေလည်း အကုန်ပေးပြီးပြီ၊ နှစ်ပုဒ် လောက်တော့ ကျွန်တော် ထပ်လုပ်ချင်တာလေး ခေါင်းထဲမှာ ကျန်နေလို့ လက်စမသတ်နိုင်တာ၊ အဲဒါလေး ပြီးရင်တော့ ပြီးပြီ၊ သီချင်းတွေက Owntune တွေပါပဲ၊ ကျွန်တော်ကိုယ်တိုင် ဆုံးဖြတ်လို့ရပြီ၊ ဘယ်အချိန်မှာ ပရိသတ်လက်ထဲထည့်လို့ရပြီဆိုတာနဲ့ နှစ်လ၊ သုံးလလောက်ကြိုပြီး သူတို့ကို Message ပေးမှာပါ၊ အခုဟာက ကျွန်တော်ကိုယ်တိုင်တောင် ဘယ်အချိန်လဲဆိုတာ မပြောနိုင်သေးလို့ သူတို့ကို မပြောသေးတာပါ။

**မေး ။ အစ်ကို့အနေနဲ့ အွန်လိုင်းကနေ တစ်ပုဒ်ချင်းတင်ဖို့ရော စဉ်းစားဖြစ်လား။**

ဖြေ ။ ကျွန်တော်က အားမရတာပါ၊ ဒါကို ကျွန်တော်က သီချင်းခွေလို့ မထင်ပါဘူး၊ အွန်လိုင်းက သီချင်းတင်တာက သွေးတိုးစမ်းနေတဲ့ ကိစ္စတစ်ခုလို့ပဲ မြင်ပါတယ်၊ ဒါက တစ်ခုရှိပါတယ်၊ ပရိသတ်ဝယ်တာ၊ မဝယ်တာကလည်း သူတို့ကိစ္စပါပဲ။ ကျွန်တော် သေသေသပ်သပ် တစ်ခုကတော့ လုပ်ချင်တယ်၊ အခွေဆိုတာ ဒါပဲလို့ ထွက်လိုက်ချင်တယ်၊ မင်းတို့ ဝယ်မှာလား၊ မဝယ်မှာလား မသိလို့ တစ်ပုဒ်ချင်းတော့ မထုတ်ချင်ပါဘူး၊ သီချင်းဆိုလို့ မရရင် ကျွန်တော်တို့ မဆိုကြတော့ဘူး၊ Album လေးတစ်ချပ်ကတော့ သီးသီးသန့်သန့်လေးဖြစ်စေချင်တယ်၊ ကိုယ်သိမ်းထားလို့ရမယ့် အခြေအနေမျိုးလေး တစ်ခုပေးချင်တယ်၊ ကျွန်တော်တို့လည်း အခွေကို ဒီလိုပဲမြင်ခဲ့ဖူးတယ်၊ အဆင်မပြေရင်တော့ သုံး၊ လေးပုဒ်ကို စီဒီတစ်ချပ်ထွက်မယ်၊ အွန်လိုင်းက ရောင်းတာကို လူတွေက ဝယ်ရကောင်းမှန်း မသိသေးဘူးလို့ ကိုယ်ထင်ပါတယ်၊ နိုင်ငံခြားမှာ ရှိတဲ့သူတွေကတော့ တစ်မျိုးပေ့ါ။ ။

နိုင်ငံတကာအနုပညာသတင်းပဒေသာ

## မီဂန်မာကယ်ရဲ့ မင်္ဂလာဆောင်မှာ သတို့သမီး အရန်လုပ်မယ်လို့ စလိုက်တဲ့ ပရီယန်ကာချိုပရာ



ဘောလိဝုဒ်မင်းသမီးချော ပရီယန်ကာ ချိုပရာဟာ ဗြိတိန်က တော်ဝင်မင်းသား ဟယ်ရီနဲ့ လက်ထပ်တော့မယ့် အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်နဲ့ ခင်မင်ရင်းနှီးသူလည်း ဖြစ်တယ်။ ချိုပရာဟာ မီဂန်မာကယ်ရဲ့ လက်ထပ်ပွဲမှာ သတို့သမီးအရန်အဖြစ် လုပ်မလုပ်ကိုတော့မူ လျှို့ဝှက်ထားဆဲပါပဲ။ ချိုပရာကတော့ သူ သတို့သမီးအရန် တကယ်လုပ်ဖြစ် မလုပ်ဖြစ်ကိုတော့ ပွဲနေ့ကျရင် သိရမှာပါလို့ အင်တာဗျူးတစ်ခုမှာ စနောက်ခဲ့ပါတယ်။ ချိုပရာဟာ မီဂန်မာကယ်နဲ့ သူငယ်ချင်းတွေဖြစ်တဲ့အတွက် မီဂန်မာကယ်နဲ့ပတ်သက်ပြီး ဘယ်လိုခံစားရသလဲလို့မေးတော့ မီဂန် မာကယ်အတွက် တော်တော်ကို စိတ်လှုပ်ရှားရပါတယ်လို့ ပြောပါတယ်။ တော်ဝင်မိသားစုနဲ့ပတ်သက်ရတဲ့အတွက် မီဂန်မာကယ်ဟာလည်း တော်ဝင်မိသားစုဝင်ဖြစ်လာတော့မှာဖြစ်ပြီး တကယ့်အပြောင်းအလဲတစ်ခုပါပဲလို့ ပြောလိုက်ပါတယ်။

တော်ဝင်မိသားစုမှာလည်း မီဂန်မာကယ်ဟာ အဆင်ပြေအောင်လုပ်ဆောင်နိုင်မယ့်သူပါ။ သူဟာ သဘောမနောကောင်းပြီး တော်ဝင်မင်းသားဟယ်ရီနဲ့ မတွေ့မီကတည်းက သူဟာ စွမ်းဆောင်ရည်ပြည့်ဝတဲ့ အမျိုးသမီးတစ်ဦးပါလို့ သူငယ်ချင်းဖြစ်သူ မီဂန်မာကယ်နဲ့ပတ်သက်ပြီး ဖြေကြားခဲ့ပါတယ်။

မီဂန်မာကယ်ဟာ တော်ဝင်မိသားစုဝင်တစ်ဦးဖြစ်လာပြီးတဲ့နောက်ပိုင်းမှာတော့ ကောင်းမွန်တဲ့ပြောင်းလဲမှုတွေ အများကြီးဖြစ်လာတော့မှာပါ။ အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့အမြင်ဟာ အပြောင်းအလဲတွေဖြစ်လာနိုင်ပါတယ်။ မီဂန်မာကယ်နဲ့ တော်ဝင်မင်းသားဟယ်ရီကတော့ မေလ ၁၉ရက်နေ့မှာ လက်ထပ်ဖို့ သတ်မှတ်ထားပြီး ချိုပရာက သတို့သမီးအရန်လုပ်ဖြစ် မလုပ်ဖြစ်ကိုတော့ ချိုပရာပြောသလိုပဲ မင်္ဂလာပွဲကို စောင့်ကြည့်ရတော့မှာပါပဲ။

**E Times**

ချိုး

................................

## တွစ်တာမှာ Follower လျော့သွားလို့ စိတ်ဆိုးနေတဲ့ အမီတာဘဂျမ်း



ဘောလိဝုဒ်မီဂါစတားကြီး အမီတာ ဘဂျမ်းဟာ ရှရွတ်ခန်းက သူ့ထက် တွစ်တာမှာ follower များနေတဲ့အတွက် တွစ်တာ မသုံးတော့ဘူးလို့ ခြိမ်းခြောက်လိုက်ပါတယ်။ အရင်တုန်းက ဆိုရင် အမီတာဘဂျမ်းဟာ အိန္ဒိယက တွစ်တာ သုံးသူတွေထဲမှာ follower အများဆုံးအဖြစ် ရပ်တည်ခဲ့သူပါ။ အခုအချိန်မှာတော့ အဲဒီနေရာကို ရှရွတ်ခန်းကိုလွှဲပေးလိုက်ရပါပြီ။ ရှရွတ်ခန်းက တွစ်တာမှာ follower အများဆုံးဖြစ်သွားပါပြီ။ ရှရွတ်ခန်းဟာ follower ၃၂၉၄၄၃၃၈ ဦးထိရှိပြီး အမီတာဘဂျမ်းကတော့ ကံမကောင်းစွာနဲ့ဘဲ သူ့ရဲ့ follower အရေအတွက်ဟာ လျော့ကျသွားပြီး ၃၂၉၀၂၃၅၃ နဲ့ ဒုတိယနေရာကို ဆင်းပေးလိုက်ရတာပဲ ဖြစ်တယ်။ တွစ်တာဟာ သူ့ရဲ့ follower တွေကို လျှော့ပစ်လိုက်တဲ့အတွက် တွစ်တာကနေ ထွက်တော့မယ်လို့ အမီတာဘဂျမ်းက ခြိမ်းခြောက်လိုက်တာပဲ ဖြစ်တယ်။ 'ငါ့ရဲ့ follower တွေကို လျှော့ပစ်တယ်ဟုတ်လား' ဆိုပြီး တွစ်တာပေါ်မှာ ရေးတင်ခဲ့ပါတယ်။

အမီတာဘဂျမ်းဟာ အသက် ၇၅နှစ်ရှိပြီဖြစ်ပေမယ့် ပရိသတ်အားပေးမှုကတော့ လျော့မသွားသေးပါဘူး။ ကမ္ဘာတစ်ဝန်းမှာ သူ့ပရိသတ်တွေအများကြီး ရှိပါတယ်။ ၁၉၇၀ ပြည့်နှစ်ပိုင်းတွေကစပြီး သူ့ရဲ့အောင်မြင်မှုဟာ တစ်စတစ်စ တိုးပွားလာတာဖြစ်ပါတယ်။ သူဟာ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၉၀ နီးပါးရိုက်ကူးထားတဲ့သူလည်း ဖြစ်တယ်။ သူဟာ အိန္ဒိယသမိုင်းမှာ အလွှမ်းမိုးနိုင်ဆုံး သရုပ်ဆောင်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်ပါတယ်။ ဒီလိုအသက်ကြီးတဲ့အထိ အောင်မြင်မှုကိုထိန်းထားနိုင်သူတစ်ဦးက တွစ်တာမှာ follower လျော့သွားတဲ့အတွက် မကျေမနပ်ဖြစ်နေတာပါပဲ။

ရှရွတ်ခန်းကတော့ ဘောလိဝုဒ်ရဲ့ ဘုရင်လို့ တင်စားခေါ်ဝေါ်ခံရသူဖြစ်ပြီး သူလည်း အသက်မငယ်တော့ပါဘူး။ အခုဆိုရင် အသက် ၅၂နှစ်ရှိနေပြီပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူဟာမင်းသား ဇာတ်ရုပ်တွေရိုက်ကူးလို့ရဆဲပါပဲ။ ရှရွတ်ခန်းဟာ ရုပ်ရှင်ကားပေါင်း ၈၀ရိုက်ကူးထားသူလည်း ဖြစ်ပါတယ်။

**E Times**

ချိုး

# တိုက်ပွဲရှောင်သူ ရွှေ့ပြောင်းလုပ်သားများ မိုးကောင်းမြို့သို့ရောက်ရှိလာ



**မိုးကောင်း ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် တနိုင်း ပယင်းမော်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် စစ်ဘေးတိမ်းရှောင်သူ ရွှေ့ပြောင်းလုပ်သား ၂၁ ဦးသည် မိုးကောင်းမြို့ သာသနာ့ ဗိမာန်တော်သို့ ဇန်နဝါရီ ၃၁ ရက် နေ့လယ်ပိုင်းက ယုဇနကုမ္ပဏီပိုင် ၁၂ ဘီးကားဖြင့် ရောက်ရှိလာခဲ့ရာ မြို့နယ်အဖွဲ့အစည်း အသီးသီးက လိုအပ်သောအကူအညီများ ပေးခဲ့ကြောင်း သိရသည်။

"နန့်ကွမ်းနဲ့ ဇီးဖြူကုန်းမော်တွေမှာ လူသုံးလေးထောင်လောက် စုနေပါတယ်၊ ကျွန်မတို့က အလံဖြူတွေကိုင်ပြီး ထွက်ရပါတယ်၊ လမ်းမှာညအိပ်တော့ လမ်းပေါ်မှာပဲ အိပ်ရပါတယ်၊ လမ်းဘေးမှာလည်း မိုင်းရှိတယ်ဆိုလို့ မထွက်ရဲဘူး၊ တောထဲမှာ တစ်ညအိပ်ခဲ့ရပါတယ်။ အတူလာတဲ့အထဲက တစ်ယောက်က အပေါ့စွန့်ဖို့အသွား မိုင်းနင်းမိလို့ တစ်ယောက်သေသွားပါတယ်။ နောက်က ဆက်လိုက်လာတဲ့သူတွေ အများကြီးရှိသေးတယ်"ဟု မြစ်ကြီးနားမြို့မှ ပယင်းမော်တွင် အလုပ်သွားလုပ်နေရာမှ ယခု တိုက်ပွဲများဖြစ်၍ တိမ်းရှောင်လာသူ မဥမ္မာက ပြောသည်။

စစ်ဘေးတိမ်းရှောင်သူများ ခေတ္တအနားယူရန် သတ်မှတ်ထားသော သာသနာ့ ဗိမာန်တော်သို့ မိုးကောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းမြင့်အောင်၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လာရောက်၍ ကူညီပံ့ပိုးပေးလျက်ရှိပြီး ခရီးဝေးပြန်မည့်သူများအား ရထားလက်မှတ်နှင့် ခရီးစရိတ်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# နေရပ်စွန့်ခွာပြည်သူများအား ဆန်နှင့် အဝတ်အထည်များလှူဒါန်း



**ဝိုင်းမော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့တွင် ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းနေ ပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ ထောက်ပံ့လှူဒါန်းပွဲကို ဇန်နဝါရီ ၃၁ ရက်က ဆဒုံးမြို့ရှိ အဆိုပါနေရပ်စွန့်ခွာစခန်းတွင် ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် အထက်မြန်မာပြည် လီဆူခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးဒေးဗစ်ဖစ်ရှ်နှင့် အလှူရှင်များက နေရပ်စွန့်ခွာပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက မိမိတို့အသင်းအနေဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝမြှင့်တင်ရေးဆိုင်ရာ လိုအပ်ချက်ရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ခွဲခြားဆက်ဆံမှု မရှိဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန် ရည်ရွယ်ချက်ချင်းတူညီသည့် ပြည်တွင်းပြည်ပ လူထုအခြေပြု အဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် ဆောင်ရွက်ပေးနေကြောင်း၊ ယခုလာရောက် လှူဒါန်းမှုမှာလည်း နေရပ်စွန့်ခွာစခန်းနေ ပြည်သူများ၊ အမျိုးသမီးများနှင့် ကလေး ငယ်များအား လိုအပ်သည့် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး စခန်းတာဝန်ခံ ဦးငွါးလေးက စခန်းအတွင်း လိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် MWCDF ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက နေရပ်စွန့်ခွာစခန်းရှိ အိမ်ထောင်စု ၈၄ စုမှ လူဦးရေ ၄၆၆ ဦးအတွက် ဆန်အိတ် ၂၀၊ ခေါက်ဆွဲခြောက် ဖာ ၄၀၊ ငါးသေတ္တာ ငါးဖာ၊ အားဖြည့်အာဟာရမှုန့် ဖာ ၂၀ နှင့် အဝတ်အထည်များ၊ အနွေးထည်များ၊ အရေးပေါ်သုံး ဆေးအိတ်တစ်အိတ်၊ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် ကလေးကစားစရာ အရုပ်မျိုးစုံတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ဇနီး ဒေါ်ငွါးချာနှင့် ဒေသခံတိုင်းရင်းသားများက လက်ခံရယူခဲ့သည်။

ထို့နောက် အလှူရှင်များအဖွဲ့သည် လီဆူတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဂေဟာသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူ ၅၂ ဦးအတွက် ဆန်ငါးအိတ်နှင့် စားသောက်ဖွယ်ရာများ၊ စာရေးကိရိယာများနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခဲ့ပြီး ဆက်လက်၍ ဝိုင်းမော်မြို့ ခါရှီကျေးရွာရှိ တိုက်ပွဲရှောင်စခန်းသို့ သွားရောက်ပြီး စခန်းရှိ အိမ်ထောင်စု ၆၄ စုမှ လူဦးရေ ၄၄၄ ဦးအတွက် ဆန် ၂၅ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၅၀ ဖာနှင့် အဝတ်အထည်များ၊ အနွေးအထည်များ၊ စာရေးကိရိယာများ၊ အရေးပေါ်သုံး ဆေးအိတ်တအိတ်နှင့် ကလေးကစားစရာအရုပ်များ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပလက်ဝ-မတူပီလမ်းပိုင်းနှင့် ချိတ်ဆက်မည့် ဆမီး-ကန်ပက်လက်လမ်း ဖောက်လုပ်ရန် စတင်ဆောင်ရွက်နေ

ချင်းပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဦးစားပေးအဆင့်အနေဖြင့် စီမံချက်ချမှတ်၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေမှ ဘတ်ဂျက် ငွေကျပ် ၅၇၉၃၈ ဒသမ ၉၃၃ သိန်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပလက်ဝ-ဆမီး-မတူပီ မြေသားလမ်း ၁၃၅ မိုင်ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ပလက်ဝ-ဆမီး-မတူပီ လမ်းပိုင်းပေါ်ရှိ ဆမီးမြို့မှ ဆမီး-ကန်ပက်လက် လမ်းပိုင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာနရန်ပုံငွေ ကျပ်သန်း ၂၇၀ ဖြင့် ကားလ်တောင်တန်းကုမ္ပဏီက တာဝန်ယူ၍ စတင်ဖောက်လုပ်နေသည်။

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ပထဝီအနေအထားအရ တောင် ကုန်း၊ တောင်တန်း၊ တောင်ကြား၊ ချောင်းများရှိနေသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသ ဖြစ်သည့်အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသအဖြစ်လည်း ရပ်တည်လျက်ရှိသည်။

ယခုကဲ့သို့ ပလက်ဝ-မတူပီ လမ်းပိုင်းနှင့် ချိတ်ဆက်၍ ဆမီး-ကန်ပက်လက်လမ်း ဖောက်လုပ်ရန် ဖော်ဆောင်ပေးခြင်းသည် ချင်းပြည်နယ်အတွင်း အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးနိုင်ပြီး ဒေသဝမ်းစာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအပြင် ပြည်နယ်အတွင်းရှိ မြို့နယ်များကြား လွယ်ကူစွာ အချိန်တိုအတွင်း သွားလာနိုင်ရေးတို့ကို ဦးတည်ရည်မှန်း ဆောင်ရွက်နေခြင်းဖြစ်သည်။



ပလက်ဝမြို့နယ်သည် ကုလားတန်မြစ်ကြောင်းဖွံ့ဖြိုးရေး စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်းအတွက်လည်း အချက်အချာကျသည့် ဒေသတစ်ခုဖြစ်ရာ မြို့နယ်၏ အနာဂတ်ဖွံ့ဖြိုးမှုကို ပိုပြင်စွာဖော်ဆောင်ပေးနိုင်ရန် ပလက်ဝ-ဇိုရမ်ပူရ် လမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်သည်။

ပလက်ဝ-မတူပီလမ်းနှင့် ချိတ်ဆက်ဖောက်လုပ်နေသည့် ဆမီး-ကန်ပက်လက်လမ်းပိုင်းသည် ရခိုင်ပြည်နယ် ကုလားတန် မြစ်ကြောင်းဒေသ ကျောက်တော်-ပလက်ဝလမ်းပိုင်း၊ ပလက်ဝ ဆိပ်ခံတံတားနှင့် ချိတ်ဆက်ဖောက်လုပ်နေသည့် ပလက်ဝ-ဇိုရမ်ပူရ် လမ်းပိုင်းနှင့် ဆက်စပ်၍လည်းကောင်း၊ ကန်ပက်လက်-စေတုတ္တရာ-ပွင့်ဖြူ လမ်းပိုင်းမှတစ်ဆင့် ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်၍လည်းကောင်း အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်သွားလာနိုင်မည့် လမ်းကွန်ရက်တစ်ခု ဖြစ်ပေါ်လာဖြစ်သည်။

ဆမီး-ကန်ပက်လက်လမ်းပိုင်း ပြီးစီးသွားပါက ဒေသခံပြည်သူ တို့အတွက် ကုန်စည်စီးဆင်းမှုနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း လျင်မြန်ချောမွေ့ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် လမ်းတစ်သွယ်ဖြစ်လာတော့မည်ဖြစ်ပေသည်။ ။ **သတင်းဆောင်းပါး-မောင်မောင်ကျော့ (ပလက်ဝ)**

# ရောင်အူကြီးကိုကျော်၍ မိုင်းရှူးဘက်သို့ မျှော်ခဲ့သည်

မြင့်စိုး(နတလ)

### အောင်သံလွင်မှ ရောင်အူကြီးသို့

မက်မန်းမြို့မှာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံနှုတ်ဆက်၊ ထိုမှ မွန်းလွဲပိုင်း ပြန်ထွက်လာသောအခါ ရှမ်းပြည်နယ်လွှတ်တော်၏ လားဟူတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဦးကျကဖော်(လားဟူဖွံ့ဖြိုးတိုးတက်ရေးပါတီ)လည်း အတူလိုက်ပါလာခဲ့သည်။ သူက မက်မန်းမြို့နယ် ဝိန်းနောင်ကျေးရွာအုပ်စု ရောင်အူကြီးကျေးရွာ ဇာတိဖြစ်၏။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုလုပ်ငန်းတစ်ခုဖြစ်သော ရောင်အူကြီး-ဝမ်စလောင်းလမ်း ၁၀ မိုင်အနက် ငါးမိုင် ကျောက်ခင်းနေမှုကို ဝင်ရောက်ကြည့်ရှုရန် ကျန်နေသေးသည်။

ထို့ကြောင့် မက်မန်းမြို့လေးကို လွမ်းမောတသစွာ သမင်လည်ပြန် ငေးရင်းငေးရင်းဖြင့် လာလမ်းအတိုင်း ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၁ နာရီသာသာမှ အောင်သံလွင်ကျေးရွာသို့ ရောက်ရှိလာသည်။ အောင်သံလွင်- ရောင်အူကြီးလမ်းသည် အနောက်စူးစူးသို့ ဦးတည်နေပြီး ကောင်းကေးရွာအလွန်၌ လွယ်ဗိုးတောင်မြင့်ကြီးကိုတက်ပြီးမှ ရောင်အူကြီးသို့ ရောက်သည်။ ဆောင်းပါးထဲမှာ စာတစ်ကြောင်းမျှနှင့်ရောက်ခဲ့သော ရောင်အူကြီးလမ်းသည် လက်တွေ့တွင်မူ တောင်ကုန်းအသွယ်သွယ်ကို ကွေ့ကာဝိုက်ကာ ဖြတ်ကျော်လာခဲ့ရသောကြောင့် အချိန်အတန်ငယ် ပေးခဲ့ရသည်။

### ရောင်အူကြီးမှာ အမျိုးတွေ့ပြီ

ရောင်အူကြီးကျေးရွာသည် အိမ်ခြေ ၁၄၀ ခန့်ရှိပြီး လားဟူနှစ်သစ်ပွဲတော်နှင့် ကြုံကြိုက်နေသောကြောင့် လားဟူတိုင်းရင်းသား လူပျိုအပျိုများ ပျော်ရွှင်စွာ သွားလာနေကြသည်။ ပန်းပေါက်ပွဲ၊ ဂျင်ပေါက်ပွဲများ ပြုလုပ်ဆော့ကစား၍ ညဘက်တွင် ရိုးရာအကများ သီဆိုကပြကြရန် ကွင်းပြင်တစ်ခုကိုလည်း ပြင်ဆင်ထားသည်။ ကောင်းကေးရွာမှာ ခေတ္တနားခိုက် လားဟူရိုးရာဂျင်ပေါက်နည်းကို ကိုယ်တိုင်ဝင်ရောက်စမ်းသပ်ကြည့်ရာ သိပ်တော့မလွယ်လှ၊ အတိုက်အဖွဲ့နှင့် အခံအဖွဲ့ဟူ၍ နှစ်ဖွဲ့ခွဲကစားကြရာ အခံအဖွဲ့က ဂျင်ကိုလှည့်ပေးထားရပြီး အတိုက်အဖွဲ့က အဝေးမှ လှမ်းပေါက်ရသည်။ လည်တာရပ်သွားသည့်ဂျင်က အရှုံး။ စည်းတွေအဆင့်ဆင့်ထား၍ တစ်စည်းပြီးတစ်စည်းကျော်အောင် ကစားရသောနည်းလမ်းလည်း ရှိသေးကြောင်းသိရသည်။


လားဟူတိုင်းရင်းသားရိုးရာ ဂျင်ပေါက်ကစားနည်း

ရောင်အူကြီးရွာသည် ရှေးယခင်က စော်ဘွားအုပ်ချုပ်ခဲ့သော ကျေးရွာဖြစ်ကြောင်း၊ ယခင် ရွာပျက်ဖြစ်နေရာက ၁၉၈၅ ခုနှစ်တွင် ပြန်လည်တည်ထောင်ခဲ့ကြောင်း၊ ရောင်အူကြီးရွာမှတစ်ဆင့် လားဟူတိုင်းရင်းသားများ အခြားနေရာသို့ ဖြန့်ခွဲသွားလာကြကာ ရွာတည်ကြကြောင်း ဦးကျကဖော်က ရှင်းပြသည်။ သည့်အတွက်ကြောင့်ပဲလားတော့ မသိ၊ အောင်သံလွင်ကျေးရွာနှင့် မိုင်းပျဉ်းမြို့မရောက်မီ တာကော်လေး (ဝမ်တာခက်တံတား)အကြား၌ ရောင်အူလေးနှင့် နောက်ထပ် ရောင်အူတစ်ရွာ ထပ်တွေ့ရ၏။ ‘ဝ’ တိုင်းရင်းသားများနေထိုင်သော ရောင်အူ‘ဝ’ ရွာဆိုတာလည်း ရှိသေးသည်။ စုစုပေါင်း ရောင်အူလေးအူတောင် ရှိနေပါပကောလား။

အမျိုးတွေ့ပြီဟု ကျွန်တော်ပြောရခြင်းမှာ ရောင်အူကြီးကျေးရွာတွင် တရားဟောဓမ္မဆရာလုပ်နေသူ ဦးကျဟဲသည် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ခလရ (၃၃) ၏ ရဲညွှန့်တစ်ဦးဖြစ်ပြီး ၁၉၇၅ ခုနှစ်၌ ‘ဝ’ဘော်ဒါဟုခေါ်သောနေရာ (ယခု ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ လူငယ်သင်တန်းကျောင်း တည်ရှိရာနေရာ)တွင် ပညာသင်ကြားခဲ့ဖူးသူ ဖြစ်ကြောင်း သိလိုက်ရ၍ပင်။ ကျွန်တော့်ထက်တော့ အသက်ငယ်သည်၊ သို့သော် ခလရ(၃၃)သို့ သူက စောရောက်၏။ ကျွန်တော်က ၁၉၈၃ ခုနှစ် လွယ်ပန်လုံတိုက်ချိန်၌ ညှော်သည်တပ်ရင်းအနေဖြင့် တန့်ယန်းဘက်သို့ရောက်ခဲ့ပြီး ၁၉၈၈ ခုနှစ် ရောက်သောအခါမှ နောက်တစ်ကြိမ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။

သူပြောပြမှသာ ခလရ(၃၃)မှ အကြပ်စစ်သည်များနှင့်လက်တွဲ၍ သံလွင်မြစ်အရှေ့ခြမ်း ထိုးဖောက်စစ်ဆင်ရေးဆင်နွဲပြီး ဗကပစခန်းကို ရဲရဲဝံ့ဝံ့တိုက်ခိုက်ခဲ့ကြသော တန့်ယန်းမြို့နယ် မိုင်းကောင်ဒေသ လှူပ်ရှား သကဆဖ အဖွဲ့ဝင် လားဟူတိုင်းရင်းသားများဖြစ်သည့် ဦးလောတာ၊ ဦးယောရှု၊ ဦးကျညီးတို့ သုံးဦး ကွယ်လွန်သွားကြပြီး ဖြစ်ကြောင်း၊ ဦးကျဖေ့က ဖားကန့်ဒေသသို့ ရောက်ရှိနေကြောင်း သိလိုက်ရသည်။ ခလရ(၃၃)မှ ဆရာကြီးကျော်ထွန်း၊ တပ်ကြပ်အိုက်ပန်းတို့ကဲ့သို့ပင် နိုင်ငံတော်က သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခြင်းခံခဲ့ကြရသော သစ္စာရှိ လားဟူတိုင်းရင်းသား သွေးချင်းများပါပေ။ ဦးလောတာက သေနတ်ဒဏ်ရာကြောင့် အူတွေပွင့်သွားပြီး ဖြတ်တောက်ကုသပေးခြင်း ခံထားရသူ ဖြစ်၏။

### အာဂလတောင်မှတစ်ဆင့်

ဦးကျကဖော်နှင့်တွေ့ဆုံခိုက် ရောင်အူကြီးဒေသ လမ်းပန်းဆက်သွယ်ရေးကို အသေးစိတ်မေးမြန်းကြည့်မိသည်။ စင်စစ် မက်မန်းနှင့် မိုင်းပျဉ်းအကြား အနောက်ခြမ်းမှာ မင်းရန်အောင်အုပ်စု၊ ဝိန်းနောင်အုပ်စု၊ ဝမ်စလောင်းအုပ်စုဟူ၍ ကျေးရွာအုပ်စုသုံးအုပ်စု တည်ရှိနေပြီး လားဟူ၊ လွယ်လ၊ ရှမ်းတိုင်းရင်းသားများ အများဆုံးနေထိုင်လျက်ရှိကြသည်။ အောင်သံလွင်ရွာလမ်းခွဲမှ ကောင်းကေး-ရောင်အူကြီးထိ ၁၃ မိုင်၊ ရောင်အူကြီး-ဝမ်စလောင်း ၁၀ မိုင် စုစုပေါင်း ၂၃ မိုင် လမ်းကောင်းလျှင်ဖြင့် မက်မန်း-မိုင်းပျဉ်း လမ်းပေါ်ပြန်တက်ပြီး ကျိုင်းတုံ(သို့မဟုတ်) တာကော်- ကွန်ဟိန်း-ခိုလမ်-နမ့်စန်မှတစ်ဆင့် တောင်ကြီးသို့လည်းကောင်း သွားနိုင်ကြပေမည်။ နောက်တစ်ခုမျှော်မှန်းနိုင်သည်ကတော့ ရောင်အူကြီးမှ အနောက်ဘက်သံလွင်မြစ်အထိဆင်းပြီး မြစ်ကိုဖြတ်ကူးကာ မိုင်းရှူးမြို့သို့အရောက် သွားလာနိုင်ဖို့ပဲဖြစ်သည်။ အခုလည်းပဲ ကားလမ်းမပေါက်ရင်သာရှိမည်။ ရောင်အူ-ပန်ဝေ့-ဝိန်းပေါ်-ပန်သောလမ်းအတိုင်း ဆိုင်ကယ်ဖြင့်ဆင်း၍ သံလွင်မြစ်ကို ဝမ်ပန်းကူးတို့ဆိပ်မှဖြတ်ကူးကာ မိုင်းရှူးအရောက် ခရီးပေါက်နေပြီဖြစ်၏။ ကိုယ်ပိုင်ဆိုင်ကယ်မရှိရင်တော့ ရောင်အူမှ သံလွင်မြစ်(ဝမ်ပန်း)ထိ လူတစ်ဦး ငွေကျပ် ၁၅၀၀၀ဖြင့် တစ်နာရီခွဲ၊ နှစ်နာရီခန့်သာ စီးရမည်။ ခန့်မှန်း ၁၂ မိုင်သာသာမျှသာ။ စက်လှေကူးခကတော့ လူ ၅၀၀ ကျပ်၊ ဆိုင်ကယ် ၅၀၀၀ ကျပ် ပေးရသည်ဆို၏။

သံလွင်မြစ်အနောက်ဘက်ခြမ်းသို့ ရောက်သည်နှင့် ၄၅ မိနစ်ခန့် တက်လိုက်ပါက မိုင်းရှူးရတနာမြေ၏ ရှမ်းဈေးသို့ ရောက်မည်။ အဆိုပါရှမ်းဈေး၌ မိုင်းရှူးသွားသော ကားများကို စီးနိုင်ပြီ။ မိုင်းရှူးသို့ ခန့်မှန်း ၁၅ မိုင်မျှသာ ဝေးတော့ကြောင်းလည်း သိရသည်။ စင်စစ်ရောင်အူကြီးရွာသို့ ရောက်ကတည်းက အနောက်ဘက် အာဂလတောင်ကို ကျော်၍ကြည့်လိုက်လျှင် မိုင်းရှူးရတနာမြေ (လားဟူတိုင်းရင်းသားများက ခဲတောင်ဟုခေါ်ကြသည်)ကို လှမ်းမြင်နေရပြီဖြစ်၏။ ကြားထဲမှာတော့ သံလွင်မြစ်ကခြားလို့နေသည်ပေါ့။

သံလွင်ကမ်းခြေသို့ အထက်ပါလမ်းကြောင်းအတိုင်း ၁၂ မိုင်သာသာမျှကို ဆက်လက် လမ်းဖောက်ပေးမည်ဆိုပါက ရောင်အူဒေသနှင့် မိုင်းရှူးကို လွယ်လင့်တကူ ဆက်သွယ်သွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြမည်ဖြစ်သည်။ အထက်ဘက်တွင် ဝိန်းနောင်ကူးတို့ဆိပ်သို့ ဦးတည်ထားသည့် နဟာနူး- မင်းရန်အောင်-ဝိန်းနောင် ဆိုင်ကယ်လမ်း ၁၈ မိုင်ခန့်ကလည်း ရှိထားသော်ငြား၊ ဝိန်းနောင်ကူးတို့ဆိပ်မှ မြစ်ကိုကူး၍ မိုင်းရှူးသို့ ခရီးဆက်မည်ဆိုလျှင် မိုင် ၃၀ ခန့် သွားရမည်ဖြစ်သောကြောင့် ပို၍ဝေးမည်ဖြစ်သည်။ ထို့ကြောင့် လားဟူတိုင်းရင်းသားတို့ မျှော်လင့်နေကြသော ရောင်အူကြီး-ပန်ဝေ့-ဝိန်းပေါ်-ပန်သော-သံလွင်(ဝမ်ပန်း)လမ်းသည် တစ်နေ့တွင် ပေါ်ပေါက်လာရမည်ဟု ကျွန်တော် ယုံကြည်ထားလိုက်၏။


မက်မန်းမြို့နယ် ရောင်အူကြီး-ဝမ်းစလောင်းကားလမ်း

### ပြန်လည်ဆုံစည်းခွင့်ပေးပါ

ဒါကတော့ ဖွံ့ဖြိုးရေးကိစ္စမဟုတ်ပါ။ လူမှုရေးကိစ္စနှင့် ကုသိုလ်ဖြစ်လုပ်ငန်းဖြစ်သည်။ ရောင်အူကြီး-ဝမ်စလောင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်းသို့ သွားရောက်စစ်ဆေးခြင်းမပြုမီ ရွာထဲ၌ ခေတ္တနားနေပြီး သူတို့နှင့် စကားလက်ဆုံကျခဲ့သည်။ တရားဟောဓမ္မဆရာ ဦးကျဟဲနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးကျကဖော်တို့က မယားညီအစ်ကိုတော်ကြသည်။ ကျွန်တော်တို့ စကားကောင်းနေခိုက် ဦးကျဟဲ၏သမီးငယ် ရှဲနီက ခေါက်ဆွဲပြုတ်၍ တည်ခင်းကျွေးမွေးသည်။ ခေါက်ဆွဲချင်းအတူတူ လားဟူဒေသထွက် လက်ရာက တစ်မျိုးထူးခြားနေသလားတော့မသိ၊ အစပ်အဟပ်တည့်ပြီး အနံ့ကလည်း မွှေးလို့နေ၏။ စားလို့ကောင်း မကောင်းတော့မသိ၊ ကျွန်တော်နှင့်အတူပါလာသော တပည့်ကျော် ဒုဦးစီးမှူး စိုင်းနော်လင်းရှေ့တွင် ချထားသော ခေါက်ဆွဲပြုတ်ပန်းကန်သည် ငါးမိနစ်ခန့်အတွင်း ပြိုက်ခနဲကုန်သွားကြောင်း တွေ့လိုက်ရ၏။ လူငယ်မို့ စားသွက်သွက်၊ သွားသွက်သွက် အလုပ်လုပ်တော့လည်း သွက်လက်ဖျတ်လတ်နေကြသည်ကတော့ အမှန်ပင်။

ဦးကျကဖော်နှင့် ဒေသဖွံ့ဖြိုးရေးအကြောင်း စကားပြောနေရင်းက သူနှင့် သူ၏အစ်မအရင်းဖြစ်သူ ဒေါ်နားစေးတို့ ငယ်စဉ်ကပင် ကွဲကွာသွားကြသည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိပြီဖြစ်ကြောင်း၊ သူတို့မောင်နှမနှစ်ယောက် ငယ်စဉ်က တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာတွင် နေခဲ့ကြကြောင်း၊ ၁၉၇၆-၁၉၇၇ ခုနှစ် အချိန်ကာလတွင် သူက ခုနစ်နှစ် ရှစ်နှစ်သားအရွယ်၊ သူ့အစ်မ ဒေါ်နားစေးက ကိုးနှစ် ၁၀ နှစ်အရွယ် ဖြစ်ကြကြောင်း၊ ထိုအချိန်၌ မိုင်းကောင်ကျေးရွာသို့ စစ်ဆင်ရေးတာဝန်ဖြင့် ရောက်ရှိလာသော တပ်မတော်အရာရှိတစ်ဦး (သူ၏အပြောအရ ဗိုလ်မှူးလှမြင့်ဟု ထင်ရကြောင်း)က သူ၏အစ်မကို မွေးစားရန်ခေါ်ဆောင်သွားကြောင်း၊ ထိုအချိန်မှစ၍ ပြန်မတွေ့ရတော့သည်မှာ ယနေ့အချိန်ထိ ဖြစ်ကြောင်း၊ ထိုအချိန်က မိုင်းကောင်ကျေးရွာသို့ရောက်ရှိလာသော တပ်များမှာ တပ်မ(၇၇) လက်အောက်ခံတပ်ရင်း တစ်ရင်းရင်း(သို့မဟုတ်) အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ ခလရ(၃၃)တပ်ရင်းမှ ဖြစ်နိုင်ကြောင်း၊ ကံမကုန်သေးလျှင်ဖြင့် သူ၏အစ်မဖြစ်သူနှင့် ပြန်လည်ဆုံတွေ့လိုပါသောကြောင့် မေးမြန်းစုံစမ်းကူညီပေးပါရန် ပြောကြားလာသည်ကို စိတ်မကောင်းစွာဖြင့် နားထောင်ခဲ့ရသည်။

ဦးကျကဖော်သည် ၁၉၈၆-၁၉၈၇ ခုနှစ်အထိ ရန်ကုန်တွင်ကျောင်းသွားနေခဲ့ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်သောအခါ မိုင်းကောင်သို့ ပြန်လာ၍ ထိုမှတစ်ဆင့် ဖခင်ဖြစ်သူနှင့်အတူ ယခုနေထိုင်ရာ ရောင်အူကြီးကျေးရွာသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ အစ်မဖြစ်သူမှာ ငယ်စဉ်ကတည်းက လိုက်ပါသွားသောကြောင့် လားဟူအမျိုးများအား ပြန်လည်ဆက်သွယ်ရန် ဘာသာစကားအခက်အခဲရှိနိုင်သည်ဟူ၍လည်း သူ၏ထင်မြင်ယူဆချက်ကို ပြောပြသည်။

အကယ်၍များ ဗိုလ်မှူးလှမြင့်၏ မွေးစားသမီးဖြစ်သော ဒေါ်နားစေးနှင့် အဆက်အသွယ်ရှိသူ၊ တွေ့ဆုံခဲ့ဖူးသူများက သူတို့မောင်နှမနှစ်ဦး ပြန်လည်တွေ့ဆုံနိုင်ရေး ကူညီနိုင်ကြမည်ဆိုပါလျှင် ဦးကျကဖော်၏ ဖုန်း-၀၉-၄၉၀၃၂၂၇၁ သို့ ဆက်သွယ်ကူညီနိုင်ပါသည်။ ခရီးသွားရင်းလာရင်း လူမှုရေးအကျိုးဆောင်လုပ်ငန်းတစ်ခုကို မမျှော်လင့်ဘဲ လုပ်ဆောင်လိုက်ရခြင်းရယ်သာ။ သူတို့မောင်နှမနှစ်ဦးလည်း ပြန်လည်တွေ့ဆုံနိုင်ကြပါစေ၊ အထက်တွင်ဖော်ပြခဲ့သော ရောင်အူကြီး-ပန်ဝေ့- ဝိန်းပေါ်-ပန်သော-သံလွင်(ဝမ်ပန်း)ကားလမ်းသည်လည်း အမြန်ဆုံး ပေါ်ပေါက်လာနိုင်ပါစေဟု ဆန္ဒပြုလျက်။ ။

## အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမပေါ်ရှိ တံတားများကို ကွန်ကရစ်တံတားများအဖြစ်တည်ဆောက်ရန် ညှိနှိုင်းဆွေးနွေး

ကလေး ဖေဖော်ဝါရီ ၂

ကလေးခရိုင်အတွင်း အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမပေါ်၌ အိန္ဒိယပညာရှင်များဖြင့် ဆောင်ရွက်မည့် တံတား ၄၂ စင်းကို အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်က ကလေးမြို့ ခရိုင်လမ်းဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူများ၊ ကလေးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တံတားဦးစီးဌာနနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများဖြစ်သည့် အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် စီမံကိန်းဦးစီးဌာနတို့မှ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားကာ လမ်းရေိယာကို မြို့/ရွာပြင်ပ၌ ပေ ၂၃၀ သတ်မှတ်ခြင်းကိစ္စ ကနဦးဆောင်ရွက်ခြင်း၊ လမ်းတံတားရေိယာ နယ်နိမိတ်အတွင်း ကျရောက်သည့် တောင်သူများ၏ တရားဝင်စိုက်ခင်းများကိစ္စ၊ မလွတ်ကင်းသည့် တယ်လီဖုန်းလိုင်းနှင့်လျှပ်စစ်မီးလိုင်းများကိစ္စ၊ တစ်ဖက်နိုင်ငံမှ တံတားတည်ဆောက်ရန် လာရောက်တည်းခိုနေထိုင်မည့် အင်ဂျင်နီယာများ၏ တည်းခိုသွားလာနေထိုင်မည့်ကိစ္စ၊ ကွန်ကရစ်ဖျော်စက်မြေနေရာ၊ လူနှင့် ပစ္စည်းထားသိုမည့်နေရာ ကိစ္စများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

တံတားဦးစီးဌာနအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် တံတားများ၊ နယ်နိမိတ်ရေိယာများ၊ ကွင်းလမ်းများကိစ္စကို ကွင်းဆင်းတိုင်းတာပြီး ပြဿနာအရှုပ်အရှင်းကင်းသည့် တံတားများကို ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်အတွင်း စတင်ဆောင်ရွက်နိုင်ရေး ပြည်သူများကို ရှင်းလင်းချပြသွားမည်ဖြစ်ကြောင်း၊ ကလေးဝမှ တမူးမြို့အထိ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမပေါ်တွင် တံတားအစင်းပေါင်း ၆၉ စင်းရှိရာ ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းဖြင့် ကလေးဒေသလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် အိန္ဒိယမှ ကူညီဆောင်ရွက်ပေးမည့် ကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းများကို မကြာမီ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

## စစ်ကိုင်းမြို့၌သာ ကျင်းပလေ့ရှိသော ဘဲဥထုပွဲတော်

စစ်ကိုင်း ဖေဖော်ဝါရီ ၂

မြန်မာတစ်နိုင်ငံလုံးတွင် စစ်ကိုင်းမြို့တစ်မြို့မှလွဲ၍ ကျန်မည်သည့်ဒေသတွင်းမှ ကျင်းပလေ့မရှိသော ဘဲဥထုပွဲတော်ကို စစ်ကိုင်းမြို့မြေဝတီရပ်ကွက်အတွင်းရှိ ဇိနမာရ်အောင်လောကချမ်းသာ(ကြေးဘုရားကြီး)၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ရှေးယခင်ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် ရိုးရာမပျက်ထည့်သွင်း ကျင်းပလာခဲ့ကြောင်းသိရသည်။

“ဘဲဥထုပွဲမှာ ထုမယ့်သူနှစ်ယောက် ပါဝင်ရမှာဖြစ်ပါတယ်။ ထုတဲ့အခါ ပိန့်ရာ အက်ရာဖြစ်တဲ့ ဘဲဥပိုင်ရှင်က ဘဲဥဖိုးရှင်းရပြီးတော့ နိုင်တဲ့သူက ပိန့်တဲ့ဘဲဥကို ရရှိမှာဖြစ်ပါတယ်။ ဒီဘဲဥထုပွဲဟာ ရှေးမြန်မာဘုရင်မင်းတွေလက်ထက်က အစေခံခံတပ်ကင်းသမားတွေ၊ လှေတော်သားတွေ ညဘက် အပျော်ဆော့ကြရင်း ဖြစ်လာတဲ့ပွဲဖြစ်ပါတယ်”ဟု စစ်ကိုင်းဒေသခံ ကိုပြည့်ဖြိုးငြိမ်းက ပြောသည်။

စစ်ကိုင်းမြို့တစ်မြို့တည်း၌သာ ကျင်းပလေ့ရှိသော ထူးခြားသည့် ဘဲဥထုပွဲတော်ကို ယခုနှစ်တွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သုံးရက်တိုင်တိုင် စစ်ကိုင်းမြို့ မြေဝတီရပ်ကွက် ကြေးဘုရားကြီး၏ ပွဲနင်းစေတီတော်ရင်ပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

# လူငယ်တွေအနေနဲ့ Cyber Security ပိုင်းကို လေ့လာခဲ့မယ်ဆိုရင် ခုအချိန်ဟာ အကောင်းဆုံးအနေအထားပါ

## သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ mmCERT(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထိုက်နှင့် တွေ့ဆုံမေးမြန်းခြင်း

**သူရဖြိုး**

မြန်မာနိုင်ငံမှ လူငယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး (Cyber Security)နည်းပညာများအပေါ် စိတ်ဝင်စားမှုရှိလာစေရန်နှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုရှိလာစေရန် ရည်ရွယ်လျက် Cyber Security ဆိုင်ရာ ပြိုင်ပွဲများကို Myanmar Computer Emergency Response Team (mmCERT)က ဦးစီး၍ ၂၀၁၅ နှင့် ၂၀၁၆ က ပထမနှင့် ဒုတိယအကြိမ် ကျင်းပခဲ့ပြီးနောက် တတိယအကြိမ် ပြိုင်ပွဲကို Myanmar Cyber Security Challenge(2018) ခေါင်းစဉ်ဖြင့် ယခုနှစ် ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ပထမဆုကို Triplet P အသင်း၊ ဒုတိယဆုကို Mdy-L33ts အသင်းနှင့် တတိယဆုကို 3Idiots အသင်းတို့ကရရှိခဲ့ပြီး အထူးဆုနှစ်ဆုကို SSLနှင့် Non-pareil အသင်းတို့က ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းများ၏ အခြေအနေ၊ ပြိုင်ပွဲတွင် မေးခွန်းစီစဉ်မှုများ၊ မြန်မာလူငယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး နည်းပညာရပ်များအပေါ် စိတ်ဝင်စားမှုအခြေအနေ၊ ဆိုက်ဘာလုံခြုံရေး ပညာရပ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအလားအလာများ စသည်တို့ ကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ mm CERT(ရန်ကုန်)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထိုက်နှင့် ဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါသည်။

မေး။ ။ ဒီနှစ်ပြိုင်ပွဲမှာ မေးခွန်းအပိုင်း ထူးခြားတာမျိုး ရှိပါသလား၊ ဘာထူးခြားသလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ ဒီနှစ်ကျင်းပတဲ့ MCSC (2018) ပြိုင်ပွဲလိုမျိုးကို ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တို့မှာ ကျင်းပခဲ့ဖူးပါတယ်။ ၂၀၁၅ တုန်းကတော့ ဂျပန်တွေ မေးခွန်းထုတ်တာပါ။ ပထမဆုံးလည်းဖြစ်၊ ဖြေဆိုတာကလည်း ၁၀ သင်းလောက်ဆိုတော့ သူတို့က မေးခွန်းကို လွယ်တာလေးတွေ မေးခဲ့ကြပါတယ်။ ပြိုင်ပွဲပြီးတော့ ဆုရတဲ့ကလေးတွေက အင်ဒိုနီးရှားမှာကျင်းပတဲ့ ဆိုက်ဘာဆီးဂိမ်းပြိုင်ပွဲကို ဝင်ပြိုင်ကြတာပေါ့။ ဒီပြိုင်ပွဲမှာ ကျွန်တော်တို့နိုင်ငံက အဆင့်(၅) ချိတ်ပါတယ်။

၂၀၁၆ ခုနှစ်မှာတော့ BaseCTF(2016) ဆိုပြီး ပြိုင်ပွဲလေးကို ကျင်းပဖြစ်ပါတယ်။ ၂၀၁၆ မှာပြိုင်တာက ၂၃ သင်းပါ။ အဲဒီနှစ်မှာ ထူးခြားချက်က မြန်မာတွေထုတ်တဲ့မေးခွန်းတွေကို ပထမဆုံး ဖြေဆိုခဲ့ကြတာပေါ့။ မေးခွန်းတွေကိုလည်း ဖြေဆိုရသူတွေ အဆင်ပြေအောင်လို့ လွယ်တာလေးတွေ ဦးစားပေး မေးခဲ့ကြပါတယ်။

အဲဒီပြိုင်ပွဲအပြီးမှာ ဆုရတဲ့ကလေးတွေက ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ ဆိုက်ဘာဆီးဂိမ်း(၂၀၁၇)ကို သွားရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံ ကိုယ်စားပြုအသင်းက ဒီပြိုင်ပွဲမှာ အဆင့်(၆) ရပါတယ်။ ကျွန်တော်တို့နောက်မှာ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့ပဲ ရှိပါတော့တယ်။ ကလေးတွေက BaceCTF(2016) ပြိုင်ပွဲမှာ မေးခွန်းတွေက နည်းနည်း လွယ်နေခဲ့တာကြောင့် သူတို့ နည်းနည်းပေါ့မိတာရယ်၊ သူတို့ကို စခန်းသွင်းလေ့ကျင့်တာမျိုးတွေ မရှိခဲ့တာရယ်ကြောင့် အဆင့်ကျခဲ့တာလည်း ပါပါတယ်။

ဒါကြောင့် ဒီနှစ်မှာတော့ မေးခွန်းထုတ်သူတွေအားလုံး တိုင်ပင်ကြပြီး ပြည်တွင်းပြိုင်ပွဲမှာ မေးခွန်းတွေကို အာဆီယံအဆင့်နဲ့ကိုက်ညီအောင် ကျွန်တော်တို့ ပြောင်းလဲဖို့ လုပ်ခဲ့ကြပါတယ်။ ဒီတော့ ဒီနှစ်မေးခွန်းတွေက အရင်နှစ်က ထက်စာရင် အရမ်းခက်နေသလို ဖြစ်နေပြီး ကလေးတွေ တော်တော်များများ ဖြေဆိုရခက်နေကြတာပေါ့။

မေး။ ။ ပြိုင်ပွဲဝင်တွေရဲ့ကျွမ်းကျင်မှုအပိုင်းကို ပြိုင်ပွဲတာဝန်ရှိသူအနေနဲ့ အမြင်ကို ပြောကြားပေးပါ။



ဖြေ။ ။ ကျွန်တော်တို့ ဒီနေ့ခေတ်မှာ Cyber Security ပိုင်းဆိုရင် အချို့တွေက Hacking လုပ်တယ်ဆိုတဲ့ Offensive ပိုင်းကိုပဲ ပြေးမြင်ကြတယ်ဗျ။ ဒီထက်ဆိုးတာက Facebook Account Recovery လုပ်တာကိုတောင် Hacking လုပ်တယ်လို့ မှားယွင်းမြင်နေကြတယ်ခင်ဗျ။

ဒီတော့ ကျွန်တော်တို့က Cyber Security ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေဖို့ ဒီလိုဘာသာရပ်တွေကို ကျွမ်းကျင်နေဖို့ လိုတယ်၊ ဒီလိုအသိပညာတွေရှိနေဖို့ လိုတယ်လို့ ကျွန်တော်တို့က လူငယ်တွေကို message ပေးချင်တာရယ်ကြောင့် ကျွန်တော်တို့အနေနဲ့ (၁) Web Security (၂) Reverse Engineering (၃) Forensics (၄) Cryptography and Steganography (၅) Pwn (၆) Mobile and Misc ဆိုပြီး ကဏ္ဍကြီး ခြောက်ခုခွဲပြီး မေးခွန်းတွေ ထုတ်ပေးခဲ့ပါတယ်။

ကလေးတွေအနေနဲ့က Reverse Engineering, Pwn, Forensics ဘာသာရပ်တွေကို ရင်းနှီးမှု နည်းနေတော့ သူတို့အတွက်ကတော့ ဒီဘာသာရပ် (၃) ခုကို ဖြေဆိုရာ အခက်အခဲလေးတွေတော့ ရှိကြပါတယ်

မေး။ ။ Cyber Security အပိုင်းမှာ မြန်မာလူငယ်တွေရဲ့ စိတ်ဝင်စားမှု အတိုင်းအတာက ဘယ်လိုရှိသလဲဆိုတာရယ်၊ လူငယ်တွေရဲ့ ကျွမ်းကျင်မှုတွေက ဘယ်အခြေအနေရှိလဲဆိုတာရယ်အမြင်ကို ပြောပြပေးပါ။

ဖြေ။ ။ Cyber Security ပိုင်းနဲ့ ပတ်သက်ပြီး မြန်မာလူငယ်တွေရဲ့ စိတ်ဝင်စားမှုက ကျေနပ်ဖို့ ကောင်းတဲ့ အနေအထားမှာတော့ ရှိပါတယ်။ ဒါပေမယ့် အချို့လူငယ်တွေက လမ်းကြောင်းလေး နည်းနည်းလွဲနေကြတာ တွေ့ရပါတယ်။ ကျွန်တော် ရှေ့မှာပြောခဲ့သလို Cyber Security နဲ့ ပတ်သက်ရင် ရှေ့မှာပြောခဲ့တဲ့ ပညာရပ်တွေကို စနစ်တကျနဲ့ အချိန်ပေး လေ့လာရမယ့်အစား Website တွေကို Offen-sive သဘောနဲ့ တိုက်ခိုက်ချင်တဲ့စိတ်၊ Social Media Account တွေကို ခိုးယူလိုစိတ်တွေ အချို့လူငယ်တွေမှာ ရှိနေကြပါတယ်။ ဒီတော့ လူငယ်တွေကို လမ်းကြောင်းမှန်ရောက်အောင်လို့ ကျွန်တော်တို့အနေနဲ့ အသိပညာပေးမှု၊ လှုံ့ဆော်မှုလေးတွေ လုပ်ဆောင်ပေးဖို့ ကျွန်တော်တို့အနေနဲ့ရော၊ သတင်းမီဒီယာတွေအနေနဲ့ ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံအတွက် ထူးချွန်ထက်မြက်တဲ့ မှန်ကန်တဲ့ ဆိုက်ဘာ လုံခြုံရေးပညာရှင်တွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ရင် ဆိုက်ဘာပြစ်မှုတွေ ကျူးလွန်တဲ့ လောကတွေကို လူငယ်တွေ လမ်းမှားရောက်ရှိသွားနိုင်ပါတယ်။

မေး။ ။ ဒီလို awareness ပေးဖို့ရာ mmCERT အနေနဲ့ လုပ်နေတာတွေကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ mmCERT အနေနဲ့ Cyber Security Awareness နဲ့ပတ်သက်ပြီး သတင်းအချက်အလက် လုံခြုံရေးဆိုတဲ့နာမည်နဲ့ လက်ကမ်းစာစောင်လေးတွေကို ဖြန့်ဝေတာတို့။ ကျွန်တော်တို့ဆိုက်မှာ ဖော်ပြတာတို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီစာစောင်မှာဆိုရင်လည်း ကြိုးမဲ့ကွန်ရက် လုံခြုံရေး၊ အင်တာနက်သုံးစွဲရာမှာ လိုက်နာရမည့် ကျင့်ဝတ်များ၊ စမတ်ဖုန်း လုံခြုံရေး၊ DDOS တိုက်ခိုက်မှုများစတဲ့ သတင်းအချက်အလက် လုံခြုံရေးကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတာကို လူတိုင်းနားလည်လောက်တဲ့ ရှင်းလင်းချက်တွေနဲ့ ပြည်သူတွေကို အသိပညာ ဖြန့်ဖြူးပေးခဲ့ပါတယ်။

မေး။ ။ လူငယ်တွေအနေနဲ့ cyber security ပိုင်းကို လေ့လာရင် လက်ရှိမှာ အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်တဲ့ အခြေအနေနဲ့ နောင်မှာအလုပ်အကိုင်ရဖို့ အလားအလာကိုလည်း ပြောပေးစေချင်ပါတယ်။

ဖြေ။ ။ လူငယ်တွေအနေနဲ့ Cyber Security ပိုင်းကို လေ့လာခဲ့မယ်ဆိုရင် ခုအချိန်ဟာ အကောင်းဆုံး အနေအထားပါ။ ယခင်တုန်းက ဆိုက်ဘာလုံခြုံရေးနဲ့ ပတ်သက်တဲ့ အလုပ်အကိုင်တွေဟာ အရမ်းရှားပါးပါတယ်။ Cyber Security နဲ့ပတ်သက်ပြီး လက်မှတ်ရထားသူတစ်ယောက်ဟာ လစာစရိတ် မြင့်မားတာရယ်၊ နိုင်ငံတကာ အသိအမှတ်ပြု Certificate ရဖို့ကလည်း ကုန်ကျစရိတ် အရမ်းများတာရယ်ကြောင့် OSCP တို့လို လက်မှတ်ရထားသူတွေ အရမ်းရှားခဲ့ပြီး ရရှိထားသူများဟာလည်း နိုင်ငံခြားကဘဏ်တွေနဲ့ ပြည်တွင်းဘဏ်တွေမှာသာ လုပ်ကိုင်ခဲ့ကြပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ E-government စနစ်ကို အကောင်အထည်ဖော်ပြီးတဲ့အချိန်မှာ ဆိုက်ဘာလုံခြုံရေးနဲ့ ပတ်သက်ပြီး အထူးဂရုစိုက် ကိုင်တွယ်ရပါတော့မယ်။ ဒီတော့ ဆိုက်ဘာလုံခြုံရေးနဲ့ ပတ်သက်တဲ့ အလုပ်အကိုင်တွေဟာ အရေးပါလာပါတော့မယ်။

ဒီပညာရပ်တွေက ခုလေ့လာ ခုချက်ချင်းတတ်တဲ့ ပညာတွေမဟုတ်တော့ နှစ်ရှည်လများ လေ့လာမှသာ ထိုက်သင့်တဲ့ ကျွမ်းကျင်မှုရရှိမှာမို့ ခုချိန်လေ့လာမယ်ဆိုရင် အချိန်ကောင်းဖြစ်တယ်ဆိုတာလေးကို ဖြည့်စွက်ပြောချင်ပါတယ်။

BaseCTF(2016) ပြိုင်ပွဲတုန်းက ဆုရခဲ့တဲ့ ကလေးနှစ်ယောက်ဆိုရင်လည်း Cyber Security ကုမ္ပဏီတွေမှာ ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်တော့ ကျွမ်းကျင်မှုရှိတဲ့ ကလေးတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းဆိုတာက ရှိနေမှာပါ။

မေး။ ။ လူငယ်တွေအနေနဲ့ ဒီ Cyber security ကို စလေ့လာချင်ရင် ဘယ်ကနေစရမလဲဆိုတာ လမ်းညွှန်ပေးပါ။

ဖြေ။ ။ Cyber security က အချို့သော လက်မှတ်တွေလို ခြောက်လလေ့လာ၊ တစ်နှစ်လေ့လာပြီး ကျွမ်းကျင်မှုရှိသွားမှာ မဟုတ်ပါဘူး။ မြန်မာပြည်မှာ CEH နဲ့ ပတ်သက်ပြီး သင်တန်းတွေဖွင့်လှစ်လာကြပါတယ်။ ဒါ့အပြင် Web Security သင်တန်းတွေ ပေါ်ပေါက်နေပါပြီ။ ဒါပေမယ့် Reverse Engineering တို့လို Forensics တို့လို သင်တန်းတွေတော့ မရှိပါဘူး။

ကလေးတွေအနေနဲ့ Developing နဲ့ပတ်သက်တဲ့ သင်တန်းတွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ အောင်မြင် တတ်ကျွမ်းနေကြတာ ရှိပါတယ်။ ဒီလို တတ်ကျွမ်းတဲ့လူငယ်တွေအနေနဲ့ကတော့ Cyber Security ပိုင်းကို တတ်မြောက်ဖို့ သိပ်ပြီး အခက်အခဲရှိမှာ မဟုတ်ပါဘူး။ ကျွန်တော် ရှေ့မှာ ပြောခဲ့သလို အချို့သောအရာတွေက သင်တန်းတွေမှာ သင်ကြားမပေးနိုင်ပါဘူး။ ကိုယ်တိုင် လေ့လာလုပ်ဆောင်ရမယ့် အပိုင်းတွေ အများကြီးရှိပါတယ်။ သင်တန်းတွေ တက်တာက တစ်ပိုင်းပေါ့။

ကိုယ်အားလပ်တဲ့ အချိန်လေးတွေမှာ အခြားသော Online training Course တွေမှာ ဘာတွေသင်သလဲ လေ့လာသင့်ပါတယ်။ အရေးကြီးဆုံးကတော့ ဖိုရမ်တွေမှာ ဝင်ရောက်ဆွေးနွေးဖို့ပါ။ ဖိုရမ်တွေမှာက လူသစ်လေးတွေကအစ ဂုရုတွေအထိ ကိုယ်နှစ်သက်တာကို မေးမြန်းဖို့ အကောင်းဆုံးနေရာတွေပါ။ စိတ်ရှည်ရှည်နဲ့ တစ်စိုက်မတ်မတ် လုပ်သွားရင် တဖြည်းဖြည်းနဲ့ အသိပညာတွေတိုးပြီး နားလည်သွားမှာပါ။။

မေး။ ။ ဆရာ့အနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင်လည်း ပြောပေးပါ။

ဖြေ။ ။ ပြိုင်ပွဲနဲ့ ပတ်သက်ပြီးကတော့ သာမန်အားဖြင့် ကျွန်တော်တို့က တစ်နှစ်တစ်ကြိမ်သာ ကျင်းပပါတယ်။ ကျင်းပတိုင်းလည်း ရန်ကုန်မှာသာ ကျင်းပဖြစ်ပါတယ်။ ဒီတော့ နယ်က ကလေးတွေအနေနဲ့ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အခက်အခဲ ရှိကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ရန်ကုန်မဟုတ်တဲ့ အခြားမြို့ကြီးတွေမှာလည်း ပြိုင်ပွဲတွေ ကျင်းပပေးပြီး လူငယ်တွေ ဆိုက်ဘာလုံခြုံရေး အသိအမြင်တွေ ရကြဖို့ လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့မျက်မှောက်ခေတ်မှာ ဖြစ်ပွားနေတဲ့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကြည့်ရင် လူငယ်တွေကို ဆိုက်ဘာလုံခြုံရေးဟာ ဘယ်လောက်ထိ အရေးပါတယ်ဆိုတာကို သိရှိနားလည်စေချင်ပါတယ်။

မေး။ ။ နယ်မြို့ကြီးတွေမှာ ပြိုင်ပွဲလုပ်ဖို့က တစ်နှစ်လောက်အတွင်း ဖြစ်နိုင်စရာ ရှိပါသလား။

ဖြေ။ ။ ဒီနှစ်အတွင်းမှာပဲ နေပြည်တော်မှာ ပြိုင်ပွဲကျင်းပနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နှစ်မှာတော့ နှစ်ကြိမ်လောက် ကျင်းပနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။




**Myanmar Cyber security Challenge (2018) ပြိုင်ပွဲဝင်အသင်းများ** (ဓာတ်ပုံ - mmCERT )

---

# Barcamp Yangon 2018 ကို တက်ရောက်သူပေါင်းများစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂**

(၉)ကြိမ်မြောက် ကျင်းပသော ဘားကမ့်ရန်ကုန် Barcamp Yangon ကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်က ကျင်းပခဲ့ရာ ပွဲနှစ်ရက်အတွင်း စာရင်းပေးသွင်းတက်ရောက်သူ ၅၈၈၆ ဦး ရှိခဲ့ပြီး ခေါင်းစဉ်ပေါင်း ၈၀ ခန့်ကို ဆွေးနွေးဝေမျှနိုင်ခဲ့ကြောင်း သိရ သည်။

Barcamp Yangon 2018 ပွဲ နှစ်ရက်အတွင်း နည်းပညာနှင့် အထွေထွေ အသိပညာပိုင်းဆိုင်ရာများကို Speaker ပေါင်း ၇၈ ဦးက ဆွေးနွေးဟောပြောခဲ့ကြပြီး ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ IoT နည်းပညာ၊ ဒစ်ဂျစ်တယ်ငွေကြေးသစ် Blockchain နည်းပညာများ၊ ဆာဗာလုံခြုံရေးဆိုင်ရာ သိကောင်းစရာများ၊ ဝက်ဘ်ဆိုက်၊ ဒီဇိုင်းနှင့် စက်ရုပ်နည်းပညာများ အကြောင်း၊ အသံပိုင်းဆိုင်ရာနည်းပညာ၊ လူမှုကွန်ရက်ဆိုင်ရာများ၊ ဘဏ်စနစ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ဒစ်ဂျစ်တယ်သတင်းမီဒီယာအကြောင်း၊ ကွန်ရက်နည်းပညာများ၊ ဈေးကွက်ဆိုင်ရာ အသိပညာများ၊ ဆိုင်ဘာအသိပညာနှင့် အတွေ့အကြုံများအပြင် ပြည်သူ့အခြေပြု အိုင်တီဝန်ဆောင်မှုများ စသည်တို့ဖြစ်သည်။

Digital ခေတ်ဖြစ်သည့်အားလျော်စွာ Barcamp Yangon သည် နည်းပညာ အခြေခံသည့်ပွဲ ဖြစ်စေရန်အတွက် Barcamp Yangon Mobile Application ကိုလည်း ထုတ်ဝေခဲ့ပြီး Application တွင် ခေါင်းစဉ်များ ဝင်ရောက်နားထောင် ဆွေးနွေးကာ လက်ဆောင်များ ထုတ်ယူနိုင်ရန်လည်း စီစဉ်ထားခဲ့ကြောင်း သိရသည်။

"နောက်နှစ်တွေမှာလည်း အခုထက်ပိုမိုကောင်းမွန်အောင် ပြုလုပ်ပေးသွားမှာပါ။ ကျွန်တော်တို့ တတ်နိုင်သမျှ Digital ခေတ်ကို အမီလိုက်နေတာပါ" ဟု Barcamp Yangon Organizer တစ်ဦးဖြစ်သည့် ဦးမင်းဦးက ပြောသည်။

ယခုနှစ် ဘားကမ့်ရန်ကုန်ကို Organizer ၃၆ ဦး၊ Volunteer ၇၀ ခန့်ဖြင့် အောင်မြင်စွာ စီစဉ်ကျင်းပနိုင်ခဲ့ကြောင်း Organizer Team ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**



# ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူး

## ဦးကျော်စိန်(မန္တလေး)

စစ်ကိုင်းမြို့မင်းကွန်းတောင်ရိုး ဓမ္မနာဒ ချောင် သာသနဓဇသိရီပဝရ ဓမ္မာစရိယ အစိုးရပထမကျော် ပရိယတ္တိသာသန ဟိတဓမ္မာစရိယ၊ ဝင့်သကာ၊ ဝိသိဋ္ဌဝိနယ ဓရ၊ မဟာဝိနယကောဝိဒ၊ ဝိသိဋ္ဌအာဘိ ဓမ္မိက၊ မဟာအဘိဓမ္မကောဝိဒ၊ ဝိသိဋ္ဌ ဒီဃဘာဏက၊ မဟာဒီဃနိကာယ ကောဝိဒ၊ ဗုဒ္ဓသာသနာဝိသိဋ္ဌ၊ တိပိဋက ဓရ၊ မဟာတိပိဋကဓရ၊ မဟာတိပိဋက ကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ ဆဋ္ဌသင်္ဂါယနာ ဝိဿဇ္ဇက၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ မဟာဗုဒ္ဓဝင်ကျမ်းပြု၊ နိုင်ငံတော်သံဃ မဟာနာယကပဋ္ဌမ အကျိုးတော်ဆောင်၊ မင်းကွန်းဆရာ တော် အရှင်ဝိစိတ္တသာရာဘိဝံသည် ၁၃၅၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၊ (၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက်) အင်္ဂါနေ့ညနေ ၄ နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော် မူခဲ့ပါသည်။

ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာ တော်ဘုရားကြီးသည် ထူးခြားသော ဉာဏ်၊ ဝီရိယတို့ကြောင့် ပရိယတ္တိ သာသနာတော်၌ ရှေးဦးစွာ စတင်ပေါ် ထွန်းတော်မူသော တိပိဋကဆရာတော် တစ်ပါးဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင် အားလုံးသိရှိပြီး ဖြစ်ကြပါသည်။ ဆရာ တော်ဘုရားကြီးသည် သင်ရိုးပိဋကတ် သုံးပုံစာအုပ်ရေ ၂၀ စာမျက်နှာ(၈၀၂၇) တို့ကို အထောက်အမ မရှိ၊ အမှားအယွင်း မရှိ၊ တိကျပြတ်သားစွာ နှုတ်တက်အာဂုံ ဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် “ကမ္ဘာ့ စံချိန်မှတ်တမ်းများ” အမည်ရှိ ကမ္ဘာ ကျော်စာအုပ်ကြီးထဲ၌ အရှင်ဝိစိတ္တသာရ အား “ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်” ဟု နှစ်ကြိမ်တိုင်တိုင် မှတ်တမ်း တင်ထားပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီး သည် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ကြီးတွင် ၁၃၁၁ ခုနှစ် ကဆုန်လမှစ၍ ၁၃၁၅ ခုနှစ် နတ်တော်လအထိ လေးနှစ် နှင့် ခုနစ်လတိုင်တိုင် ပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုနိုင်ခြင်းကြောင့် ဝိသိဋ္ဌ ဂုဏ်ထူးကို ရရှိ၏။ ရေးဖြေတွင်လည်း ၉၅ ရာခိုင်နှုန်း အောင်မှတ်ရကာ ဖြေဆို နိုင်ခြင်းကြောင့် မဟာဂုဏ်ထူးကို ရရှိသဖြင့် “ဗုဒ္ဓသာသနာ(ဝိသိဋ္ဌ) တိပိဋကဓရ(မဟာ)တိပိဋကကောဝိဒ” ဟူသော ဂုဏ်ထူးနှစ်ထပ်ဘွဲ့ထူးကို ပထမဆုံးရရှိတော်မူခဲ့သည်။ ထို့ကြောင့် ပင်လျှင် မြန်မာနိုင်ငံတော်ဝယ် “တိပိဋ ကဓရအစ အရှင်ဝိစိတ္တသာရာဘိဝံ သက ” ဟု ဆိုစမှတ်ပြုရပေသည်။

၁၃၁၆ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင်သဘင်ပွဲကြီး စတင် ကျင်းပခဲ့၏။ မြန်မာ၊ သီရိလင်္ကာ (သီဟိုဠ်)၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား ဟူသော ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ဆရာတော်ကြီးများပါဝင်သည့် သင်္ဂါ ယနာပွဲကြီး၏ သဘာပတိမှာ အဘိ ဓဇမဟာရဋ္ဌ ဂုရုညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတမထေရ်ဖြစ်၏။ အဂ္ဂ မဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘနက ပုစ္ဆက(အမေး)ဆရာ တော်အဖြစ်ဖြင့် ဆောင်ရွက်၍ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်က




ဝိဿဇ္ဇက(အဖြေ) ဆရာတော်အဖြစ် ဆောင်ရွက်တော် မူခဲ့ကြပါသည်။

ဆဋ္ဌသင်္ဂါယနာခေတ်တွင် မြန်မာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် တိပိဋက ဆရာတော်ဘုရားကြီးအား မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဦးစီးရေးသား ရန်၊ ထိုသို့ရေးသားရာ၌ ဗုဒ္ဓ၏အကြောင်း အရာ မှန်သမျှအပ်ကျသည်ကမကျန်ရ အောင် ရေးသားပြုစုပါရန် နိုင်ငံတော် အစိုးရကိုယ်စားနိုင်ငံတော်ဗုဒ္ဓသာသန နုဂ္ဂဟအဖွဲ့ကြီး၏ အကူအညီအားကို ရယူကာ အကြိမ်ကြိမ် လျှောက်ထား၏။ သို့အတွက် ဆရာတော်ဘုရားကြီးက **“စေတနာ့ ဝန်ထမ်းအဖြစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရလျှင် ရုံးကိစ္စအဝဝ ပတ်သက်မှုမရှိစေရန်နှင့် စာပေကိစ္စ တွင်သာ ဦးစီးဆောင်ရွက်ခွင့်ပြုရန်”** ဟူသော ဝန်ခံကတိသုံးချက် တောင်း၍ လက်ခံရေးသားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် မဟာ ဗုဒ္ဓဝင်ကျမ်းကြီးကို ပါဠိတော်၊ အဋ္ဌ ကထာ၊ ဋီကာများကို ကြည့်၍ တစ်ခါ တည်းကိုယ်တိုင် လက်နှိပ်စက်ရိုက်၍ ပြုစုတော်မူ၏။ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဆဋ္ဌသင်္ဂါယနာ၏ ဖွားဖက်တော်ဖြစ်၍ အတွဲအားဖြင့် ခြောက်တွဲခွဲခြား၏။ ထိုကျမ်းကြီးတွင် ပါဝင်သော အကြောင်း အရာစာများမှာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးတရားများဖြစ်၍ အုပ်ရေ အားဖြင့် ရှစ်အုပ်ပိုင်းခြားထား၏။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည် ၄၅ ဝါပတ်လုံး မနားမနေသတ္တဝါတို့၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်ခဲ့သည် ကို ကြည်ညိုပူဇော်လို၍ အခန်းအားဖြင့် ၄၅ ခန်း ဆင်မြန်းသတ်မှတ်ခဲ့၏။ စာမျက်နှာအားဖြင့် ၅၅၁၆ မျက်နှာရှိ သော နိုင်ငံတော်ဗုဒ္ဓသာသနာ မဟာ ဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြုစုတော် မူခဲ့သည်။ မဟာဗုဒ္ဓဝင်ကျမ်း စာအုပ်များ ပြီးစီးချိန်တွင် စာပေပညာရှင် သုတေသီ များက **“အခိုင်အမာ အကိုးအကားခံ စာအုပ်ကြီးတစ်ဆူဖြစ်၏။ ရေးသား ထားပုံမှာ ယဉ်သည်၊ သန့်သည်၊ ခံ့သည်၊ ညက်ညောသည်”** ဟူ၍ ဝေဖန်ချီး ကျူးခဲ့ကြ၏။ ယနေ့အထိ အကြိမ်ပေါင်း များစွာ ရိုက်နှိပ်ခဲ့ရ၍ မဟာဗုဒ္ဓဝင် ကျမ်းကြီးများသည် မြန်မာတို့၏ထေရ ဝါဒ ဗုဒ္ဓသာသနာဂုဏ်ဆောင် သမိုင်း ပြောင်စေသည့် ကျမ်းကြီးများဖြစ်ကြပါ သည်။

ဆရာတော်ကြီးသည် သာသနာ တော်ကြီး၏အကျိုးမျှော်ရည်ကိုးလျက် တိပိဋကဓရဆရာတော်များ ပေါ်ထွန်း လာရန်အရေး မျှော်တွေးလျက်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင်

**“တိပိဋကနိကာယကျောင်းတိုက်”** ကြီးကို ၁၃၄၀ ပြည့်နှစ်က စတင်ပြီး တည်ထောင်ထားခဲ့၏။ ဆရာတော် ကြီးသည် ပိဋကသုံးပုံ ကျမ်းစာများကို စာသင်သား ရဟန်းတော်များအား စည်းကမ်းတကျ နည်းညွှန်လမ်းပြ သင်ကြားပို့ချပေးစေတော်မူခဲ့ပါသည်။ တိပိဋကနိကာယကျောင်းတိုက်ကြီးတွင် ဆွမ်း၊ ကွမ်းစသော ပစ္စည်းလေးပါး တို့ကိုငြိုငြင်မှုမရှိစေရဘဲ တိပိဋကဓရ လောင်းလျာ စာသင်သားရဟန်းတော် တို့သည် ပိဋကတ်စာပေကို ကျက်၊ ပြန်၊ ကြံ၊ ကြည့်ကြိုးစားလျက်ရှိနေသော ကျောင်းတိုက်ကြီးပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး ဆရာတော်ကြီးသည် မြန်မာပြည်အနှံ့အပြား လှည့်လည်၍ တရားဓမ္မတော်များ ဟောကြားခြင်းဖြင့် ရရှိလာသော အလှူဝတ္ထုငွေဖြင့် သာသနာပြုလုပ်ငန်းများစွာ ဆောင်ရွက် တော်မူခဲ့ပါသည်။ ထိုသို့သော လုပ်ငန်း များထဲမှ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးနှစ်တိုက်သည် ခမ်းနား ထည်ဝါစွာပေါ်လွင် ထင်ရှားလျက်ရှိပါ သည်။ ရန်ကုန်မြို့တွင် တက္ကသိုလ် ကျောင်းဆောင် အဆောက်အအုံ ၅၀ ကျော်၊ မန္တလေးမြို့တွင် ၇၀ ကျော်ရှိသော တက္ကသိုလ်နှစ်ခု ဆောက်လုပ်ကာ နိုင်ငံတော်သို့ အပ်နှံခဲ့ပါသည်။

ထိုကျောင်းတိုက်ကြီး နှစ်တိုက်တွင် ပထမကြီးတန်းအောင်ရဟန်းတော် များနှင့် ဓမ္မာစရိယဘွဲ့ရပြီးသော ရဟန်း တော်များ သီတင်းသုံးလျက်ဆိုင်ရာ ကျမ်းစာများကို ပရိယတ္တိသာသနာ့ အကျိုးအတွက် ကြိုးစားသင်ယူတော် မူနေကြ၏။ ထိုတက္ကသိုလ်ကြီးများမှ **“သာသနတက္ကသီလာမဟာဓမ္မာ စရိယ” ဘွဲ့တံဆိပ်တော်ရ ရဟန်းတော်များ” “သာသနတက္ကသီလာဓမ္မာစရိယ”** ဘွဲ့တံဆိပ်တော်ရ ရဟန်းတော်များ များစွာ ပေါ်ထွန်းလျက်ရှိသဖြင့် သာသနာတော်ကြီးအတွက် အားရဖွယ် ပင် ဖြစ်ပါသည်။ ထို့အပြင် ထည်ဝါ ခမ်းနားမှုဖြင့် ပြည့်စုံသော ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးတစ်ရုံကို လည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်ကြီးသည် ပြည်သူ့ အကျိုးပြုလုပ်ငန်းဖြစ်သည့် မိမိ သီတင်း သုံးရာ မင်းကွန်းကျေးရွာ ကျေးလက် ကျန်းမာရေးဆေးပေးခန်းပေါ်ပေါက် အောင် စီမံဆောင်ရွက်ခြင်း၊ မင်းကွန်း တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးမှူး၊ ဆရာဝန်နှင့် ဝန်ထမ်းနေအိမ်များ ဖြစ်ထွန်းပေါ်ပေါက်အောင် စီစဉ်ဆောင် ရွက်ပေးခဲ့ပါသည်။ ပညာရေးနှင့် ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့်

အထက်တန်းကျောင်း အဆင့်ဆင့်အထိ ကျောင်းအဆောက်အအုံများ ပေါ်ထွန်း အောင်လည်း စီမံဆောင်ရွက်ခဲ့၏။ ဆရာ တော်ကြီး၏ မွေးရာဇာတိဖြစ်သည့် မြင်းခြံမြို့နယ် ကျည်းပင်ရွာနှင့် သဲဖြူဝ ရွာတို့တွင် ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ပေးခြင်းတို့ကို လည်း စီမံဆောင်ရွက်ပေးခဲ့၏။ မန္တလေးပရိ ယတ္တိသာသနဟိတအသင်း ဗိမာန်တော် ကြီးနှင့် မလွန်ဆန်လှုအသင်း ညီမူရာ ခန်းမကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရေး အတွက် တရားဓမ္မများ ဟောကြား၍ စည်းရုံးဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးတရားဓမ္မ ဟော ကြားရာတွင် ပါဠိတော်ကြီးများကို အလေးထား ဟောပြောတော်မူ၏။ အသံသြဇာမှစ၍ ထူးခြားနေသော ကြောင့် တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူ ပြည်သူအများက အထူးနှစ်သက် သဘောကျကြ၏။ မြန်မာနိုင်ငံဒေသ မျိုးစုံသို့ လှည်း၊ လှေ၊ ဆိုက်ကား၊ ထွန် စက်၊ ကား စသည့်ယာဉ်ရထားမရွေးဘဲ ယာဉ် အမျိုးမျိုးဖြင့် ကြွရောက်တော်မူပြီး တရားပွဲပေါင်း တစ်သောင်းခွဲကျော်ခန့် ဟောကြား တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် တရားဓမ္မ များကို ဟောကြားရာ၌ ပါဠိတော် ကြီးများကို နှုတ်တက်အာဂုံဆောင်ပြီး အကျော်အလွှားမရှိ အစအဆုံးရွတ်ဆို ကာ ပါဠ်လျှောက်အနက်ပေး မြန်မာ ပြန်၍ အပြည့်အစုံဟောကြားပေးတော် မူပါသည်။ လိုအပ်လာပါလျှင် အဋ္ဌ ကထာ၊ ဋီကာပါဠိများကိုပင် ရွတ်ဆိုကာ ဂန္ထန္တရအဆိုအမိန့်၊ အာစရိယဝါဒ အယူ အဆများကိုပါ ထည့်သွင်းလျက် ရှင်းလင်းဖော်ထုတ်ဟောကြားတော်မူ ခဲ့၏။

ထိုကဲ့သို့ ပါဠိတော်ကြီးများကို အာဂုံဆောင်ပြီး ဟောကြားရခြင်းကို ဆရာတော်ကြီးက “မြန်မာနိုင်ငံဗုဒ္ဓ ဘာသာဝင်များ သာသနာတော် အတွက် ပစ္စည်းလေးပါးပေးလှူလျက် သူတို့ဘက်ကတာဝန်ကို သူတို့ကျေပွန်ပါ သည်။ ဘုရားဟောတရားတော်များကို ဘုရားဟောသည့်အတိုင်း သူတို့နား ရောက်အောင် ပို့မပေးလျှင်ဘုန်းကြီး တို့ဘက်က တာဝန်မကျေဘဲဖြစ်နေလိမ့် မည်။ သူတို့နားသို့ ဘုရားဟောတရား ရောက်စေချင်လို့ ပါဠိတော်ကို အာဂုံ ဆောင်ပြီး ဟောနေခြင်းဖြစ်ပါသည်။ ဘုန်းကြီးကတော့ ဘုရားဟောအရှိကို အရှိအတိုင်းဟောမှာပဲ၊ ပါဠိကိုရွတ်ပြီး ကိုယ်လိုရာဆွဲမဟောဘူး။ တရားစစ်စစ် ဟောတာပဲ ကောင်းပါသည်” ဟူ၍ ရှင်းပြခဲ့ဖူးပါသည်။

ဆရာတော်ကြီးသည် မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို သာသနာ တော်ကြီးအား အပ်နှင်းထားသည့်ပမာ အသက်နှင့် ခန္ဓာမြဲနေသရွေ့သာသနာ အတွက် အကျိုးပြုလုပ်ငန်းများဖြင့်သာ အချိန်ကုန်စေခဲ့ပါသည်။ ဆရာတော်ကြီး ဘဝနတ်ကျောင်း ရွှေပြောင်းစံဝင်တော် မူသွားသည်မှာ ၂၅ နှစ် ကျော်ကြာမြင့် ခဲ့ပြီဖြစ်၏။ အချိန်ကာလမည်မျှပင်ကြာ ညောင်းပါသော်လည်း ရဟန်းရှင်လူ တပည့်များ၏ နှလုံးသား၌ ထာဝရမော် ကွန်းတင်ကာ အမြဲပင်ရှင် သန်လျက်ရှိ နေကြပါတော့သတည်း။

## ရွှေဆံတော်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပလျက်ရှိ

**ရေး ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ရေးမြို့၏ကျက်သရေဆောင် သမိုင်းဝင်ဘုရားဖြစ်သည့် ရွှေဆံတော် စေတီနှင့် စကားတောင်စေတီတော် အကြိမ်(၁၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပလျက်ရှိရာ တပို့တွဲလပြည့်ညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ များဖြင့် စည်းကာလျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် မွန်ပြည်နယ် ဇာတ်ပွဲနှစ်ပွဲနှင့် မြန်မာ အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်သလို မြန်မာ၊ ထိုင်း၊ အီရန်နှင့် လာအိုနိုင်ငံမှ လက်ဝှေ့ကျော်များပါဝင်သည့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲလည်း ပါဝင်ပြီး အမျိုးသမီးလက်ဝှေ့တွဲဆိုင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။ ပွဲတော်ကာလတွင် လူသုံးကုန်၊ အဝတ်အထည်၊ စားသောက် ကုန် အလှကုန်များကိုလည်း ဆိုင်များခင်းကျင်းဖွင့်လှစ်၍ ရောင်းချလျက်ရှိရာ ပွဲတော် သို့ လာရောက်၍ ဈေးဝယ်ယူသူများဖြင့်လည်း စည်ကားလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ကန်သာယာကန် မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်

**ခင်ဦး ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကန်သာယာကျေးရွာရှိ ကန်သာယာကန် မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၄၄ ဒသမ ၅ သန်းဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ကြီးကြပ်၍ ရှင်းသန့်ဇော်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက် လျက်ရှိသည်။

ရေကန်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကန်သာယာကန်မှာ ဧရိယာ ၂၀ ဧကရှိပြီး ရေထုတ်ပြွန်သုံးလုံးမှ စိုက်ပျိုးမြေဧက သုံးထောင်ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးအောင်သူရိန်မော်က ပြောသည်။

ကန်သာယာကန်ကို ပုဂံခေတ် မဏိစည်သူမင်းလက်ထက်က တူးဖော်ခဲ့ပြီး ကန် နှင့်အတူ ရွှေဂူကြီးဘုရားကို တည်ထားကြောင်း၊ ရှေးက ၎င်းကန်မှာ ပယ် ၁၀၀ (ဧက ၁၅၀)ရှိပြီး သောက်သုံးရေကန်အဖြစ် အသုံးပြုခဲ့ကြောင်း၊ ယခုအချိန်တွင် ကန်မှာ တိမ်ကောလာပြီး အချို့နေရာများတွင် လယ်ယာများလုပ်ကိုင်သဖြင့် ကန်၏ဧရိယာမှာ ၂၀ ဧကသာရှိတော့ကြောင်း၊ ကျေးရွာအနေဖြင့် ကန်ကို မပြုပြင်နိုင်သဖြင့် တာဝန်ရှိသူ များက ယခုလို တူးဖော်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ကျေးရွာအုပ်ချုပ် ရေးမှူး ဦးသိန်းဟန်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

## ကျေးလက် ကွန်ပျူတာနည်းပညာပြန့်ပွားရေးသင်တန်းဆင်း

**ကျောက်တန်း ဖေဖော်ဝါရီ ၂**

ကျေးလက်နေ လူငယ်များအနေဖြင့် ကျေးလက်လုပ်ငန်းစဉ်များတွင် ဆက်သွယ်ရေး နည်းပညာ အခန်းကဏ္ဍကို ခေတ်နှင့်အညီ ထိရောက်စွာ သုံးစွဲတတ်ရန် ရည်ရွယ်ချက် ဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်ခဲ့သော ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၁၈) ဆင်းပွဲကို ကျောက်တန်း မြို့နယ် တံတားမြို့ LearningCenter ခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသိန်းမင်းက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင် မြင်သူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ လူငယ် ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## မော်ကျွန်းတွင် ဆောင်းခိုလေ့ရှိသော နိုင်ငံခြားဆောင်းခိုငှက်များ ယခုနှစ် ဆောင်းရာသီတွင်လာရောက်ခြင်းမရှိ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်သို့ လွန်ခဲ့သောနှစ်ပေါင်း ၃၀ကျော် မှစတင်ပြီး နိုင်ငံခြားအအေးလွန် ဒေသ များတွင်ကျက်စားနေထိုင်သောနိုင်ငံခြား ဆောင်းခိုငှက်များသည် ဆောင်းအအေး ဓာတ်ပြင်းထန်ချိန်များ တွင် မူလဒေသမှ စွန့်ခွာပြီး နှစ်စဉ်မော်လမြိုင်ကျွန်းမြို့နယ် အတွင်းသို့ လာရောက်ပြီး ဆောင်းခိုလေ့ ရှိကြသည်။

အဆိုပါ ငှက်များသည် တိုင်းဒေသ ကြီး၏ ရေမြေသဘာဝ၊ အစာရေစာ ပေါ်များမှုကို ကြိုက်နှစ်သက်သဖြင့် မြန်မာပြည်အရပ်ရပ်ရှိ ဒေသများထက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် များတွင် တစ်မြို့နယ်လျှင် ဆောင်းခိုငှက် ကောင် ရေ ၂၅ကောင်မှ ကောင်ရေ ၃၀ ကျော်အထိ ဆောင်းခိုလေ့ရှိကြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အများ ဆုံး လာရောက်သောနှစ်များမှာ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် တို့ဖြစ်ကြပြီး ဆောင်းခို ငှက်ကောင်ရေ ၃၅ ကောင်မှ ကောင်ရေ ၄၀ကျော်အထိ မြို့နယ်အလိုက် ကောင်ရေအနည်းအများ ကွာခြားပြီး လာရောက်နားခိုကြကြောင်း သိရသည်။

“နိုင်ငံခြား ဆောင်းခိုငှက်တွေက နှစ်စဉ် မော်လမြိုင်ကျွန်းမြို့နယ်ကို လာ ကြပါတယ်၊ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ် တစ် နှစ်လုံးနဲ့ ယခုနှစ်ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံခြားဆောင်းခိုငှက်တစ်ကောင်မှ နားခိုတာ မတွေ့ရပါဘူး၊ ဆောင်း ရာသီ ရောက်ရင် ညှော့သည်နိုင်ငံခြား ဆောင်းခို ငှက်ကို မျှော်မိပါတယ်” ဟု ဒေသခံ တစ်ဦးက ပြောပြသည်။

ယခင်က ဆောင်းခိုငှက်များသည် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များသို့ နှစ်စဉ်အောက်တိုဘာလမှ ဖေဖော်ဝါရီလ ကုန်အထိ ဆောင်းခိုနေထိုင်လေ့ရှိပြီး မတ်လအတွင်းတွင် နေရပ်သို့ ပြန်ကြ ကြောင်းသိရသည်။ **မော်ကျွန်း-မြင့်အောင်**

# မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူပါဝင်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းထိန်းသိမ်းပေးစေလို

**မန္တလေး ဖေဖော်ဝါရီ ၂**

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား နိုင်ငံတကာတွင်ကျင့်သုံးနေသည့် စနစ်အတိုင်း ပြည်သူပါဝင်သော အဖွဲ့အစည်းများဖြင့် ပူးပေါင်းပါဝင် ထိန်းသိမ်းပေးစေလိုကြောင်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က အကြံပြုပြောကြားသည်။


"ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနကနေ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းဖို့ ငွေကြေးအနေနဲ့လည်း မလုံလောက်ဘူး။ နည်းပညာလည်း မလုံလောက်ဘူး၊ လူအင်အားလည်း မလုံလောက်ဘူး၊ ဒါကြောင့် အစိုးရတစ်ခုတည်း ရှန်းနေတဲ့ဝန်ကို ပြည်သူက ဝင်ပြီးကူညီတဲ့သဘောမျိုးဖြစ်မယ့် အဖွဲ့အစည်းလေးတွေ ပေါ်ပေါက်အောင် ကြိုးစားသင့်ပါတယ်၊ ပေါ်ပေါက်လာရင်လည်း ပိုပြီးတော့ ထိန်းသိမ်းကြပါ၊ ဒီနည်းဟာ ယနေ့ခေတ် နိုင်ငံတကာမှာ အသုံးပြုနေတဲ့ နည်းဖြစ်တဲ့အတွက် ကိုယ်တိုင်ပါဝင်ပြီး တစ်နိုင်တစ်ပိုင် ထိန်းသိမ်းကြမယ်ဆိုရင် ယနေ့အချိန်ထိ မပြိုမပျက်ဘဲ ကျန်နေတဲ့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရာ ရောက်မယ်လို့ ထင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို ပြုပြင်မွမ်းမံရန်တစ်ခုတည်းသာမဟုတ်ဘဲ ၎င်းအဆောက်အအုံများ၏ မှတ်တမ်းကို ရယူထိန်းသိမ်းရန်၊ ပြုပြင်ရန်နှင့် နှစ်ပေါင်းကြာမြင့်လာသည့်အခါ ရေရှည်တည်တံ့ခိုင်မြဲစေရန် လက်ရှိအချိန်ကတည်းက ကြိုတင်ဆောင်ရွက်ထားရန်တို့ကိုလည်း လိုအပ်ကြောင်း သိရသည်။

"အရင်တုန်းက ကျွန်တော်တို့လည်း အမှတ်မှားခဲ့တယ်၊ ရှေးဟောင်းအဆောက်အအုံတစ်ခုကို ပြုပြင်နေရုံနဲ့ မရဘူး၊ မှတ်တမ်းယူဖို့လည်း လိုတယ်ဆိုတာကို အမေရိကန်သံအမတ်ကြီးရန်ပုံငွေနဲ့ မန္တလေးမြို့က ရွှေနန်းတော်ကျောင်းကြီးကို ပြုပြင်မယ့် နိုင်ငံတကာပညာရှင်တွေရဲ့လုပ်ဆောင်ချက်တွေအရ သိခဲ့ရတယ်၊ ဒါ့ကြောင့် နိုင်ငံတကာပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းတာက အကျိုးရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာလူမျိုးများ၏ ခေတ်အဆက်ဆက် ဗိသုကာအနုပညာ၊ ပန်းချီ၊ ပန်းပုနှင့် ပန်းဆယ်မျိုးဆိုင်ရာ ပညာရပ်များကို လေ့လာပါက အနုပညာရပ်တစ်ခုတည်းတွင် ကျေနပ်မနေဘဲ မျိုးဆက်တစ်ခုတည်းမှာပင် ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်း စသည်ဖြင့် လက်ရာများကို ဆန်းသစ်တီထွင်ကာ ဖန်တီးနိုင်စွမ်းရှိကြောင်းကို မန္တလေးမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၏ ဗိသုကာလက်ရာသမိုင်းကို လေ့လာပါက သိရှိနိုင်ကြောင်းလည်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က အကြံပြု ပြောကြားထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



အမရပူရမြို့နယ်အတွင်းရှိ ရှေးဟောင်းအဆောက်အအုံ ဗားကရာကျောင်းတော်ကြီး

## မိုင်းအသိပညာပေးလုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ ဆင်နှစ်ကောင်ဟိုတယ်၌ မိုင်းအသိအညာပေးလုပ်ငန်းအဖွဲ့၏ ၂၀၁၈ ခုနှစ် ဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စန်က အမှာစကားပြောကြားပြီး Unicef လားရှိုးရုံး တာဝန်ခံ ဦးတင်လေးနိုင်က မိုင်းအသိပညာပေးလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး(တောင်ကြီး)မှ အရာရှိ ဒေါ်လှဲ့ဝင်းဖြူက ယခင်နှစ် အစည်းအဝေးမှတ်တမ်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်တင်ပြပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြည်နယ်လူမှုဝန်ထမ်းမှ လုပ်ဆောင်နေသော လုပ်ငန်းစဉ်များနှင့် ၂၀၁၇ ခုနှစ်အတွင်း အောင်မြင်မှုများ၊ ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ပေါင်းစပ်လုပ်ညှိနှိုင်းခြင်းနှင့် အခက်အခဲများ၊ MRWG ၏ TOR လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းတို့ကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး(ရန်ကုန်)မှ အရာရှိ ဦးကျော်ဝင်းဦးက မိုင်းဖြစ်ရပ်မှတ်တမ်းများကို ပြန်လည်လေ့လာသုံးသပ်ခြင်း၊ မြေပုံတွင် ဖော်ထုတ်ရေးဆွဲထားသော MRE 4W ကို မျှဝေခြင်းနှင့် လိုအပ်ချက်များ၊ အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့သည်။

မိုင်းအသိအညာပေးလုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲသို့ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ Unicef မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ Halo Trust, DRC/DDG, DCA, MRCS နှင့် အခြားလူမှုကူညီရေး အဖွဲ့အစည်းများ၊ NGO, INGO အဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မှူခင်းအသိပညာပေး လုပ်ငန်းဆောင်ရွက်

**သထုံ ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၏ ကြီးကြပ်မှုနှင့် သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်ဦးဆောင်သော မှူခင်းအသိပညာပေးယာဉ်ဖြင့် ဇန်နဝါရီ ၃၁ ရက်မှစတင်၍ သုဓမ္မဝတီအမက မူလွန်ရှေ့သို့ရောက်ရှိပြီး ဒေသခံများနှင့် ကျောင်းသူများအား နယ်မြေစခန်းမှူး ရဲအုပ်တင်ချိုက ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၁၃၈)**



**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဆံတော်ရှင်မြသပိတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ စည်ကားစွာကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် သထုံမြို့မြသပိတ်တောင်ထိပ်ရှိ ဆံတော်ရှင် မြသပိတ်စေတီတော်မြတ်ကြီး၏ အကြိမ်(၆၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တောင်ခြေရှိ မြန်မာနိုင်ငံ၌ အကြီးဆုံးဖြစ်သော နီးဘုရားကြီး ဗုဒ္ဓပူဇနိယပွဲကို ဇန်နဝါရီ ၃၁ ရက်(တပို့တွဲလပြည့်)နေ့ နံနက်က စည်ကားစွာကျင်းပခဲ့သည်။



ဗုဒ္ဓပူဇနိယပွဲတော်တွင် မြသပိတ်တောင်ထိပ်ရှိ ဆံတော်ရှင် စေတီတော်မြတ်ကြီးအား သံဃာတော် ၄၅ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနှင့် ဆွမ်းပွဲတစ်ထောင်ဖြင့် ကပ်လှူပူဇော်ကြသည်။ ထို့နောက် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၇၄ ကျောင်းမှ သံဃာတော် အပါး ၆၅၀ ကျော်နှင့် သီလရှင်ကျောင်းတိုက် ၃၆ တိုက်မှ သီလရှင် အပါး ၈၀ ကျော်တို့အား အလှူရှင်အသီးသီးတို့က ထမနဲ၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုများဖြင့် စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၂၈ ရက်မှစတင်ကာ မြသပိတ်စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဗုဒ္ဓဒေသနာတော်များကို အသံမစဲ ရွတ်ဆိုပူဇော်ခဲ့ကြပြီး လပြည့်နေ့ ညနေ ၄ နာရီမှစတင်ကာ မြို့တွင်းရှိ စေတနာရှင်များက နိဗ္ဗာန်ဈေးဖြင့် တည်ခင်းကျွေးမွေးကာ စေတီတော်တောင်တက်လမ်းတစ်လျှောက်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခဲ့သလို ဇာတ်ပွဲများ၊ ပွဲဈေးများ စသည့် အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**သက်ဦး(သထုံ)**

## ကျေးလက်ဒေသများရှိ ကျောင်းများသို့ အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများပေးအပ်

**မိုးနဲ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားဒေသများမှ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများသို့ မြို့နယ်သစ်တောဦးစီးဌာနက အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက်က အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမောင်ဆန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှမြင့်က အခြေခံပညာရေးကျောင်းများသို့ အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် လွိုင်အိုင်၊ ကုန်းလုံ၊ နားမွန်း၊ ဟွေးဟေး၊ (ဝမ်)လွိုင်ချို ကျေးရွာများရှိ အခြေခံကျောင်းများအတွက် အိမ်သုံးဆိုလာတစ်လုံးစီနှင့် စွမ်းအားမြှင့်မီးဖိုတစ်လုံးစီကိုလည်းကောင်း၊ ဝမ်နား၊ ကာဟ၊ ဘုရားဖြူ၊ ဟဲကော၊ ဟိုဖိုင်၊ ခိုတိဝိုး ၊နမ့်ဟူးပစ် ၊ တာတွန့် ကျေးရွာများရှိ အခြေခံပညာကျောင်းများအတွက် စွမ်းအားမြှင့်မီးဖိုတစ်လုံးစီကိုလည်းကောင်း မြို့နယ်ပညာရေးမှူး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးလှသောင်းတို့က သက်ဆိုင်ရာကျောင်းများမှ တာဝန်ခံကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ပြီး အိမ်သုံးဆိုလာပြား အသုံးပြုပုံ နည်းစနစ်များကိုလည်း သစ်တောဌာနမှ တာဝန်ရှိသူများက လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များပေးအပ်

**ရေတာရှည် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တောင်သူများအား ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များကို မြို့နယ်သစ်တောဦးစီးဌာနမှ ဇန်နဝါရီ ၃၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်မှတ်များပေးအပ်ပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့/ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အုတ်ဖို၊ စည်ကိုင်းကျိုး၊ လယ်ပြင်မ၊ ချောင်းမကြီး၊ ကျွန်းတောစုကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက ဒေသခံပြည်သူများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၂၂၃၃ ဧကကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၉၀၆ ဒသမ ၇၇ ဧကကို အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၁၈၅၃ ဒသမ ၅ ဧကကို ဆက်လက်ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ကြောင်း၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ပေးခြင်းဖြင့် သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်နိုင်ခြင်းအပြင် မြေယာလုပ်ပိုင်ခွင့်များ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သလို လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အစုအဖွဲ့ ၁၈ ဖွဲ့မှ တောင်သူဦးရေ ၂၄၂ ဦးတို့အား သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာ ဘဒ္ဒန္တကုမာရဘိဝံသ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၏ ကြီးကြပ်မှုတို့ဖြင့် အပဲ့အဖွဲ့ချုပ်(ရှင်သာမဏေ ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့)နှင့် အလှူရှင်များစုပေါင်းလှူဒါန်းမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ (၂၇)ပါးနှင့် ရှင်သာမဏေကျော်စာမေးပွဲဖြေဆိုလျက်ရှိသည့် ရှင်အပါး(၁၀၀၀)တို့အား ပူဇော်ပွဲနှင့်နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကြီးအား ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါ၍ သူတော်စင်အပေါင်းမှ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန်၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး-ဖုန်း-၀၉-၄၄၃၀၄၆၇၂၃၊ ၀၉-၂၅၀၀၀၃၂၈၀၊ ၀၁-၂၀၁၇၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် ကုသိုလ်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ မွေးနေ့အလှူ (၇)ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ-၌ ဒေါက်တာကိတ္တိသာရ (ချောင်းဦးဆရာတော်)၏မွေးနေ့အလှူ ခုနစ်ရက်တရားစခန်းပွဲကို ၁၆-၂-၂၀၁၈ရက်မှ ၂၂-၂-၂၀၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၂၆၀၀၂၀၄၄၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

စနေ၊ တနင်္ဂနွေအားလပ်သူများ စခန်းပွဲကာလတွင်း သောကြာလာတနင်္ဂနွေပြန် အားထုတ်နိုင်ပြီး၊ နေ့ယောဂီ/အချိန်ပိုင်းယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်။ အသက်ရွယ်ကြီးသူများ ဦးစားပေးလက်ခံပါမည်။ စခန်းဝင်ကြေးပေးသွင်းစရာမလိုပါ။

## သျှီဝညမြတ်ပူဇော်ပွဲ နှိုးဆော်စာ

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ကျရောက်သည့် သျှီဝညမြတ်ပူဇော်ပွဲသည် သျှီဝဘုရားသခင်အား ဘုရားကျောင်းများတွင် ဟိန္ဒူဓလေ့ထုံးစံနှင့်အညီပူဇော်ကြသည့် ဟိန္ဒူဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခင်နှစ်များက အချို့ဘုရားဖူးဝတ်ပြုကိုးကွယ်သူများသည် မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဘုရားကျောင်းအသီးသီး၏ ညမြတ်ပူဇော်ပွဲသို့ သွားရောက်ပူဇော်ကြရာတွင် ဘုရားဖူးလူငယ်အချို့သည် တီးဝိုင်းပါဆောင်းဘောက်များ တင်ဆပ်၍ မော်တော်ယာဉ်များဖြင့် တီးမှုတ်ကခုန်သီဆိုကြပါသည်။ ထိုကာလသည် အခြေခံပညာကျောင်းများစာမေးပွဲဖြေဆိုမည့်အချိန်ကာလဖြစ်ရာ ပတ်ဝန်းကျင်တွင် နေထိုင်ကြသောသူများအတွက် အနှောင့်အယှက်ဖြစ်ကြောင်းတင်ပြစာများအရ သိရှိရပါသည်။ သို့ပါ၍ ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရန် မော်တော်ယာဉ်များပေါ်တွင် တီးဝိုင်းပါဆောင်းဘောက်များ တပ်ဆင်လှည့်လည်ခြင်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ကလည်း လုံးဝ(လုံးဝ)ခွင့်မပြုကြောင်းနှင့် ထိုသို့တားမြစ်ချက်ကို ဖောက်ဖျက်ပါက သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းအသီးသီးက ကြပ်မတ်အရေးယူဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံတင်ပြထားပြီးဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဦးမောင်ရွှေ**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## ပခုက္ကူမြို့ကျက်သရေဆောင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး နယုန်လဗုဒ္ဓပူဇနိယပွဲတော်နှင့် ရုံမြေနေရာလေလံပွဲ



ပခုက္ကူမြို့ ကျက်သရေဆောင်သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၉၀၁)ကြိမ်မြောက် နယုန်လဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၈၀ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁၂ ရက်အထိ၊ ၂၄-၅-၂၀၁၈ရက်မှ ၁၀-၆-၂၀၁၈ရက်ထိ (၁၈) ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ ဈေးဆိုင်ခန်းများရရှိရေးအတွက် ၁၃၈၀ခုနှစ် ကဆုန်လဆန်း ၁ ရက်မှ လကွယ်နေ့အထိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဆက်သွယ်ပြီး ကြိုတင်ဖြတ်ယူကြပါရန် နှိုးဆော်ပါသည်။

ဇာတ်ရုံ၊ ဘားဆပ်ကပ်ရုံ၊ အခြားပျော်ပွဲရွှင်ပွဲရုံများအတွက် မြေနေရာလေလံပွဲကို ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်၊ ၁၀-၂-၂၀၁၈ရက် စနေနေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ ခြားရဟတ်၊ ပင်လယ်ဓားပြနှင့်ကလေးကစားကွင်းတို့အတွက် မြေနေရာလေလံပွဲကို ၁၃၈၀ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်၊ ၅-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၉ နာရီတွင်လည်းကောင်း ဘုရားကြီးတန်ဆောင်းအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်လေလံဆွဲဝယ်ယူနိုင်ပါကြောင်း။

**မှတ်ချက်။ လောင်းကစားဝိုင်းများ၊ ကံစမ်းမဲဆိုင်များ၊ အရက်သေစာဆိုင်များ လုံးဝခွင့်မပြုပါ။**

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း-၀၉-၇၉၀၈၈၈၄၂၂၊ ၀၉-၂၀၄၀၀၉၅**


**ရောင်းမည်**
မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာ၊ (5) ဧက၊ (2)ယူနစ်၊(10)ဧက၊ကားလမ်းမဘေး (2)ကွက်တွဲ၊ ညီလာစံလမ်းမနှင့် မော်ဘီလမ်းထောင့်၊ (1 ဧက)
သိန်း - ၅၀၀
ဆက်သွယ်ရန်ဖုန်း - 09-5131294,09-2000866


## ပျဉ်းမနားမြို့နယ် အဘိဓမ္မာသင်တန်းကြီး ဖွင့်လှစ်တော့မည်

ရိုးရှင်းစွာ မြန်မာလိုနားလည်သဘောပေါက်နိုင်ရန် သင်ကြားပို့ချပါမည်။ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စာရင်းပေးသွင်းကြပါရန်။

**ဖွင့်လှစ်မည့်ရက်** - ၁၀-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၉ နာရီ
**ဖွင့်လှစ်မည့်နေရာ** - မြို့မဈေးကုန်းကျောင်းတိုက်၊ ရွှေညောင်ပင်ကားဂိတ်အနီး၊ ရန်/မန်းလမ်း
ဖုန်း-၀၉-၂၆၀၆၃၅၅၀၂၊ ၀၉-၈၃၀၃၀၈၉၊ ၀၉-၇၉၇၆၈၈၄၄၀၊ ၀၆၇-၂၁၉၆၉

**ပျဉ်းမနားမြို့နယ် အဘိဓမ္မာပြန့်ပွားရေးအဖွဲ့**


N.G.E.S အင်္ဂလိပ်စာ သင်တန်း
(နွေရာသီ နှင့် ပုံမှန်) တန်းခွဲများ
အင်္ဂလိပ် စကားပြော သဒ္ဒါနှင့် အရေးအဖတ် (၅နှစ်မှ ၁၅နှစ်)(၁၆ နှစ်မှအထက်)
(English For Speaking, Listening, Reading & Grammar) +
(Essay, Letter & Story Writing)
နွေရာသီ၊ မတ်၊ ဧပြီ၊ မေ (၃)လသင်တန်းများအတွက်၊ ၂၈ ဖေဖော်ဝါရီထိ
5% Discount ဖြင့်ကျောင်းအပ်လက်ခံပြီ။
၉၄၊ ၅ လမ်း (အထက်/လမ်းတို) လမ်းမတော်၊ ရန်ကုန်မြို့
09 5079896, 095005219,09799675960


## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မကွေးမြို့နယ်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၁

| | | |
|---|---|---|
| ဦးဖိုးလင်း | နှင့် | ၁။ ဦးမြင့်အောင် |
| | | ၂။ ဒေါ်ငွေငွေခိုင် |
| | | ၃။ ဦးအောင်သျှန် |
| တရားလို | | တရားပြိုင်များ |

အောင်စေတနာ(အေ)အုပ်စု၊ (၂)လမ်း၊ အမှတ် (၆၅) မကွေးမြို့နေ ဒေါ်ငွေငွေခိုင် (ယခုနေရပ်လိပ်စာမသိ)နှင့် အောင်စေတနာ(အေ)အုပ်စု၊ (၃)လမ်း၊ မကွေးမြို့၊ အမှတ် (၁၀၁)နေ ဦးအောင်သျှန် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးဖိုးလင်းက တရားပြိုင် ဦးမြင့်အောင်၊ ဒေါ်ငွေငွေခိုင်၊ ဦးအောင်သျှန်တို့အပေါ် ဝယ်ယူထားသော မြေကွက်အရောင်းအဝယ် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁ရက်) နံနက် ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုဇင်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**မကွေးမြို့နယ်တရားရုံး**


CMT CHAM MYAE THA FURNITURE Co., Ltd.
ကျွန်းထည် ( Teak Product ) နှင့်
နိုင်ငံခြားဖြစ်ပစ္စည်းများ ( Imported Products )
5.2.2018 မှ 20.2.2018 ထိ
10 % to 50 %
ပြခန်းဆိုင်ရှိ အရေအတွက်
အကန့်အသတ် ဦးရာစနစ်ဖြင့် ရောင်းချပေးမည်။
အခွင့်အရေး လက်လွတ်မခံပဲ လာရောက်အားပေးကြပါရန်
လေးစားစွာဖိတ်ကြားအပ်ပါသည်။
" Facebook မှထမဆုံး ဝယ်ယူသူ ၁၀ဦး မှ ထမင်းစားပွဲ ဆုမဲဖောက်ပေးသွားပါမည်။ "
No. 10 , Kabar Aye Pagoda Road, Mayan Gone Tsp, 8 Mile. 01-652625, 01-652626



မဟာသိပ္ပံဝင်ခွင့်တန်းပထမဆုရ
ဦးခင်မောင်သန်း စာသင်ဝိုင်း
B.Sc.(Hons); M.Sc.(Maths) F1
(ဂုဏ်ထူးရသချ်ာ) ကိုယ်တိုင်သင်ကြား စီစဉ်သည့်...
၈၊ ၉၊ ၁၀ တန်း စာသင်ဝိုင်းများ
အိမ်ဝိုင်း သီးသန့် သင်ကြားပေးသည်။
မတ်လ(၇)ရက် စမည်။
၂၀၁၈-၁၉ ပညာသင်နှစ် ကျောင်းအပ်လက်ခံပြီ။
အမှတ် ၇၁၉/၇၃၅၊ မာယ(၄)လမ်း၊ ၁၂/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ ၈၅၆ ၅၄၀၃၊ ၀၉ ၅၁၇ ၁၇၅၅၊ ၀၉ ၄၂၀၀ ၄၇၁၆၀



ကလေးနာမည်ပေး
ရာဇာဇော်ဝင်း
နှင့်ဆက်သွယ်ပါ(ဗိုလ်ရတ်ဓမ္မ)(LL.B)
01-394727,01-399426,09-73009994
09-5152521 တိုက်၊(၉၄)၊မွေ့ဆေးလမ်း၊ (အလယ်)၊ရေမြောင်းကြီးအနီး၊(ဝထပ်) ခရီလာခတောင်ညွှန့်၊ရန်ကုန်မြို့။


## မိဘအမည်မှန်

ပုဏ္ဏားကျွန်း အထက(ခွဲ) နဝမတန်းမှ မမိုးမိုးမေ၏ မိဘအမည်မှန်မှာ ဦးဖော်နု ၁၁/ပဏတ(နိုင်)၀၉၀၄၁၉ နှင့် ဒေါ်တူတူဘာလာ ၁၁/ပဏတ(နိုင်)၀၉၀၅၁၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6469 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ မြေကွက်အမှတ်(၃၄၄)၊ ဧရိယာ ၀ဒသမ၀၈၂၈ဧ၊ မြေကွက်တည်နေရာ အမှတ် ၃၄၄၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့ရှိ ဒေါက်တာစမ်းစမ်းကြည် အမည်ပေါက် ပါမစ်မြေအား ဒေါ်နွယ်နီဝင်း (ဘ)ဦးမြင့်ရှိန်(ခ)ဦးအင်းယား ၁၄/ကကန(နိုင်)၁၁၃၆၀၃မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၄၃၅၁)၏ မြေပေးစလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်နွယ်ကြည် ၉/ဥတသ(နိုင်)၀၀၃၁၃၇(ဘ) ဦးဘိတန်မှ မြေပေးစလစ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း တင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခင်ထုတ်ထားပေးသည့် ပျောက်ဆုံးသွားသော မြေပေးစလစ်မူရင်းအား ပယ်ဖျက်၍ မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငွေချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၉

| | | |
|---|---|---|
| ၁။ ဦးညွန့်ဝင်း(ခ)ဦးအဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်အောင်) | နှင့် | ၁။ ဦးချစ်စိန် |
| | | ၂။ ဒေါ်လှဝင်း(ခ)ဒေါ်မဝေ |
| | | ၃။ နိုင်တီး(ခ)နိုင်ထေဦး |
| ၂။ ဒေါ်လှကြည်(ခ)ဒေါ်ဖူးသီး | | ၄။ မိမိုး |
| တရားလိုများ | | တရားပြိုင်များ |

ရေးမြို့နယ်၊ လမိုင်းမြို့၊ ရပ်ကွက်(၃)၊ မေတ္တာလမ်းနေ ၁။ ဦးချစ်စိန်၊ ၂။ ဒေါ်လှဝင်း(ခ) ဒေါ်မဝေနှင့် သံဖြူဇရပ်မြို့နယ်၊ ကော့လေးကျေးရွာနေ ၃။ နိုင်တီး(ခ)နိုင်ထေဦး၊ ၄။ မိမိုး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ ဦးညွန့်ဝင်း(ခ)ဦးအဝင်းနှင့် ဒေါ်လှကြည်(ခ)ဒေါ်ဖူးသီးတို့က (၁၂-၅-၂၀၁၆)ရက်စွဲပါ စာချုပ်သည်တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည်များနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးညွန့်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မံစီမြို့၊ ကောင်ရာရပ်ကွက်၊ ကွက်အမှတ်(၁)အတွင်းမှ ဦးပိုင်အမှတ် ၈/၂၊ မြေဧရိယာ ၀ဒသမ၁၃၁ဧကနှင့် ဦးပိုင်အမှတ် ၈/၃ မြေဧရိယာ ၀ဒသမ၁၀၃ဧကတို့ကို ဒေါ်စုစုဝေသည် လွန်ခဲ့သော (၁၃) နှစ်မှစတင်၍ ပိုင်ဆိုင်အသုံးပြုခဲ့ရာ ဒေါ်စုစုဝေ ၁/ဗမန(နိုင်)၀၄၃၉၁၈ အမည်ဖြင့် စက်မှုမြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စုစုဝေ**
**ကောင်ရာရပ်ကွက်၊ မံစီမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ ကွက်အမှတ် ၃၂ အတွင်းမှ ဦးပိုင်အမှတ် ၉/၁ မြေဧရိယာ ၀ဒသမ၀၈၇ဧကနှင့် ဦးပိုင်အမှတ် ၉/၂၊ မြေဧရိယာ ၀ဒသမ၀၄၄ဧက ဦးလှသိန်းအမည်ပေါက် မြေကွက်များကို တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးကိန်ဟုတ် ၁/လဂန(နိုင်)၀၀၁၇၃၈ အမည်ဖြင့် တစ်ကွက်တည်းဦးပိုင်ပေါင်းစပ် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကိန်ဟုတ်**
**သာစည်ရပ်ကွက်၊ ဗန်းမော်မြို့**


**'ပေကျယ်' တိုက်ခန်းရောင်းမည်**
- ပေ(၂၅×၅၀)၊ခြောက်လွှာ(တိုက်သန့်)
- အိပ်ခန်းသုံးခန်း၊ ကြွေပြားပြည့်
- သံပန်းပြည့်၊ ဆန်းရှိတ်၊ A/C(2)
- ပြင်ဆင်ပြီးအသင့်နေ(နေရာကောင်း)
- စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း(နီး)
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
- သိန်း(၆၈၀)၊ ပွဲစားမလိုပါ။
ဖုန်း-၀၉-၅၁၈၅၃၅၀၊ ၀၉-၇၆၅၁၈၅၃၅၀


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/4913 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၄၁၂၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ

IDEAL CLASS EDUCATION CENTRE

# ICEC

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
KG မှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအပ်လက်ခံနေပြီ။

ပညာရိပ်သာ - ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 300 59147, 09 300 59148
09 7958 86818, 09 2559 65938

စံပြကျောင်း - (5-A/B) လယ်ယာရွှေမြေလမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်။
Tel : 09 731 66911, 09 450 401055
09 450 401011, 09 731 62577

စံဗိကျောင်း - (၆၉၁ / ခ - ၂)၊ ညောင်တုန်းလမ်းနှင့်ကျန်စစ်သားလမ်းထောင့်၊ (ရုံးရှေ့မှတ်တိုင်)၊ လှိုင်သာယာမြို့နယ်။
Tel : 09 785274023, 09 970 490781, 09 9799 862 303

သန်လျင်မြို့တွင် ထပ်မံဖွင့်လှစ်လိုက်သော ကျောင်းသစ်

(သန်လျင်)ကျောင်း - အမှတ်(၇)၊ကျိုက်ခေါက်ဘုရားလမ်း၊သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်။ (ပွင့် - မြန်မာထမင်းဆိုင်နှင့်မျက်နှာချင်းဆိုင်)
Tel : 09 441 311 653, 09 441 311 628
09 790 767 138, 09 951 862 917

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်ဌေး ၈/တတက(နိုင်)၂၄၃၅၆၄၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၀၃၀၈၁၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုမင်း ၈/တတက(နိုင်)၂၃၃၂၂၉၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၃၁၇၂၂၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကိုထွေး ၈/တတက(နိုင်)၂၃၂၀၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၀၅၄၇၈၄

## မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေ မျက်နှာဆုံညီ အစည်းအဝေးဖိတ်ကြားခြင်းနှင့် အလုပ်မှုဆောင်ကော်မတီဝင်အဖြစ် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း (မှတ်ပုံတင်အမှတ် - ၃၀၅၁/ ၂၀၁၂ - ၂၀၁၃)၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေ မျက်နှာဆုံညီ အစည်းအဝေးကြီးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆေးရုံများ၊ အသင်းဝင်မည့် ပုဂ္ဂလိကဆေးရုံများအား မပျက်မကွက်တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက်နှင့် အချိန် | - | ၂၀၁၈ ခုနှစ်၊ မတ်လ (၂) ရက်နေ့ (တောင်သူလယ်သမားနေ့)၊ နံနက် (၈) နာရီမှ ညနေ (၅) နာရီ |
| နေရာ | - | Sky Star Hotel (ပတ္တမြားခန်းမ) (အမှတ် ၅၁ - ခ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်) |
| အကြိုနှုတ်ဆက်ညစာစားပွဲ | - | ၂၀၁၈ ခုနှစ်၊ မတ်လ (၁) ရက်၊ Sky Star Hotel ပထမထပ် (ပုလဲခန်းမ)၊ ညနေ (၆) နာရီမှ (၉) နာရီ |

မှတ်ချက် ။ ။ (၁) အဆိုပါအစည်းအဝေးကြီးတွင် သင်းဖွဲ့စည်းမျဉ်းအရ (၂) နှစ်လျှင် တစ်ကြိမ်ပြုလုပ်သည့် (၂၀၁၈ - ၂၀၂၀) သက်တမ်းအတွက် အလုပ်အမှုဆောင်ကော်မတီဝင်များ ပြန်လည် ရွေးချယ်မည်ဖြစ်ပါသောကြောင့် အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် အဆိုပြုလိုသူများသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းရုံး (Fax- 012301587, Email-mpha.org@gmail.com) သို့ အဆိုပြုလွှာများ ပေးပို့နိုင်ပါသည်။

(၂) အသင်းဝင်ဆေးရုံတစ်ရုံလျှင် ကိုယ်စားလှယ်နှစ်ဦး တက်ရောက်နိုင်ပါသည်။ တက်ရောက်မည့် ကိုယ်စားလှယ်၏ နာမည်၊ ကိုယ်စားပြုသောဆေးရုံအမည် အစရှိသည့် လူဦးရေစာရင်းအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ (၁၅) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်းရုံးသို့ ပေးပို့ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

အသင်းမဝင်ရသေးသော ပုဂ္ဂလိကဆေးရုံများအား အသင်းဝင်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ (မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်း)

(အများပြည်သူများလည်း လာရောက်လေ့လာနိုင်ရန် ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ဖွင့်လှစ်ပြသထားပါသဖြင့် စိတ်ပါဝင်စားသူများ နံနက် (၁၀) နာရီမှ ညနေ (၄) နာရီအတွင်း လာရောက်လေ့လာနိုင်ပါသည်။)

---

Property and Facility Management Course ဟာဆိုရင် Technician Level မှ Management Level အတွက် one stop class ဆိုရင် မမှားပါဘူး။ အချိန်ကုန်၊ ငွေကုန်၊ သက်သာစေမှာပါ။ Property and Facility Management က ကျယ်ပြန့်ပါတယ်။ အကုန်လုံးကို cover ဖြစ်အောင်သင်မှာပါ။

သင်တန်းတက်ရောက်ခြင်းအားဖြင့် day to day operation and premises ကို ဘယ်လို Manage လုပ်ရတာကို သိနိုင်ပါလိမ့်မယ်။ ၁၃နှစ် singapore ကျောင်းတက်အလုပ်အတွေ့အကြုံရှိသူ ရှင်းလင်းပြောပြပေးမှာဖြစ်ပါတယ်။

လိုအပ်တဲ့ engineering basisc and english ကိုလည်း ထည့်သွင်းရှင်းပြပေးမှာဖြစ်ပါတယ်။ Management level မှာ လိုအပ်တဲ့ thinking နဲ့ understanding financial statement, Meeting minutes writing and monthly report တွေပါ ပါဝင်ပါတယ်။ စိတ်ဝင်စားရင် ဆယ်တန်းအောင်နဲ့အထက် တက်ရောက်နိုင်ပါတယ်။ သင်မဲ့ lessons များကိုကြည့်ရှုရန် facebook account (Bryan Kem) ကို သွားရောက်နိုင်ပါတယ်။

- Start "PFM Class 1" on 24 Feb 2018
  Time:11 am to 4 pm. Every Sat and Sun
- Free-200,000 Kyats
- Only 20 Persons Per class
- Class Duration 3 months

စာရင်းပေးအပ်နှံရန် အောက်ပါလိပ်စာသို့ သွားရောက်နိုင်ပါသည်။

အမှတ် (၁)၊ ပထမထပ်(ယာ)၊ မဟာဗေယျလမ်း၊ ၇ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့ နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၂၅၀၂၇၇၅၄၁၊ ၀၉-၇၇၇၃၇၁၇၄၅

Bryan
Bachelor of Technology (Mechanical and Manufacturing)
University Of South Australia
Diploma in Mechatronics
Temasek Polytechnic, Singapore

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ ထန်းတပင်ရပ်)၊ မြရွှေဝါ(၃)လမ်းရှိ မြေကွက်အမှတ် (ဒ-၆၁၈၆)၊ ဧရိယာ ၀ဒသမ၀၅၅၈ဧက၊ ဒေါ်သီသီ(ဘ) ဦးပေါက်ဖော် ၉/ပမန(နိုင်)၁၀၈၅၇၄ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သီတာမြင့် (ဘ)ဦးဘမြင့် ၁၂/ရကန(နိုင်)၀၄၉၆၂၆မှ မြေပေးမိန့်(ပါမစ်)မူရင်း မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာချက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုအား နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိသော်လည်း တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုများသည် စဉ်ဆက်မပြတ် ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိနေရပါသည်။တရားမဝင်သစ်ခိုးယူထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများ၊ တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိခြင်းကြောင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူထုတ်လုပ် သယ်ဆောင်ရောင်းဝယ်ခြင်းများကို သိရှိပါက အောက်ဖော်ပြပါ Hot Line ဖုန်းနံပါတ်များသို့ ဆက်သွယ်၍သတင်းပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| တိုင်ကြားနိုင်သည့်နေရာများ | Hot Line ဖုန်းနံပါတ်များ | |
|---|---|---|
| သစ်တောဦးစီးဌာန၊ | မကွေးတိုင်းဒေသကြီး | ဖုန်း-၀၆၃-၂၀၂၃၀၃၂ |
| သစ်တောဦးစီးဌာန၊ | မကွေးခရိုင် | ဖုန်း-၀၆၃-၂၀၂၅၉၂၇ |
| သစ်တောဦးစီးဌာန၊ | နတ်မောက်မြို့နယ် | ဖုန်း-၀၆၃-၆၉၀၉၈ |

**ဖုန်း-၀၉-၉၇၁၀၁၁၆၂၃**
**နတ်မောက်မြို့နယ် သစ်တောဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/7667 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၄၄၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3618 KA BA Kyaw L/T(1)TON P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူဝင်း ၁၂/ဒဂတ(နိုင်)၀၆၈၃၅၈ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7428 Nissan Diesel CD46V Truck ယာဉ်လက်ဝယ်ရှိသူ အောင်ထွန်းလင်း ၈/ခမန(နိုင်)၁၀၆၅၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ (၁၀)လမ်း၊ အိမ်အမှတ် ၁၀၃၁နေ (ဦးရွှေအောင်)-ဒေါ်ထွေးရီတို့၏သမီး မခင်သန္တာစိုး(ခ)အငယ်လေးသည် မိဘစကား နားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(ဦးရွှေအောင်)-ဒေါ်ထွေးရီ**

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့နယ်၊ လယ်ယာကျေးရွာအုပ်စု၊ ဆင်လမ်းကျေးရွာနေ ဦးဝင်းမြင့်-ဒေါ်ဌေးဝင်းတို့၏သမီး မဆွေဆွေထွန်း ၈/ပခက(နိုင်)၂၆၉၂၂၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၉၃ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/6372 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၆၆၅၈၆ Kenbo 100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၉/မနတ(နိုင်)၀၆၁၈၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ဃ/၁၀၇၇၉ Honda Scoopy 100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မိုရ် ၅/စကန(နိုင်)၂၃၈၃၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## အမြန်ဆက်သွယ်ပေးပါရန်

မဂ္ဂျာအောင်၏ခင်ပွန်း ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နေ ဦးစိုးဝင်းအား သမီး မယုနန္ဒာစိုးမှ ဆက်သွယ်ရရှိလိုပါ၍ ပြန်လည်ဆက်သွယ်ပေးပါရန်။

**မယုနန္ဒာစိုး၊ ဇမ်းမော်မြို့**
**ဖုန်း-၀၉-၄၅၀၈၀၂၃၀၅**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၁) န၀မတန်း (C) မှ မစန်းသီတာအေး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၉/ပဘန (နိုင်)၁၆၇၇၆၉ ဖြစ်ပါကြောင်း။ **ဦးထွန်းဝင်း**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ကျောက်တံခါးမြို့နယ် ကြာအင်းကုန်း ကျေးရွာအုပ်စု ဆင်ဆိပ်ကလေးကျေးရွာနေ ဦးတင်စိန်၏သမီး မရည်မွန် ၇/ကတခ(နိုင်)၁၄၇၁၈၄နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၇-၅-၁၉၉၄ သည် အိမ်ထောင်စုစာရင်းအရ အတည်ပြုမှန်ကန်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခင်ဇော်လတ် ၈/တတက(နိုင်)၂၄၄၄၇၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၀၄၁၁၇၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထွန်း ၈/တတက(နိုင်)၁၂၁၁၈၅၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၂၁၆၇၄၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်ဝင်း ၈/တတက(နိုင်)၁၇၅၃၃၅၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၈၁၃၃၁၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၇၂၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ၈၁လမ်း၊ ၂၀×၂၁ ကြားနေ ဦးအောင်ကျော်လတ်၏ ညီဖြစ်သူ ဦးနေဇော်လတ်(ခ)ဦးမောင်လာနာအွန်မရ်ကို ပြင်ဦးလွင်မြို့တွင် အရိုက်ခံရခြင်းကိစ္စနှင့်ပတ်သက်၍ ဦးဝင်းညွန့်၊ ဒေါ်ခင်နှင်းယုနှင့် မောင်ဝေယံတို့မှ ပြန်လည်ညှိနှိုင်းဆောင်ရွက်ရာတွင် နှစ်ဦးသဘောတူဆန္ဒအရ အများသိစေရန် သတင်းစာတွင် ကြော်ငြာပေးစေလိုပါကြောင်း ပြောဆိုပါ၍ နောင်တွင် ယခုကဲ့သို့ မဖြစ်စေရန် တောင်းပန်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းညွန့်၊ ပါ (၃)ဦး**
**၃၈လမ်း၊ ၆ ကွက်၊ ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် ၁၅/ညံ့တောတောင်၊ ဦးပိုင်အမှတ် ၉၈၊ မြေယာအမှတ် 92၊ မြေဧရိယာ ၀ဒသမ၀၈၆ဧကရှိ ဂရန်မြေကွက်အား မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်အဲကျန် ၉/မမန(ဧည့်)(၀၀၀၁၂၂)မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အဲကျန် ၉/မမန(ဧည့်)(၀၀၀၁၂၂)**
**အကွက်အမှတ် ၁၅၊ ညံ့တောတောင်ရပ်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

## ရှက္ခဗေဒဘာသာရပ်ကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ (ပညာသင်နှစ်အားလုံး)

ရှက္ခဗေဒဘာသာရပ်ကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်၊ စနေနေ့ ညနေ (၃) နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (Recreation Center) တွင် ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပူဇော် ဂါဝရပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံသို့ ကြိုတင်၍သော်လည်းကောင်း၊ ကန်တော့မည့် နေ့ရက်တွင်လည်းကောင်း လှူဒါန်းကြပါရန် အသိပေးနိုးဆော်ပါသည်။ ဘဏ်မှတစ်ဆင့် ငွေလွှဲပို့လှူဒါန်းလိုပါက ပထမပုဂ္ဂလိကဘဏ် ငွေစာရင်းအမည် ဦးစိုးဝင်း၊ ဦးမျိုးအောင်၊ ဒေါ်လှလှရီ ငွေစာရင်းအမှတ် 201.022H959 သို့ လွှဲပို့လှူဒါန်းနိုင်ပါသည်။ မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ ညနေ (၆) နာရီတွင် သစ်ပုပ်ပင် မြက်ခင်းပြင်တွင် ကျင်းပမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် တစ်သောင်းကျပ်တိတိဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ပါမောက္ခဒေါက်တာ အေးဖေ ပါမောက္ခ၊ ဌာနမှူး | (၁၉၈၄) ၀၉ ၅၀၁၀၃၃၀ | ၆။ | ဒေါ်လှလှရီ | (၁၉၇၉) | ၀၉ ၂၅၀၄၅၂၂၁၃ |
| ၂။ | ဒေါက်တာ သန္တာအေး ပါမောက္ခ | (၁၉၉၂) ၀၉ ၇၉၄၃၂၃၉၉ | ၇။ | ဒေါ်ချိုနွယ်ဦး | (၁၉၈၆) | ၀၉ ၅၀၂၀၅၂၇ |
| ၃။ | ဒေါက်တာ ခင်လတ်လတ်မွန် | (၁၉၈၄) ၀၉ ၂၆၀၉၄၄၃၇၁ | ၈။ | ဒေါ်ခင်ဝင်းချို | (၁၉၈၆) | ၀၉ ၅၁၈၆၈၀၁ |
| ၄။ | ဦးတင်ဦး | (၁၉၆၉) ၀၉ ၅၀၇၅၈၀၅ | ၉။ | ဒေါ်အေးအေးမြ | (၁၉၆၈) | ၀၉ ၇၉၀၇၉၈၄၁၁ |
| ၅။ | ဒေါ်ကုယဉ်မြင့် | (၁၉၇၉) ၀၉ ၅၁၄၆၆၂၇ | ၁၀။ | ဦးမျိုးအောင် | (၁၉၈၇) | ၀၉ ၄၃၁၁၅၁၁၆ |

**မြန်မာပြည်မှာ အကောင်းဆုံး**
**DOE SOH GPS TRACKER**

DOE SOH

- ✔ ချိုသာသောဈေးနှုန်းနှင့် စိတ်ချရသော အရည်အသွေးအာမခံချက်ရှိခြင်း
- ✔ တိကျ သေချာသော တည်နေရာ ဖော်ပြပေးနိုင်ခြင်း၊
- ✔ သွားခဲ့သောခရီးစဉ်တိုင်းနှင့် ရပ်နားခဲ့သည့်နေရာ/ကြာချိန်တို့ကို အချိန်မရွေးပြန်လည် ကြည့်ရှုစစ်ဆေးနိုင်ခြင်း

အမှတ်(၂၀)၊ စံရိပ်ငြိမ် (၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၆၅ ၇၇၈ ၀၁၁ ၊ ၀၉ ၇၆၅ ၂၂၂ ၀၆၀
Coporate များအတွက် အထူးဝန်ဆောင်မှုပေးပါသည်

**အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်**

# ဂုဏ်ထူး-ဦးအောင်ခိုင်

**March April May**

**Grammar & Essay Class**
သဒ္ဒါ + စာစီစာကုံး သင်တန်း

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော် 09 798 44 33 20

**ဖခင်အမည်မှန်**

ကော့ကရိတ်မြို့၊ အထက(၁)၊ အဋ္ဌမတန်း(A) မှ မဖူးပွင့်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးဆန်းနောင် ၁၂/သလန(နိုင်)၀၅၆၈၃၄ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်မ မလွယ်ဂျာ ၁၃/တလန(နိုင်)၀၀၁၆၂၃ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၃၄၄၁၉

STI MYANMAR UNIVERSITY

IN PARTNERSHIP WITH

香港公開大學 THE OPEN UNIVERSITY OF HONG KONG

University of Bedfordshire

# 11TH GRADUATION CEREMONY



## CHIEF GUEST

**Bill Rammell**
Vice Chancellor
*University of Bedfordshire (UK)*

## GRADUATING STUDENTS

BA (Hons) Business Administration
BBA in Management
Advanced Diploma
Diploma
Foundation Certificate

## AWARDS

**Platinum Award: Student of the Year 2015, 2016 & 2017**
**Mg Thant Naing Tun, BBA in Management**

BA (Hons) Business Administration
BBA in Management
BA (Hons) Accounting Candidates
BEng (Hons) Architectural Engineering Candidates
BEng (Hons) Civil Engineering Candidates
BEng (Hons) Civil Architectural Engineering Candidates
BEng (Hons) Electronic Engineering Candidates

**Open to Distinguished Guests, Graduates & Parents**

*Date & Time:* 4th February 2018. 10 am to 1 pm

*Venue:* LOTTE Hotel, Yangon

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/1031 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈/၈၄၇၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်းရုံး အမှတ်(၇)၊ ဆိုင်ခန်းအမှတ်(၁၀)အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရှမ်းစုအုပ်စု၊ တန်လှကျေးရွာနေ ဦးနေဝင်း ၉/လဝန(နိုင်)၀၂၁၀၃၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးနေဝင်းကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူနေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရှမ်းစုအုပ်စု၊ ကန်လှကျေးရွာနေ ဒေါ်သန်းညွန့် ၉/လဝန(နိုင်)၀၂၁၀၂၄ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့လှရပ်ကွက် အိမ်အမှတ်(၈/၉)နေ ဦးဘိုဝင်း-(ဒေါ်တင်ငွေ)တို့၏သား ဦးဝင်းလှိုင် KLO-၁၀၅၇၀၁ သည် မိဘများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီးခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စများအား လုံးဝ (လုံးဝ) တာဝန်မယူပါ။
**ဦးဘိုဝင်း**

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးသန်းမောင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ရွာ၊ အထကမှ အလယ်တန်းပြဆရာ ဦးမောင်ကံနှင့် ဦးမောင်ကန် ၅/ကလထ(နိုင်)၀၅၁၅၈၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ကံ(ခ)ဦးမောင်ကန်**

**ဥတုရာသီ တောကိုမှီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယကာကြီး

### ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် ၃နေ ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၁-၁-၂၀၁၈ရက် ည ၉း၄၀နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသာဦး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယကာကြီး

### ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် ၃နေ ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၁-၁-၂၀၁၈ရက် ည ၉း၄၀နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

အသက်(၆၄)နှစ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၊ ပါမောက္ခ(ငြိမ်း)ဒေါ်ရှီလာနန်တောင် အသက်(၆၄)နှစ်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းရင်းသားရေးရာကော်မတီ**
**အမျိုးသားလွှတ်တော်**

## အထူးကျေးဇူးတင်ရှိခြင်း

၁၄-၁-၂၀၁၈ရက် ဆော်ဒီအာရေဗျနိုင်ငံ ဒေသစံတော်ချိန် နံနက် ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသော ဦးအောင်ကြည်(ခ)STEPHEN AUNG KYI DAVID အသက်(၅၄)နှစ် သံမှူးကြီး၊ မြန်မာသံရုံး၊ ရီယာဒ်မြို့၏ နာရေးကိစ္စကို ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ၊ နာရေးကိစ္စအတွက် အစစအရာရာ ကူညီပေးပါသော မြန်မာသံရုံး၊ ရီယာဒ်မြို့မှ သံအမတ်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ၊ မြန်မာသံရုံး၊ တိုကျိုမြို့မှ သံအမတ်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ တောင်ဒဂုံ-သန့်ရှင်းသော အပြစ်မဲ့ ကလေးများဘုရားကျောင်းမှ ဘုန်းတော် ကြီးများနှင့် သာသနာပြုအဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းကြသော မိတ်ဆွေအပေါင်းအသင်းများ၊ လိုက်ပါပို့ဆောင်သူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးတင်လွှာ

၂၇-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးမျိုးသန့် အသက်(၅၈)နှစ်၏ ကွယ်လွန်ချိန်မှစ၍ ရက်လည်ဆွမ်းကျွေးသည့်အထိ အဘက်ဘက်မှဝိုင်းဝန်းကူညီ နှစ်သိမ့်အားပေးခဲ့ကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ အကြီးအကဲများ၊ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိတ်ဆွေအပေါင်းတို့အား လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်စိုးဝင်း

**B.E (Mech 7967)**

**အကြံပေးအရာရှိ၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၂)**

**Advisor, Kyaw Enterprise**

အသက်(၇၈)နှစ်

ဖြူးမြို့နေ (ဦးကြင်မောင်-ဒေါ်တင်တင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈မိုင်၊ ဇေယျာခေမာလမ်း၊ အမှတ် ၆၄(L)နေ (ဦးယီမဏီးဆမ်-ဒေါ်မိမိလေး)တို့၏သားသမက်၊ ဒေါက်တာစိန်ဝင်း-ဒေါက်တာအေးအေး၊ ဦးမျိုးဝင်း-ဒေါ်ခင်အေးယီ၊ ဦးထူးယီ-ဒေါ်သင်းသင်းအောင်၊ ဦးဆန်းယီ-ဒေါ်မူမူသင်းစီတို့၏အစ်ကို၊ ဒေါ် Suzanne ခင်လေးယီ(ခ)နန်းဝန်းပန်၏ ခင်ပွန်း၊ စိုင်းလုံးကျော်မဏီးဆမ်(ခ)လင်းထွန်းအောင်၊ မဟန်စုယဉ်၏ချစ်လှစွာသောဖခင်၊ ခမ်းထာနီမဏီးဆမ်၊ ကမ်စစ်ပိုင်မဏီးဆမ်တို့၏အဘိုးသည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဌေးခိုင် အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၈၈၊ မြေညီထပ်နေ ဦးဖိုးသွယ်-ဒေါ်ငွေခိုင်တို့၏သား၊ ဒေါ်ဝင်းပပလင်း၏ခင်ပွန်း၊ မစုရတီလင်း၊ မောင်စိုးစံလင်းတို့၏ဖခင်၊ ဒေါ်ဌေးဌေးသွယ်၏မောင်၊ ဒေါ်ဌေးအေးမူ၏အစ်ကိုသည် ၁-၂-၂၀၁၈ရက် ညနေ ၄နာရီတွင်(ခုတင်-၅၀၀) ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးသန်း အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၃၄(စီ) (ပထမထပ်)နေ (ဦးဟန်စိန်-ဒေါ်ချိုက်ကင်)တို့၏သမီး၊ (ဦးအောင်သာ-ဒေါ်လုံ)တို့၏သမီးချွေးမ၊ ဦးကျော်ညွန့်-၃ (ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ တရားရေးဌာန)၏ဇနီး၊ ဦးသန်းဌေးညွန့်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)-ဒေါ်စန်းစန်းရီ(စာရင်းစစ်၊ ငြိမ်း)၊ ဦးဝင်းဌေးညွန့်(MD, Super Success Co.,Ltd.)-ဒေါ်ခင်သန်းဦး(Managing Partner, Royal Treasure Audit Firm)၊ ဦးလှိုင်မြင့်ကျော်(Super Success Co.,Ltd.)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂-၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဝင်း အသက်(၉၀)

**(ငွေခြင်းလုံး၊ ဟင်္သာတ)**

ဟင်္သာတမြို့၊ တရုတ်ကျောင်းလမ်းနေ (ဦးစွန်းနား-ဒေါ်ဝန်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၆၄၊ မြေညီထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးအနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှကြိုင်၊ ငွေခြင်းလုံး)၏ဇနီး၊ (ဦးဟုတ်ကြောင်-ဒေါ်အုန်းကြည်)၊ (ဦးရွှေ)-ဒေါ်ပြုံးတို့၏ညီမ၊ ဒုတိယဗိုလ်မှူးကြီးဇော်လင်း(ရေ၊ ငြိမ်း)-ဒေါ်လှိုင်လှိုင်မြင့်၊ ဦးဌေးလွင်-ဒေါ်ကြင်နွဲ့၊ ဦးကြည်လွင်-ဒေါ်ကယ်ရီ(ကနေဒါ)၊ ဦးမောင်မောင်အုန်း-ဒေါ်အေးအေးကြိုင်၊ ဦးသက်ဦး-ဒေါ်ခင်ခင်ကြူတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဝင်း အသက်(၉၀)

**(ငွေခြင်းလုံး၊ ဟင်္သာတ)**

ဟင်္သာတမြို့၊ တရုတ်ကျောင်းလမ်းနေ (ဦးစွန်းနား-ဒေါ်ဝန်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၆၄၊ မြေညီထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးအနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှကြိုင်၊ ငွေခြင်းလုံး)၏ဇနီး၊ ဒေါ်ယမင်းလှိုင်လှိုင်ဇော်၊ ဗိုလ်မှူးကျော်ဇေလွင်-ဒေါ်နှင်းဖြူလင်း၊ ဦးဇော်ဖြိုးလင်း၊ ဒေါ်နန္ဒာယမင်း၊ ဒေါ်ဝတ်ရည်လင်း၊ ကိုလင်းနိုင်ဦး(စင်ကာပူ)၊ ဒေါက်တာမေသင်းလှိုင်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ကိုလွင်ထူးကို၊ ကိုကျော်လင်းသက်၊ ကိုဝေလင်းဖြိုး-မဖူးပွင့်ခိုင်၊ မဖြူနှင်းခိုင်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းရွှေ အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းလမ်း၊ အမှတ် ၉၂ (မြေညီ-အေ)နေ(ဦးဝင်းကြည်)၏ဇနီး၊ ဒေါ်စန်းမြင့်ထွန်း(MD ရွှေရောင်လက်ဆောက်လုပ်ရေးကုမ္ပဏီ)၏အစ်မ၊ ဗိုလ်မှူးကြီးကျော်ဝင်းတင်-ဒေါ်သက်သက်ဦး၊ ဦးသက်နိုင်-ဒေါ်အေးမြတ်သူအောင်တို့၏မိခင်၊ ကိုထက်နိုင်ဝင်း(Sky Net)၊ မောင်ဟိန်းထက်ဝင်း(5th Years, McE, WYTU)၊ မသက်ထားရွှေစင်၊ မထက်ထက်အဋ္ဌလီတို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၁၈ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်စန်းဝင်း(သီရိမင်္ဂလာဈေး) အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၇၂နေ(ဦးသိုက်-ဒေါ်သောင်းရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ်(၇၅/၇၇)နေ (မစန်းဝင်း-မောင်တင်သန်း)၊ မောင်ဆန်းမြင့်၊ မောင်ခင်မောင်ဦးတို့၏ မွေးစားမိခင်၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာ (၄)ရပ်ကွက်နေ မောင်မြင့်သိန်း-မသန်းသန်းဦးတို့၏အစ်မ၊ တူ၊ တူမ နှစ်ယောက်တို့၏အဒေါ်သည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညိုညိုဝင်း (လမ်းမတော်)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၄)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၁၀၉၅နေ ဦးမြင့်ရွှေ၏ဇနီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ(ဦးရ-ဒေါ်ဝင်းကြည်)တို့၏သမီး၊ ကိုကြည်လင်းဦး-မဖြူဖြူလင်း၊ မညိုညိုသိမ့်-ကိုအောင်ဖြိုးမင်း၊ ဗိုလ်ကြီးသန်းဇော်ဦး-မမေနွယ်ဖူးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ည ၁၀း၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြို့သစ်နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသန်းထွဋ်(ခ)ကိုရိုး(ခ)ပေါက်စ အသက်(၅၉)နှစ်

**မြန်မာ့မီးရထား၊ ယာဉ်မောင်း(ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ကံ့ကော်(၁)လမ်း၊ အမှတ် ၇၂၀နေ(ဦးတင်ညွန့်-ဒေါ်ခင်ရီ)၊ (ဦးတင်ကြွယ်-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဦးဝင်းမျိုး-ဒေါ်တိုးတိုးရီ၊ ဦးအောင်ခိုင်-ဒေါ်အေးအေးရီ၊ ဦးသီဟချစ်-ဒေါ်သန်းသန်းရီတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်စန်း၊ ဦးစံမြင့်၊ ဦးဝင်းထိန်၊ ဒေါ်မြင့်မြင့်ချို၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ဝေ၊ ဒေါ်တင်တင်မြင့်တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ မောင်ဖြိုးမောင်မောင်-မဇင်သူအောင်၊ မောင်အေးမင်းဇော်-မသန္တာထွဋ်အောင်၊ မနှင်းယမုံမြင့်တို့၏ဖခင်၊ မောင်မြတ်သုတမောင်၏အဘိုးသည် ၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၀၀း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဖေ (စစ်တွေ)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်လမ်း၊ ကျီတော်ရပ်ကွက်၊ တိုက် ၃၊ အခန်း ၀၀၃၊ မြေညီထပ်နေ (ဦးဘိုးတင့်လှိုင်-ဒေါ်ပျော့)တို့၏ သား၊ ဒေါ်ခင်ဝင်းကြည်၏ခင်ပွန်း၊ (ဦးကျော်ညွန့်)၊ (ဒေါ်သန်းကြွယ်-ဦးမောင်ထွန်းကျော်)၊(ဒေါ်စိန်ကြွယ်-ဦးစောလှအောင်)တို့၏မောင်၊ ဒေါ်အေးကြွယ်-ဦးကျော်ထွန်းစံ၊ ဒေါ်စောကြွယ်-(ဦးဝမ်း)တို့၏အစ်ကို၊ Australia နိုင်ငံ Sydney မြို့နေ ဒေါ်နွယ်နွယ်ဦးထွန်း - ဒေါက်တာမြင့်ထွန်း၊ Australia နိုင်ငံ Sydney မြို့နေ ဦးဝင်းဖေ-Su San Pe တို့၏ဖခင်၊ မောင်လမင်းထွန်း၊ မောင်တာရာထွန်း၊ Matthew Pe တို့၏အဘိုးသည် ၂-၂-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဟာဂျီဒေါက်တာဦးတင်မြင့်

**ကထိက၊ ခန္ဓာဗေဒဌာန(ငြိမ်း)**

အသက်(၈၃)နှစ်

မန္တလေးမြို့၊ ၈၃လမ်းနေ ရှေ့နေကြီး (ဦးရာဇာတ်-ဒေါ်ဇိုင်)တို့၏သား၊ ကိုသူရိန်ထွန်း-မတင်မိုးစု (T.R.T Computer Services)၊ ကိုမျိုးတင့်(Circuit World Electronics)တို့၏ဖခင်၊ ၈၃လမ်း၊ ၂၈×၂၉လမ်းကြားနေ ဟာဂျီမဒေါ်ခင်ခင်ကြီး၏ခင်ပွန်းသည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အေရှာနမားဇ်အပြီးတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်(အင်ကြင်း) ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှရီ(ခ)ဦးဖိုးတုတ်

**(ကက-၃၊ စာဖောင်၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ငြိမ်း)**

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (၁၁)လမ်း B၊ တိုက် ၂၇၊ အခန်း ၃၀၃ နေ(ဦးမောင်တင်-ဒေါ်လှရွှေ)တို့၏သား၊ (ဦးကျော်အေး-ဒေါ်ကြည်)တို့၏သားသမက်၊ ဦးမောင်စိုး-ဒေါ်ဥမ္မာ၊(ဦးအောင်ကြွယ်စိုး-ဒေါ်နှင်းနှင်းအေး)၊(ဦးအောင်ကျော်မိုး)၊ ဦးကြည်လွင်-ဒေါ်ခင်မာရီ၊ ကိုမြတ်စိုးအောင်၊ (ကိုကျော်ဇင်လင်း)-မမိမိခင်၊ ကိုသန်းဝင်းဇော် (FUJI Shopping Center) - မခိုင်မင်းအေးတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၂-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင်ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးဉာဏ်လင်းထွဋ်

**C.D.C. 26320**

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၄)ရပ်ကွက်၊အနော်ရထာလမ်း၊ အမှတ် ၁၁၉၈နေ (ဦးစိန်းမောင်-ဒေါ်မြသိန်း)တို့၏သား၊ ဦးရဲထွဋ်တင်-ဒေါက်တာဒေါ်သင်းသင်းနိုင်၊ ဒေါ်စိုးစိုးအေး(ဒု-ထွေ/ဂျာ၊ငြိမ်း၊မြန်မာ့ဂုန်လျှော်လုပ်ငန်း)၊ ဦးနေမျိုးဦး-ဒေါ်ဥမ္မာခိုင်၊ ဒေါ်မော်မော်အေး(ညွှန်မှူး၊ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးရဲလွင်(တိုင်းဥပဒေအရာရှိ၊ ငြိမ်း၊ ဧရာဝတီတိုင်း ဥပဒေချုပ်ရုံး)-(ဒေါ်နီနီခိုင်)၊ ဦးရဲထွဋ်(EX. 2/O Wah Taung Shipping Co.,Ltd. Hong Kong)-ဒေါ်တင်တင်မော်၊ ဦးနေမျိုးမြတ်တို့၏မောင်/ညီ၊ ဦးဇော်လင်းထွဋ်-ဒေါ်လွင်ချိုချိုနိုင်တို့၏အစ်ကို၊ ဒေါ်တင်တင်မိုး၏ခင်ပွန်း၊ မမြမြဖူးဖူးမောင်(ခ)ဖူးဖူး(အထက-၃၊ ဒဂုံမြောက်၊Grade-7, D)၏ ဖခင်သည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းမောင်(ခ)ဦးအုန်းကျော် အသက်(၈၈)နှစ်

**တပ်မတော်ဆွယ်တာစက်ရုံ(ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု၊ သစ်ဆိမ့်ကုန်း၊ ချင်းတွင်းလမ်း၊ အမှတ် ၅၃၂နေ(ဦးဝမ်ပို-ဒေါ်တူး)တို့၏သား၊(ဦးဝမ်စိန်-ဒေါ်ကျင်အေး)၊ (ဦးချရာ-ဒေါ်ကျင်မွေး)၊(ဦးတင်ဝင်း-ဒေါ်သိန်းမြင့်)၊(ဦးအောင်သန်း-ဒေါ်မြစိန်)၊ (ဦးမြတ်သူ)-ဒေါ်ယဉ်ထွေးတို့၏အစ်ကို၊ ဦးသိန်းဌေး-ဒေါ်ဌေးဌေးကြည်၊ (ဦးဝင်းအောင်)-ဒေါ်ညွန့်ညွန့်စိန်၊ (ဒေါ်သန်းသန်းဌေး)၊ ဦးတင်ရှိန်-(ဒေါ်ခင်ငြိမ်း)၊ ဦးလှမော်-ဒေါ်ခင်မျိုးသစ်တို့၏ဖခင်၊ တူ၊တူမ ၁၇ယောက်တို့၏ဦးလေး၊ မြေး ၁၂ယောက်၊မြစ် ၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၈ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဝင်းထင်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန**

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပြည်ထောင်စုရိပ်သာ၊ အမှတ် (၇၉-A)နေ ဦးဝင်းထင် (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)သည် ၃၁-၁-၂၀၁၈ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဦးစန်းမြင့်

**ဦး/ရှိ(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ငွေတိုက်စိုးခြံ၊ ပြည်သာယာလမ်းသွယ်(၂)၊ အမှတ် S- ၁၄၂နေ (ဦးမောင်မောင်-ဒေါ်မိမိကြီး)တို့၏သား၊ (ဦးမြသွင်-ဒေါ်စိန်မြ)တို့၏သားသမက်၊ (ဒေါ်ရင်ရင်)၏ခင်ပွန်း၊ (ဦးသိန်းတန်)-ဒေါ်သင်းသင်းမြင့်(အထက-၂၊ သဃ်န်းကျွန်း)၊ ဦးအေးမြင့်-ဒေါ်ချိုချိုမြင့်(ခေတ္တ-ဂျပန်)၊ ဦးအောင်သိန်းထွဋ်-ဒေါ်ဖြူဖြူမြင့်(တည်ဆောက်ရေး-၉၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၊ ဦးတင်ထွတ်-ဒေါ်ခင်စန်းယဉ်(အထက-၃၊ စမ်းချောင်း)၊ ဦးမျိုးမောင်မောင်ဦး-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကိုင်ဇာမုန်

**ဒုအရာခံဗိုလ်(ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန**

အသက်(၆၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နေ(ဦးငူလဲထန်-ဒေါ်ကျင်ဒဗျိုင်း)တို့၏သား၊ ဒေါ်အေးအေးမူ၏ခင်ပွန်း၊ ကိုအောင်မင်းထွေး(နတလဦးစီးဌာန)-မခိုင်ဇင်အေး၊ ကိုအောင်ဆန်းဝင်း-မခိုင်ဇင်ထွေး၊ မောင်ပြည့်စုံဟိန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ (ခုတင်-၁၀၀၀)ဆံ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

### Pi Zen Awi အသက်(၆၅)နှစ်

**Naulak Beh**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Pimpih ကျေးရွာနေ(Pu Ling Thang-Pi Niang Zen)တို့၏သမီးထွေး၊ တီးတိန်မြို့နယ်၊ Laibung ကျေးရွာနေ (Pu Thang Khua Ngin) - Pi Kai Upa တို့၏ချွေးမ၊ (Pu Thang Sian Pau) မြို့နယ်စာရင်းစစ်မှူး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ Pa Thang Suan Mung-Nu Ngun Hlei Sung တို့၏မိခင်၊ Tg. Pau Lian Muang (ပထမနှစ်၊ သစ်တောတက္ကသိုလ်၊ ရေဆင်း)၊ Tg.UK Mun Lian [အဋ္ဌမတန်း၊ အလက-၁၊ အထက(ခွဲ) ကလေးမြို့]၊ Tg. Awi Sian Sang [သတ္တမတန်း၊ အလက(၁)၊ အထက(ခွဲ) ကလေးမြို့]၊ Tg.Kham Bawi Thawng (ဒုတိယတန်း၊ Bethany, အလယ်တန်းကျောင်း၊ ကလေးမြို့)၊ Lia Uap Zun Siam (မူကြို၊ Bethany, အလယ်တန်းကျောင်း၊ ကလေးမြို့)၊ Tg.Joseph Mang Ceu Thang တို့၏အဘွားသည် ၃၁-၁-၂၀၁၈ရက် ည ၁၁နာရီတွင် သျှင်ပါကူဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် တာဟန်း၊ ကလေးမြို့နေအိမ်၌ဝတ်ပြုဆုတောင်းပြီး ဒိုးပိုင်းချောင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဉာဏ်လင်း

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)၊ နေပြည်တော်**

အသက်(၆၄)နှစ်

(ဦးခင်မောင်-ဒေါ်လှတင်)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်ရွှေကျင်)တို့၏သားသမက်၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကွက်သစ်နေ ဒေါ်ဟန်စိန်၏ခင်ပွန်း၊ (ဦးဇော်ဝင်း)-ဒေါ်အေးသန်း၊ ဦးထွန်းအောင်-(ဒေါ်တင်တင်အေး)တို့၏ညီ၊ ဦးကြည်ရှိန်-ဒေါ်ဥမ္မာ၊ (ဦးစိုးသိန်း)-ဒေါ်ခင်အေးမော်တို့၏အစ်ကို၊ ဦးကျော်ဇေလင်း- ဒေါ်နိုင်နိုင်ရွှေ၊ ဦးကျော်လင်းဟန်-ဒေါ်နန္ဒာအောင်၊ ဦးမောင်မောင်သန်းထွေး-ဒေါ်ခင်ချိုချိုဟန်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည်၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက်(စနေနေ့)တွင် ကျွဲကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မနန္ဒာအောင်

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ဝတ်ကျောင်းလမ်း၊ အမှတ် ၂၉နေ ဦးအောင်ဌေး-ဒေါ်ခင်ဖုန်းကြင်တို့၏သမီး၊ ကိုတင်ထွဋ်ဦး-မမာလာခင်၊ ကိုနေမျိုးမင်း-မအေးအေးဆွေ၊ ကိုထွန်းဝင်းမြင့်၊ မသူဇာအောင်တို့၏ညီမ၊ မောင်အာကာသွင်ထူး၏အစ်မ၊ကိုထွန်းထွန်းနိုင်(BAY OF BENGAL, Resort Ygn ရုံးချုပ်)၏ဇနီး၊ မမြသလင်းဖြူ၊ မောင်လရောင်လင်းတို့၏မိခင်သည် ၂-၂-၂၀၁၈ရက် ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# စစ်တွေနှင့်ရွှေမင်းဂံကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ဆပ်ရိုးကျတံတား

## ဆပ်ရိုးကျတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်မည်



**စစ်တွေ ဖေဖော်ဝါရီ ၂**

ဆပ်ရိုးကျတံတားသည် ရခိုင်ပြည်နယ် စစ်တွေမြို့ လမ်းမတော်(မြောက်)ရပ်ကွက် ကူးတို့ဆိပ်နှင့် ကျေးတောကျေးရွာအုပ်စု ရွှေမင်းဂံကျေးရွာတို့ကို ဆက်သွယ်ပေးသော တံတားဖြစ်ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်လမ်းဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတား အထူးအဖွဲ့ (၈) မှ တာဝန်ယူတည်ဆောက်နေသော တံတားဖြစ်သည်။

**အကောင်အထည်ဖော်**

တံတားသည် အရင်အစိုးရလက်ထက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက် ရခိုင်ပြည်နယ်ခရီးစဉ်တွင် ဒေသခံပြည်သူတို့၏ တောင်းဆိုမှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တံတားအမျိုးအစားမှာ သံမဏိ၊ သံပေါင်၊ သံကူကွန်ကရစ်နှင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၁၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆ လက်မ နှင့် စုစုပေါင်းတံတားအကျယ် ၃၁ ပေ ရှိသည်။

အဆိုပါတံတားကို တံတားအထူးအဖွဲ့ (၈)မှတည်ဆောက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ငွေကျပ်သန်း ၅၀၀၀ ဖြစ်ပြီး ယခုအခါ တံတားတစ်စင်းလုံး ၇၅ ရာခိုင်နှုန်းပြီးနေပြီဟု သိရသည်။

**တိုက်ရိုက်ဆက်သွယ်**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တံတားကြီးအား ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်မည်ဖြစ်ပြီး တံတားကြီးပြီးစီးပါက စစ်တွေမြို့နှင့် တစ်ဖက်ကမ်းရှိ ကျေးတောကျေးရွာအုပ်စု ရွှေမင်းဂံကျေးရွာတို့မှာ ကုန်းလမ်း(ကားလမ်း)ခရီးဖြင့် တိုက်ရိုက်ဆက်သွယ် သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

**တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ပထမပိုင်းလေ့ကျင့်**

စာ » ၄

**ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာအနီး ရုပ်အလောင်းများ အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း AP သတင်းဌာန၏ ဖော်ပြချက်နှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး**

စာ » ၁၀

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄)တွင် အသင်းကြီးများ ထိပ်တိုက်တွေ့

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံနေကာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ထိပ်ဆုံးမှ ရတနာပုံအသင်း၊ ရောဝတီအသင်းနှင့် ဒုတိယနေရာမှ ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစား**

ပွဲစဉ် (၄) အဖြစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၃) အပြီးတွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က ကိုးမှတ်စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ GFA၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်၊ ရခိုင်၊ Southern နှင့် ရောဝတီအသင်းက နှစ်မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်နှင့် မြဝတီအသင်းတို့က တစ်မှတ်စီ ရထားသည်။ အသင်းကြီးအချင်းချင်း တွေ့ဆုံသည့်ပွဲများမှာ ထိပ်ဆုံးနေရာကို အပြောင်းအလဲဖြစ်ပေါ်နိုင်သလို သုံးပွဲဆက်အနိုင်ရထားသည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့ အဝေးကွင်းတွင် နိုင်ပွဲဆက်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ရလဒ်ကောင်းများ ရယူထားသည့် ရတနာပုံအသင်းသည် အဝေးကွင်းတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေရာ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက ရတနာပုံနှင့်ပွဲကို အိမ်ကွင်းတွင် မကစားရဘဲ ရန်ကုန်တွင် ပြောင်းလဲကစားခဲ့ရပြီး တစ်ဂိုးစီသရေကျခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ◆




ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်။

# အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ယနေ့နံနက် ၇ နာရီ ၁၈ မိနစ် ၂၄ စက္ကန့်ခန့်တွင် အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းတာရရှိသည်။

အဆိုပါ မြေငလျင်သည် မြစ်ကြီးနား မြေငလျင်စခန်းမှ တောင်ဘက် ၉၃ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း ဗန်းမော်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၂၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ငလျင်လှုပ်မှု အကြိမ်စုစုပေါင်း ၃၂ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **မြန်မာ့အလင်း**




# အမျိုးသမီးလိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၆)တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၆ ❖

